www.burmeseclassic.com

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၄၈၆၆ ၁၂၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၄၂၆၁၂၁၁ |
| မျက်နှာဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်လေးလေးမိ(တနင်္သာရီ စာပေ)<br>အမှတ်-၅၃၊ ဗိုလ်မြေလမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဒေါ်နီနီခိုင် (၀၇၁၃၅)<br>သီရိမေရောင်စုံပုံနှိပ်တိုက်<br>အမှတ်(၁၉)၊ လမ်း(၉၀)၊<br>ကန်တော်ကလေး၊<br>မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | Thirimay Binding |
| ကွန်ပျူတာစာစီ | - | (Asia Glory) |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ<br>(ပထမအကြိမ်) |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

ရ၉၅ ● ၈၃

မူပိုင်နှင်းဆီ

ဘူဇွာဟိုတယ် / မူပိုင်နှင်းဆီ - ရန်ကုန်

တနင်္သာရီ စာပေ၊ ၂၀၁၂ ဖေဖော်ဝါရီလ

၂၁၁ စာ၊ အလျား ၁၂ ● ၇ စင်တီ၊ အမြင့် ၁၇ ● ၇၈ စင်တီ

(၁) ဘူဇွာဟိုတယ်


# Buzwa Hotel
## ဘူဇွာဟိုတယ်

နာမည်ကြီးတာနှင့်တင် ကျော်ချမ်းချင်စရာကြီးပါ. . .

လူပြောသူပြော များကြတာက. . ဒီဟိုတယ် အမည်နဲ့ ဒီဟိုတယ်ပိုင်ရှင်ရဲ့စိတ်ဓာတ်က တစ်ထပ်တည်းကျတယ်. . တဲ့။

အရင်းရှင်စနစ်နဲ့ ဘူဇွာလူတန်းစားတွေလိုပဲ ဦးလန်ချက်ရဲ့စိတ်ဓာတ်က အရင်းရှင်ဆန်သည်။

ကိုယ့်တစ်ဖို့တည်းကိုသာ ကြည့်တတ်သည်။

မိသားစုအပေါ်မှာလည်း ဟစ်တလာလို အမိန့်ပေးပြီး ဆက်ဆံတတ်သူ ဖြစ်သည်။

သူ့အမိန့်အာဏာ ဘယ်လောက်ထိ ပြင်းသလဲ ဆိုတော့

*ဆောင်းညပြာသီစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ဒီဟိုတယ်မှာ ရှိရှိသမျှဝန်ထမ်းတွေ အားလုံးဟာ သူ့မိန်းမတွေနဲ့ သူ့ကလေးတွေချည်းပဲ။

ဦးလန်ချက်ရဲ့ပထမမဟေသီ ရာထူးကြီးကြီး ရထားသူက ဒေါ်ပတ္တမြား။ (သူ့ရဲ့နာမည်ပြောင်က ဒေါ်မှုန်ကုပ်)

ဦးလန်ချက်က ဒေါ်ပတ္တမြားရဲ့ ကုန်ထုတ်စက်ရုံမှာ ဂွမ်းဆီ၊ နှမ်းဆီနဲ့ နေကြာ. . လို့ ခေါ်တဲ့ သားသမီးသုံးယောက်ကို ထုတ်ပါတယ်။

ဂွမ်းဆီနဲ့နှမ်းဆီက နှစ်နှစ်ကြီး နှစ်နှစ်ငယ် ညီအစ်ကိုတွေ ဖြစ်ပြီး အစ်ကိုဖြစ်သူက ပေါပေါ၊ ညီဖြစ်သူက ခေါခေါပင်။

နှမ်းဆီရဲ့ ရှေ့သွားတွေက မဆိုစလောက်လေး ခေါနေသည်။(အုန်းသီးလောက်တော့ အသာလေးခြစ်လို့ရလောက်သည်)

သူတို့ရဲ့ညီမလေးနေကြာက ရုပ်အခံလေး လှသည်။ ချစ်စရာကောင်းသည်။ ဆွဲဆောင်မှုရှိသည်။

အဲဒီတော့. . သူတို့ကို ယောက်ဖ ခေါ်တဲ့သူတွေ များတာဘာဆန်းလို့လဲ။

နောက်ပြီး နေကြာက အဖေဖြစ်သူရဲ့စီးပွားရေးကို မျက်နှာလေးတစ်ကွင်းနဲ့တင် ဖြည့်ဆည်းပေးနေတာ။

သူ့ကြောင့် ဒီဟိုတယ်မှာလာတည်းပြီး မပြန်နိုင်ဘဲ သောင်





တင်နေတဲ့သူတွေက ၅၀ %လောက် ရှိသည်။ ဒါကို သူ့အဖေက သည်း သိပုံရသည်။

သဟောက်သဟ လုပ်ပြီး ဝေါက်ငမ်းခံရတဲ့အထဲမှာ နေကြာတစ်ယောက်သာ စက်ကွင်းလွတ်သည်။

ဦးလန်ချက်ရဲ့နံပါတ်နှစ်က ဒေါ်ကေသီတု(နာမည်ပြောင်က ဖွာဖွာ)။

စကားဖွာလွန်းသည်။ လျှို့ဝှက်ချက် မှန်သမျှ သူ့ရှေ့မှာ သွားပြော အကုန်ပေါက်ကြားစေရမည်။ ပိုပိုသာသာလေးတောင် ဆည့်ပြောတတ်သေးတာ။

သူနဲ့ကျတော့ သားသမီးက သုံးယောက် ရသည်။

အမွှာတစ်စုံပါပြီး နာမည်က ဖျံ့ဒူးနဲ့ ဂန်ဒူး။ သိပ်ချစ်ကြတဲ့ ညီအစ်ကိုတွေပေါ့။ တစ်နေ့မှာ အကြိမ်နှစ်ဆယ်လောက် ဖက်လုံးနေကြတာ။

အငယ်ဆုံးညီမလေးက ပြာပြာ. . တဲ့။

Gene ပါလာတော့ သူလေးကလည်း သူ့အမေသွေး ပါပြီး ဇပ်စုသည်။ ဝါဒဖြန့်သည်။

ဦးလန်ချက်မှာ သနားတတ်တဲ့ စိတ်ကလေးတော့ ရှိသေးသည်ဟုဆိုရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြောက မိန်းမတွေမှာ အားကိုးအားထား ပြုစရာ ယောကျ်ားသားလိုနေလို့ သနားလို့ သူက ကယ်တင်စောင့်ရှောက်ထားတာဆိုပဲ။

တော်သေးတာပေါ့. . နံပါတ်သုံးမှာတင် ဂိတ်ဆုံးလို့။

နောက်ဆုံးပိတ် အိတ်နဲ့လွယ်ထားရတဲ့ မိန်းမက လေးလေးမူ. . တဲ့။

ဦးလန်ချက်နဲ့ဆို ဆယ်နှစ်တိတိ ကွာသည်။ ခုမှ အသက်လေးဆယ်ပဲ ရှိသေးတာ။

ဒီမိန်းမကိုယူတုန်းက အသက်ဆယ့်ရှစ်နှစ်ပဲ ရှိဦးမှာ။

ခုဆို သူ့သားအကြီးကောင်က အသက်နှစ်ဆယ်ကျော်. . မော်ဒယ်ဘွိုင်းရုပ်နဲ့ နာမည်က မိုးစက်ညို။

အလတ်မလေးက နွယ်သာကီ။

သူက ဆတ်ကော့လတ်ကော့မ။

အားလုံးထဲမှာ အကဲဆုံးပင်။

အငယ်ဆုံးကောင်လေးက ဖက်တီး။ (အသက် ဆယ့်တစ်နှစ်မှာ ပေါင်၁၅၀ကျော် ရှိတာကိုး။)

ပြန်ပြီး ကောက်ချက်ဆွဲရမယ်ဆိုရင်. . .

ဦးလန်ချက်မှာ အိမ်ထောင် သုံးဆက်ရှိပြီး တစ်ယောက်





ချင်းစီမှာ သားသမီး သုံးယောက်စီရှိကြသည်။ သုံးဂဏန်းကို တော်တော်တန်ဖိုးထားတာပဲ။

တူညီချက်တစ်ခုက ဘယ်အိမ်ထောင်မှာမဆို သား နှစ်ယောက်၊ သမီးတစ်ယောက်စီပဲ ထွက်သည်။

အားလုံးကို တန်းတူညီတူ တန်ဖိုးထားတဲ့သဘောပေါ့။

ဦးလန်ချက်ရဲ့ အင်ပါယာကြီး ဘယ်လောက်တောင် အင်အားကြီးသလဲဆို. . မိသားစုဝင်အားလုံး ဆယ့်သုံးယောက်တောင် ရှိတာပဲ။

အဲဒီတော့. . ဘူဇွာဟိုတယ်မှာ ဝန်ထမ်း မလိုတော့တာ သဘာဝကျပါသည်။

ဦးလန်ချက်မိန်းမ သုံးယောက်က အသက်တွေ မတိမ်းမယိမ်းရှိကြသလို. .

သားသမီးတွေကလည်း တချို့ဆို တစ်နှစ်ထဲမှာ ပြိုင်ပြီး မွေးထားကြတာ။

လိုအပ်ရင်လိုအပ်သလို တစ်ပတ်တစ်ကြိမ် meetingထိုင်သည်။

အရေးပေါ်အခြေနေဆို ချက်ချင်းmeetingခေါ်ပစ်လိုက်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ-သူ့မယားသုံးယောက် ဖက်ကိုက်တဲ့အခါ၊ သူ့သားသမီးတွေ နပန်းလုံးတဲ့အခါမျိုးပေါ့။

ဆိုင် မဆိုင်တော့ မသိဘူး. . .

ကုန်ဈေးနှုန်းတက်ရင်လည်း အစည်းအဝေးခေါ်တာပဲ။

◆

ဘူဇွာဟိုတယ်ဝင်းအကျယ်ကြီးထဲမှာ ဘန်ဂလို အလုံးနှစ်ဆယ်ကျော် ရှိသည်။

Family Room, Double Room, Single Room အခန်းပေါင်းစုံရှိသည်။ အခုလို နွေရာသီမျိုးဆို ဟိုတယ်မှာ ဧည့်ကျချိန်ပေါ့။

လျှို်င်းပုတ်သံ တဝုန်းဝုန်းကြားမှာ သောင်ပြင်ပေါ် အားအားယားယားရှိတိုင်း လောင်းကြေးထပ်နေကြတာက ဦးလန်ချက်ရဲ့သားတွေ။

ဂွမ်းဆီက စပြီး -

'ဒီတစ်ခါ ဘာကြေးလောင်းကြမလဲ'

လို့ မေးတော့ နှမ်းဆီက





'ဒီည ငါတို့ဘိုးတော် ဘယ်အခန်းဝင်မလဲဆိုတာ လောင်းမယ်'

အမြွှာနှစ်ကောင်မှာ အကြီးကောင်ဖြစ်သည့်ပျံ့ဒူးက ပညာရှိစတိုင်ဖြင့် သူ့မေးစေ့ သူပွတ်ကာ

'ဒါမျှားကွာ. . အကြားအမြင် သွားမေးရင်တောင် ကြာဦးမယ်၊ မင်းအမေအခန်းလည်းမဟုတ်ဘူး. . ငါတို့အမေအခန်းလည်းမဟုတ်ဘူး. . သိတယ် မဟုတ်လား'

ဂန်ဒူးလို့ ခေါ်တဲ့ ခြောက်တောက်တောက်ကောင်က

'အဟိ. . ဒီညတော့ ဟိုဘွားတော် ထိပြီ'

ဟု ဝမ်းသာအားရဆိုလေသည်။ သူက ဆက်ပြီး

'တို့ပါပါကြီးကတော့ စွံလိုက်တာဟယ်. . . လက်တောင်မလည်ဘူး။ ငါလည်း ပါပါးကို အားကျလိုက်တာ'

နှမ်းဆီက ဂန်ဒူးကို မြင်ပြင်းကတ်ကတ်ဖြင့်

'ဘာလဲ. . နင်လည်း မိန်းမသုံးယောက်လိုချင်လို့လား'

'ဟဲ့. . ငါက မိန်းမယူမလားဟဲ့. . ယောက်ျားပဲယူမှာပေါ့ မသာကောင်ရဲ့'

'ဟဲ့. . ကောင်မ. . နင် မမိုက်ရိုင်းနဲ့နော် စကားပြောတာ လုံးဝဘောင်ကျော်နေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ကျော်တော့ ဘာဖြစ်လဲ. . . ပါးဆွဲရိုက်လိုက်ရ ခေါ်နေတဲ့ သွားတွေ အကုန်ပြုတ်ကျကုန်ဦးမယ်'

'မသာမ. . ဒီလောက်ရွှထနေတာ ဟိုတယ်ကို ကပွဲလီများ မလာလိုက်နဲ့. . သွား သွားပြီးရောနေတာ ငါမသိဘူးများ မှတ်နေလား. . နင့်ကို ပါပါးနဲ့ကို တိုင်ဦးမယ်'

ဂန်ဒူးကလည်း ဆတ်ဆတ်ထိမခံ

'တိုင်ပေါ့. . ငါတို့ပါပါးက သူနဲ့လိုင်းတူတယ်ဆိုပြီး ကျိတ်ဂုဏ်ယူနေမှာ. . ဟွန်း'

သူတို့အကြီးတွေက အကြီးပီပီသသ အချောင်ခိုနေခိုက်မှာ အငယ်ဆုံးဖက်တီးလေးခမျာ ဟိုတယ်ဝင်းကြီးထဲမှာ အမှိုက်တွေလှဲ ကျင်းနေရှာသည်။

နေကြာက သောင်ပြင်ပေါ်သို့ အပြေးကလေးရောက်လာပြီး လာခေါ်သည်။

'အရေးပေါ်. . အရေးပေါ်'

အားလုံးက တညီတညွတ်တည်း ပြန်မေးကြသည်။

'ဘာလဲ. . အစည်းအဝေးခေါ်ပြန်ပြီလား'

'ဟုတ်တယ် ဒီတစ်ခေါက် အစည်းအဝေးက ကြယ်ငါးပွင့်လောက်ပြရမယ်တဲ့. . ပါပါးက ပြောတာပဲ'





'လုပ်ပြန်ပြီ. . တစ်ရက်မှ အေးအေးဆေးဆေး နားရတယ် မရှိဘူး'

ညည်းညူနေတဲ့နှမ်းဆီကို ဂန်ဒူးမက မကျေနပ်ချက် လက်ဘျန်ဖြင့်

'အေးအေးလေး နားချင်ရင်. . နင်သေမှ ရေခဲတိုက်ပို့ပေးထားမယ်'

'သေနာမ. . ငါ ဆောင့်ကန်လိုက်ရ'

နှမ်းဆီ လိုက်လို့ ဂန်ဒူး ပတ်ပြေးပြေးနေရသည်။ ပြေးနေရင်း ဖက်တီးလေးကို တပ်လှန့်သွားသေးသည်။

'ဖက်တီးလေးရေ. . နားတော့. . meeting သွားရမယ် ဟေ့'

♦



www.burmeseclassic.com

www.burmeseclassic.com

## ဘုရှာ meeting

ဦးလန်ချက်က ဘဲဥပုံ စားပွဲရှည်ကြီး၏ ထိပ်ဆုံးတွင်ထိုင်နေသည်။

ကျန်သည့်မိန်းမနှင့်ကလေးတွေက အလျဉ်းသင့်သလို နေရာယူပြီး ဝင်ထိုင်လိုက်ကြသည်။

'အဟမ်း. . အဟမ်း. . ရယ်ဒီ. . ဝမ်း တူး သရီး'

ဒေါ်မှုန်ကုပ်က သူ့လင်ကို လှမ်းပြီး သတိပေးသည်။

'ကိုကိုလန်. . မိုက်မရှိဘဲနဲ့ ဘာတွေ အော်နေတာလဲ'

'ဩော်. . ဟုတ်သားပဲ၊ ပြောချင်ဇောက ကြီးနေတော့. . ကဲ. . ကဲ. . စလိုက်ကြရအောင်. . ပထမဆုံး ဒီလအတွက် နင်တို့အုပ်စုတွေ ကိုယ့်အသုံးစရိတ် ကိုယ် တင်ပြရမယ်. . အဆင်သင့်ဖြစ်ပြီလား'

*ဆောင်းညပြာသိစာပေ*



ဦးလန်ချက်သတ်မှတ်ပေးထားတာက တစ်မိသားစုကို ငါးသိန်း သုံးခွင့်ပေးထားသည်။ သုံးစု ဆိုတော့ ဆယ့်ငါးသိန်း။

အဲဒီထဲမှာ စားစရိတ် မပါ။ စားတာက ဟိုတယ်မှာ ကြိုက်တာ မှာစားလို့ ရသည်။ (ဈေးကြီးတဲ့ ကမာတို့၊ ကျောက်ပုစွန်တို့၊ ကျောက်ငါးတို့ မပါပါ)

'ကဲ. . . ပတ္တမြားတို့အုပ်စုက အရင်စ'

'ဟိုလေ. . ဟို. . ဒီလလေ. . မလောက်ဘူး ကိုကိုလန်ရဲ့၊ လိုငွေ နှစ်သိန်း'

'ဟေ'

ဦးလန်ချက်က စာကြည့်မျက်မှန်ကြီး ကောက်တပ်ပြီး စာရင်းစာရွက်ကို ပြူးပြဲကြည့်သည်။

'ဟာ. . မင်းဟာက မျက်နှာပေါင်းတင်တာက တစ်လကို ငါးကြိမ်၊ မလွန်လွန်းဘူးလား'

'မလွန်ပါဘူး၊ ဒီလိုမှ မတင်ထားရင် တင်းတင်းရင်းရင်းမရှိရင် ဟိုကောင်မတွေက ကြောသွားမှာပေါ့'

'ဆံပင်ကောက်ခက ငါးသောင်း၊ ခြေသည်းလက်သည်းဆိုးတာက တစ်သောင်းခွဲ၊ သောက်ကျိုးနည်း. . အဲဒါ အသုံးမဟုတ်ဘူး အဖြုန်းဖြစ်သွားပြီကွ၊ နားလည်လား'

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



'အို. . မြားပဲ ဖြုန်းတာမဟုတ်ဘူးလေ. . ကိုကိုလန်ရဲ့သား နှစ်ကောင်ကို တစ်လ မုန့်ဖိုးတစ်သိန်းစီ ပေးရသေးတာ'

'တစ်သိန်း. . များတာပေါ့ကွ ငါးသောင်းစီပဲ ပေး၊ ဘာမှ သုံးစားလို့မရတဲ့ကောင်တွေ'

နှိပ်ကွပ်ခံလိုက်ရလို့ ဂွမ်းဆီတို့ညီအစ်ကိုတွေ၏မျက်နှာမှာ လ ငပုပ်ဖမ်းသွားကြသည်။ ကျန်သည့် အကောင်တွေက ပြုံးစိစိဖြင့် ဝိုင်းဟားကြသည်။ နေကြာက ပါးနပ်ပြီး လည်သူမို့. . .

'ပါပါး. . မီးလည်း ငါးသောင်းပဲလားဟင်'

မျက်နှာငယ်လေးနဲ့မေးတော့ ဦးလန်ချက်က

'ငါ့သမီးက အစွမ်းအစရှိတယ်လေ. . ပါပါးရဲ့စီးပွားရေးကို လည်း အထောက်အကူပြုတယ်ဆိုတော့ နှစ်သိန်း ယူလိုက်. . ဟုတ်ပြီလား'

နေကြာမျက်နှာလေး နေရောင်ဆမ်းလို့ လန်းသွားသည်။ နှမ်းဆီက မကျေမနပ်ဖြင့် -

'မျက်နှာလိုက်တာလွန်ရော သားသမီးချင်းအတူတူကိုများ'

ဦးလန်ချက်က ဒေါ်ဖွာဖွာတို့သားအမိကို စာရင်းတင်စေသည်။

'ဖွာတို့လည်း မလောက်ဘူး မောင်ရဲ့၊ သုံးသိန်းပိုသွားတယ်'





'ဘာ. . ရှစ်သိန်းတောင် သုံးလိုက်တယ်ပေါ့. . ဟုတ်လား၊ ပြစမ်း. . ငါကြည့်ဦးမယ်၊ i phoneဝယ်တာက လေးသိန်းခွဲ. . ဖုန်းက လဲပြန်ပြီလားကွ၊ မင်းလဲထားတာ ဘာကြာသေးလို့လဲ'

ဖွာဖွာကလည်း အပြောကောင်းသည်။

'မောင်ရယ်. . ဖွာက ပါးစပ်နဲ့လုပ်စားနေရတာလေ. . . သတင်းပြန်ကြားရေး လုပ်နေရတာ မဟုတ်လား. . လူမြင်သူမြင် ကောင်းအောင် ကိုင်ရတာပေါ့. . ဟုတ်ဘူးလား'

ဒေါ်ဖွာဖွာရဲ့သမီး ပြာပြာက

'ပါပါး. . သမီးလည်း မုန့်ဖိုးနှစ်သိန်း လိုချင်တယ်'

'တော်. . တိတ်. . နှစ်သိန်း လိုချင်ရအောင် ဒီဟိုတယ်မှာ နင်လုပ်ပေးတာ ဘာများရှိလို့လဲ. . နေကြာ့ကို သွားမတုနဲ့'

'သိပါတယ်. . သိပါတယ်. . သမီး အခု Secretaryသင်တန်းတက်နေတယ်။ အဆင်ပြေသွားရင် Boss နဲ့ ငြိပြီး. . တစ်လ သိန်းနှစ်ဆယ်ဆိုလည်း အသာလေးရမှာ'

ကျန်တဲ့သားသမီးတွေ ပြာပြာ့ကို ဝိုင်းလှောင်ကြသည်။

'ရည်ရွယ်ချက်က ကြီးပ'

ဂန်ဒူးလည်း စိတ်ပါလာပုံရသည်။

'ပါပါး. . များကိုလည်း သိန်းတစ်ရာထုတ်ပေး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလုပ်ဦးမလို့လဲ'

'ယိုးဒယားသွားပြီး ဘဝပြောင်းမလို့၊ ပြီးရင် ပြာပြာနဲ့အတူတူ သင်တန်းလိုက်တက်မလို့. . အဟိ'

ဦးလန်ချက်က သားတော်မောင် ဂန်ဒူးကို အနားမှာ ရှိသည့် ဝေါလက်ဖြင့် ကောက်ပေါက်ပစ်လိုက်သည်။

'အတော် နန့်ချင်တဲ့ အကောင်၊ ကေသိ. . အဲဒီကောင်ကို နင် မထိန်းနိုင်တော့ဘူးလား ငါလုပ်မိလိမ့်မယ်နော်'

ဂန်ဒူး ခံလိုက်ရတော့ ကျန်တဲ့ ကောင်တွေက ဝမ်းသာကြသည်။ သူတို့မိသားစုတွေက အဲသလို စည်းလုံးကြတာ။ တစ်သွေးတည်း ညီကြတာမှ မဟုတ်တာ။ သွေးတွေက အရောရောနှောနှောနေလေတော့ ထိရင် မီးပွင့်မယ် ဖြစ်ကုန်ရော. .

'ကဲ. . ကိုယ့်လေဒီလေးကရော ဒီလ ဘယ်လောက် သုံးလိုက်သလဲ'

ဇနီးအငယ်ဆုံးလေးက မျက်နှာကို ရုပ်ရှင်မင်းသမီးတွေ ပြုံးသလို ပြုံးလိုက်ပြီး ရုပ်ရှင်မင်းသားကျော်ဟိန်းလို လက်ဆယ်ချောင်း ထောင်ပြလေသည်။

ဆယ်နှစ်တော့ မဟုတ်တန်ရာ။ ဆယ်သိန်းကို ဆိုလိုခြင်းဖြစ်လေသည်။

*ဆောင်းညပြာသိစာပေ*



မေမေကြီးနှင့်မေမေလတ် မျက်စောင်းကြီးချိုပြီး ကြည့်နေကြသည်။ ဟိုဘိုးတော် ဘာများပြောမလဲပေါ့။

'ဩော်. . ဟုတ်ပြီ. . ဟုတ်ပြီ၊ ငါ့မိန်းမ စိတ်ကြိုက်သာသုံး စိတ်ချမ်းသာရင် ပြီးတာပဲနော်'

အဲဒီအသံလည်း ထွက်လာရော ကျန်မိန်းမနှစ်ယောက်က

'ကိုကိုလန်'

'မောင်နော်'

'ဒါတော့ လုံးဝမတရားဘူး၊ မိန်းမချင်းအတူတူ သူက တစ်လုံးပိုရှူ. . အဲဒွေ့. . ငါးသိန်းပိုသုံးတာ လုံးဝ မဖြစ်သင့်ဘူး'

ဦးလန်ချက်က လေသံခပ်မာမာဖြင့်

'ဖြစ်သင့်တယ်. . သူက ငါ့ရဲ့လာဘ်ကောင်လေး။ သူနဲ့ယူပြီးမှ ငါ့စီးပွား ပိုတက်လာတာ သုံးပစေပေါ့'

မိုးစက်ညိုတို့မောင်နှမတွေက လွဲလို့ ကျန်သားသမီးတွေက တိုးတိုး. . တိုးတိုးဖြင့်

'ပေးသုံးမှာပေါ့. . . သူက ဒီည အဲဒီအဆောင်ကို ကြွမြန်းမှာကိုး'

'ဟုတ်ပ. . ညစာအဖြစ်ခံရမှာကို ကြောက်နေတာ'

'အမြဲဘက်လိုက်တယ်. . ဟွန်း'

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



'တော်ပြီ. . တိတ်ကြ. . နင်တို့ကို ဒီနေ့ခေါ်ရတဲ့ အဓိက အကြောင်းရင်းက ဒီအပတ်ထဲမှာ ကားတစ်စီးဝင်လာဖို့ရှိတယ်. . လူလေးဆယ်ကျော်ပါလာမယ်။ အကောင်းဆုံးဝန်ဆောင်မှုပေးကြ။ နင်တို့အားလုံးကို ငါတာဝန်ခွဲပေးမယ်. . နားထောင်ကြ'

ဦးလန်ချက် ခွဲပေးတဲ့ တာဝန်နဲ့လူစာရင်းကို ပြန်ပြီး တွဲပြရရင် -

| | | |
|---|---|---|
| ၁။ ဒေါ်မှုန်ကုပ် | - | စားဖိုမှူး |
| ၂။ ဒေါ်ဖွာဖွာ | - | လက်ထောက်စားဖိုမှူး |
| ၃။ ငွမ်းဆီ | - | Family Room အားလုံး သန့်ရှင်းရေးလုပ်ရန် |
| ၄။ နှမ်းဆီ | - | Double Room သန့်ရှင်းရေး |
| ၅။ ပျံ့ဒူး | - | Single Room သန့်ရှင်းရေး |
| ၆။ ဂန်ဒူး | - | waiter |
| ၇။ မိုးစက်ညို | - | မန်နေဂျာ |
| ၈။ နေကြာ | - | ကောင်တာမှာ အလှဆုံးပြင်ပြီးထိုင်ရန် |
| ၉။ ပြာပြာ | - | ပန်းကန်ဆေး |
| ၁၀။နွယ်သာကီ | - | ဟိုတယ်ဝင်းထဲမှာ ဆတ်ကော့လတ်ကော့ဖြင့် ဟန်ရေးပြရန် |





| | | |
|---|---|---|
| ၁၁။ ဖက်တီး | - | အမှိုက်လှဲရန် |

ဆယ့်နှစ်ယောက်မှာ တစ်ယောက်လိုနေသည်မို့ အားလုံးက သိချင်စိတ်ဖြင့် ဝိုင်းမေးကြသည်။

'မေမေလေးက ဘာလို့မပါတာလဲ၊ ထမင်းစားတဲ့အထဲမှာ သူလည်း ပါတာပဲ'

သူတို့မှာ အမေးရှိသလို ဦးလန်ချက်မှာလည်း အဖြေကရှိပြီးသား. .

'သူ့မှာလည်း တာဝန်ရှိတယ်။ သူ့တာဝန်က ငါ့ကိုပြုစုဖို့ ပါပဲ. . ဘာမေးစရာရှိသေးလဲ. . မရှိရင် သွားကြတော့. . ငါ မျက်စိ နောက်လာပြီ'

'ဟွန်း. . . ခေါ်တုန်းက သူပဲ ခေါ်ပြီး'

'ဟုတ်ပ. . အမျိုးမျိုးပြောနေတယ်'

'စိတ်မှန့်သေးရဲ့လား မသိဘူး'

♦



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့မှာ သူတို့အားလုံး မျှော်လင့်စောင့်စားနေကြသော Expressကားကြီး ဟိုတယ်ဝင်းထဲသို့ ချိုးကွေ့ဝင်လာပါပြီ။

အားလုံးရဲ့မျက်လုံးတွေက မျှော်လင့်ချက်ကိုယ်စီဖြင့် ကားပေါ်မှဆင်းလာမည့်သူတွေကို ရှုစားတော်မူနေကြသည်။

ပထမဆုံးဆင်းလာသည့် ကောင်လေးက ခပ်ဖြောင့်ဖြောင့်ဆိုတော့ ဂန်ဒူးက ခြေကို ဆောင့်ဆောင့်ပြီး ဝမ်းသာနေသည်။

'ဟယ့် . . အလန်းဇယားလေးတော့ ဝွင်ပျက်ခံလို့မဖြစ်ဘူး အဟိ'

ရှပ်ချင်းဆင်ပြီး စိတ်ဓာတ်ချင်းကွဲသော ပျံ့ဒူးက နှာခေါင်းကို ရှုံ့လိုက်ပြီး

'မျိုးတူချင်းများ စိတ်ဝင်စားရတယ်လို့ . . ထွီ'

ဂွမ်းဆီနှင့် နှမ်းဆီက ဒူးတဲ့အထဲမှာ မပါတော့ နောက်မှ





ဆင်းလာသည့် ကောင်မလေးတစ်သိုက်ကို ငမ်းကြောထူနေကြသည်။

'ဘောင်းဘီက တိုတိုလေးကွ၊ ပေါင်တံလေးကို ဖွေးနေတာပဲ'

နောက်ထပ်ဆင်းလာသည့် တစ်ယောက်ကို အတွေ့မှာတော့ အားလုံးအံ့ဩသွားကြသည်။

နေကာမျက်မှန်လေးကို အပေါ်သို့ ပင့်တင်လိုက်မှ ဒါဟာကြော်ငြာမင်းသမီးလေး 'စမ်းရေကြည်'ဆိုတာ ပိုပြီး သေချာသွားတော့သည်။ မိုးစက်ညိုက သတိမထားမိဘဲ ကိုယ့်ဧည့်သည်ကို အိမ်ရှင်တစ်ယောက်က ဧည့်ဝတ်ကျေသည့်ပုံစံမျိုးဖြင့်

'ညီမ အအေးသုံးဆောင်ပါဦး၊ ညီမတို့အုပ်စုက ငါးယောက်နော် . . တစ်ခန်းတည်း နေမှာလား၊ ဒါမှမဟုတ် နှစ်ခန်း ထားပေးရမှာလား'

စမ်းရေက အရှေ့မှာဝဲကျနေသောဆံနွယ်တွေကို နောက်သို့ပို့လိုက်ပြီး ပါးချိုင့်ကလေးပေါ်အောင်ပြုံးကာ

'ရပါတယ် . . စမ်းရေတို့ Family Room ပဲ ယူပါ့မယ်'

'မီးတို့က သရဲကြောက်တတ်တယ် ကိုကြီးရဲ့ . . ခစ် ခစ်'

အကြောက်အလန့် မရှိ။ ခုမှတွေ့သည့်သူကို ဘော်ဘော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လိုဆက်ဆံနေတဲ့ ကောင်မလေးတွေ. . ကိုယ့်ညီမ နွယ်သာကီနှင့် လိုင်းတူနေပြန်ပြီ။

ပစ္စည်းတွေသယ်ရင်း အနားရောက်လာသော ဂွမ်းဆီက

'ဒီဟိုတယ်မှာ သရဲမရှိပါဘူး ညီမလေးရဲ့ ဝိညာဉ်ပဲရှိတာ'

'ရှင်. . ရှင်. . တကယ်ပြောတာလား'

'တကယ်ပေါ့ ဒီကနေကြည့်လိုက်. . ကိုးအစွန်ဆုံးက ဘန်ဂလို အဝါရောင်လေးလေ. . အဲဒီမှာ တိုးရစ်ကြီး သေ. . သေ'

မိုးစက်က ဂွမ်းဆီ၏ပါးစပ်ကို လက်ဖြင့် အတင်းပိတ်ထားလိုက်ပြီး

'အလကားပြောတာ. . သူက ဒီလိုပဲ. . ဒါ. . ဒါလေ'

ကျန်လက်တစ်ဖက်က ခေါင်းကို လက်ညှိုးဖြင့် ထိုးပြပြီး ဂေါက်နေတာဟုလုပ်ပြလိုက်သည်။ အဲဒီတော့မှ ကောင်မလေးတွေ သက်ပြင်းချနိုင်တော့သည်။

ဒါတောင်. . . ထိုဘန်ဂလိုနှင့်ဝေးဝေးမှာ ထားပေးပါဟု တောင်းဆိုကြသေးသည်။

မိုးစက် စိတ်ထဲမှာ ပါးချိုင့်နှင့်ကောင်မလေးကို ကြည့်ပြီး ဇဝေဇဝါဖြစ်နေသည်။

ဘယ်မှာမြင်ဖူးနေမှန်းမသိ။





နေကြာ ရှိတဲ့ကောင်တာအနားမှာ ကောင်လေးတစ်အုပ် ■ ချစ်နေကြသည်။

'အစ်ကိုတို့ မှတ်ပုံတင်လေးတွေ ခဏပေးပါ'

'ဟင့်အင်း ခဏမဟုတ်ဘူး။ တစ်သက်လုံး ပေးချင်နေတာ'

နေကြာက ဒါမျိုးတွေ service ရင့်နေပြီမို့ အပြုံးမပျက် ■င် -

'ပေးချင်ပေးလို့ရပါတယ် တစ်သက်လုံးတည်းမယ့်သဘော ■ါ. . ဟုတ်တယ်နော်'

'ဒါပေါ့. . ခုတောင် တကယ်မပြန်ချင်တော့ဘူး'

မိုးစက် ပြုံးမိသွားသည်။ ဒါကြောင့် မမနေကြာကို ပါပါးတို့ ■ရေးပေးတာကိုး။

'ဟော့. . ဒီဟိုတယ်မှာ မန်နေဂျာ ဘယ်သူလဲ'

ခြောက်ဆယ်ကျော်လောက်ရှိမည့် အဘိုးကြီးတစ်ယောက် ■လေသံက ဒေါသဖြင့် ဟိန်းပြီး ထွက်လာသည်။

'ကျွန်တော်ပါ အဘ. . ဘာဖြစ်လို့လဲခင်ဗျ'

'ဟိုမှာ. . မင်းတို့ဟိုတယ်က ဆင်တူနှစ်ကောင်. . ငါ့မိန်းမ ■းမှာ ရစ်သီရစ်သီ လုပ်နေကြတယ်. . မင်းဟာမင်း ထိန်းမလား။ ■ ပွဲကြမ်းရမလား. . ပြော'



www.burmeseclassic.com

www.burmeseclassic.com



မိုးစက် လှမ်းကြည့်တော့ ပျံ့ဒူးနှင့်ဂန်ဒူး အမြှာနှစ်ကောင် ဘိုးတော်ရဲ့သမီးနားမှာ ကပ်နေကြသည်။

'အဘ. . . သေချာကြည့်ပါဦး၊ သူတို့က အဘသမီးနားမှာ ဘော်ဒါဖြစ်ချင်လို့ ကူညီနေကြတာပါ'

'ဟေ. . . ငါ ဒီကိုလာတာ ငါ့သမီး မသိပါဘူး. . သူ မသိအောင် ငါ့မိန်းမနဲ့လစ်လာတာ'

'ဟာဗျာ. . အဘလည်း ရေလည်နေခက်တတ်တာပဲ. . ငါ့မှာလေ. . အဘသမီး'

'အဲဒါကိုပြောတာ. . အဲဒါ ငါ့မိန်းမ၊ ခုမှ အသက်နှစ်ဆယ်ကျော်ပဲ ရှိသေးတယ်. . မင်းကောင်တွေ လာပြီး ဖွန်ကြောင်နေလို့ ပြောနေရတာ'

'ဗျာ. . . အဲသလိုကြီးလား'

'အေး. . . အဲသလိုကြီးပဲ'

မိုးစက်က အမြှာနှစ်ကောင်ဆီ အမြန်လျှောက်သွားပြီး

'ပျံ့ဒူးနဲ့ဂန်ဒူး. . လာ. . လိုက်ခဲ့၊ ဟိုဘက်မှာ နေရာလာပေးဦး'

ဂန်ဒူးက ဘိုးတော်ရဲ့မဟေသီလေးဆီမှာ စိတ်ဝင်စားစရာ တွေတွေ့နေသည်မို့ ဘယ်လိုမှခေါ်၍မရ။





'ဟယ်. . ယူ့လက်သည်းက bearပုံလေးက မိုက်လိုက်တာ ဟယ်. . ဒီစိန်တွေကရော အစစ်တွေလားဟင်'

မေးတာနဲ့တင် အားမရဘဲ ဂန်ဒူးက ကောင်မလေး လက်ကို ဆွဲယူကာ အနီးကပ် အနုစိတ်ကြည့်သည်။

အဘိုးကြီးက ဆယ့်ခြောက်နှစ်သားလို ပြေးလာပြီး ဘာမပြော ညာမပြောဖြင့် ထိုးချလိုက်သည်။

'ကဲကွာ. . . ငါ့မိန်းမလက်ကို ကိုင်ချင်ဦး'

'ခွပ်'

'အမယ်လေး. . သေပါပြီတော့၊ ဟင်. . အဘိုးကြီး. . ရှင် ဘာလုပ်တာလဲ၊ သေနာကျကြီး. . များကို ဘာလို့ထိုးတာလဲ. . အသက်ကြီးနေလို့ သည်းခံနေတာနော်၊ နို့မို့ဆို. . ပါးချည်းဖြတ်ရိုက်ပစ်လိုက်မှာ. . . ဟင်း'

'ဟုတ်သားပဲ ဒါလင်ရယ်. . . သူ့ခမျာ ခြောက်နေတဲ့ဥစ္စာ မေးမစမ်းနဲ့'

အဘိုးကြီးကလည်း ကဲသည်။ လူရှေ့သူရှေ့မရှောင် -

'ဒီမှာ မိန်းမ၊ ယောကျာ်း ပြောမယ်. . အခြောက်မှာလဲ သဲနဲ့ပဲ. . ဘာမှအရောဝင်နေစရာမလိုဘူး။ လာ. . သွားမယ်'

'ကြည့်စမ်း. . ကြည့်စမ်း. . ငါ့ကိုများ ပြောသွားလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



အိုနာရွှတ်တွကြီးကလေ။ မသကာ. . ဂျိုလီက ကျုပ်ကို ဘရက်ပ
သမုတ်ရင်တောင် ခံနိုင်ပါသေးတယ်။ သူ့ဟာမ အစုတ်ပလုတ်
များ တိုနေလိုက်တာ။ ဟဲ့. . ပျံဒူး ငါ့ကိုလုပ်တာ နင် ဒီလိုပဲ ကြ
နေတော့မှာလား. . . ပြောတော့ နင်နဲ့ငါ အမြှာညီအစ်ကိုဆို အ
ကားကောင်. . ဒီနေ့ကစပြီး ငါ့နာမည် နင့်ကို လွှဲပြောင်းပေးလို
ပြီ။ နင်ပဲ ဂန်ဒူးလုပ်တော့. . ဟင့်. . ဟင့်'

'ကဲ. . တိတ်တော့ဗျာ၊ ဒီအဘိုးကြီး လာပြောကတည်း
သိသားပဲ၊ ပြဿနာတော့ တက်ပြီလို့. . ကျွန်တော် လာခေါ်
ခင်ဗျားတို့က လာမှ မလာတာ'

မိုးစက်က ရွှေပြည်အေးတရားဝင်ဟောတော့ ဂန်ဒူး

'နေဦး. . ဟိုအဘိုးကြီးကို ကောင်းကောင်း lesson
ဦးမယ်. . လာထား. . အရေခွံနွှာပြီးသားပဲ'

တော်တော့ကို အစာမကြေဖြစ်နေတာ။

မန်နေဂျာမိုးစက် မျက်ခမ်းလှုပ်နေရပြီ။

ရှေ့ဆက် ဘာပြဿနာတွေဖြစ်ဦးမလဲ မသိ။

◆



ဒေါ်ဖွာဖွာတို့ အလုပ်တွေ ရှုပ်နေသည်။ ဖုန်းတစ်လုံးဖြင့် သူမဘော်ဒါတွေကို လှည့်ပတ်ပြီး ကြွားနေသည်။

'အေး. . သေချာတာပေါ့၊ စမ်းရေလေးက အပြင်မှာ တီဗီထဲကထက်ကို ပိုချောသေး၊ အသားအရေလေးက ဝင်းမွတ်နုဖတ်နေတာပဲ'

'. . . . . . . . . .'

'ဒါပေါ့. . လာကြည့်ရမှာပေါ့'

'. . . . . . . . . . . . . . .'

'နင်ပြောတာ မဆိုးဘူးဟဲ့. . သူ့ကို ချွေးမတော်ရအောင် ကြိုးစားရမယ်။ တစ်ကားရိုက်ရင် သိန်းလေးဆယ် ဟုတ်လား၊ အားပါးပါး. . ငါတောင် ပြန်ငယ်ချင်လာပြီ. . မင်းသမီးလုပ်ရင် ကောင်းမလား မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



အသီးအနှံတွေ ဆေးကြောနေသော ဒေါ်မှုန်ကုပ်က ဘာမှ အလုပ် မလုပ်ဘဲ ပြန်ကြားရေးလုပ်နေသော ဒေါ်ဖွာဖွာကို မျက်စောင်းပိတ်ထိုးပစ်လိုက်ပြီး

'ကြူကြူသင်းတို့ ခင်မို့မို့အေးတို့လောက်လှရင်တောင် လူကြားလို့ ကောင်းဦးမယ်. . ကောင်မ ကိုယ့်ဇာက်ရုပ်မှ ကိုယ် အားမနာ. . ရုပ်ရှင်မင်းသမီးရူးနေသေးတယ်. . ဟွန်း'

'ဘာ. . တေးရေး လစ်ကီးလည်းပါတယ် ဟုဘ်လား. . . အမယ်လေး. . မိပြာတို့သိရင် ဆတ်စလူးခါနေဦးမှာ။ ဒီကောင်မက သူရေးတဲ့သီချင်းတွေ သိပ်ကြိုက်တာဟဲ့'

ဒေါ်ဖွာဖွာတို့ သတင်းနဲ့အတင်း ဖလှယ်လို့ကောင်းဆဲပင်။

'ဟဲ့. . ငဖွာမ။ ဒီမှာ အော်ဒါတွေကျနေပြီ အလုပ်လေးဘာလေး. . လာကူပါဦး. . တကတဲမှပဲတော်'

'လာပြီ. . လာပြီ။ အလိုက်ကမ်းဆိုးကိုမသိဘူး သူများ ဖုန်းပြောနေတာကို။ ဟဲ့. . ကောင်မ ဒါပဲနော်။ ဟိုမှာ ဟိုဟာမကြီးအော်နေပြီ. . နောက်မှဆက်မယ်နော်. . ဒါပဲ. . ဒါပဲ'

ဖုန်းချပြီး ဒေါ်ဖွာဖွာက ဆောင့်ဆောင့်အောင့်အောင့်ဖြင့်

'ကဲ. . . ပြော။ ဘာလုပ်ရမှာလဲ'

ဒေါ်မှုန်ကုပ် ခေါ် ပတ္တမြားခဲကြီးက





'ဟိုမှာတွေ့လား fish & chipလုပ်ဖို့ ငါးကို မုန့်နှစ်ထဲနှစ်ပြီး ပေါင်မုန့်ခြောက်လေးလူးလိုက်. . ပြီးရင် ဆီအိုးထဲ ထည့်ကြော်လိုက်'

'နေဦး. . နေဦး. . မသိလို့ မေးကြည့်ဦးမယ်. . ကျွန်မက သတ်ထောက်စားဖို့မှူးလေ. . အစအဆုံးလုပ်ပေးရမှာလား၊ မလုပ်နိုင်ဘူးနော်။ ကဲ. . ရော့. . ဆီအိုးထဲထည့်လိုက်ပြီ။ ကိုယ့်ဟာကိုယ်သာဆယ်ယူ'

ဒေါ်ဖွာဖွာ ကပ်သလို ဒေါ်မှုန်ကုပ်ကလည်း ရင့်သည်။ သူချင်တူးပလေ့စေ ·လုံးဝမဆယ်ဘူးဆိုသည့်သဘော။

ဆီအိုးထဲမှာ ငါးကြော်တွေ နီရာမှ မည်းလာသည်။

တစ်ယောက်မှ မဆယ်ကြ။

မည်းရာမှ တူးနံ့တွေ လှိုင်လှိုင်ကြီးထွက်လာသည်။ ကိုယ့်နှာခေါင်း ကိုယ်ပိတ်ပြီး ဟိုဘက်လှည့်နေကြသည်။

'ဟာ. . မီးဖိုခန်းထဲက မီးခိုးတွေရော ညှော်နံ့တွေပါ ထွက်နေတယ်၊ မီးလောင်နေပြီလား မသိဘူး. . လုပ်ကြပါဦး လာကြပါဦး'

နွယ်သာကီက အော်တော့ အားလုံးပြေးလာကြသည်။

မိုးစက်က လက်ထဲမှာ မီးသတ်ဆေးဘူးကြီး ကိုင်ပြီး မီးဖိုခန်းထဲ ပြေးအဝင်. . ဆီအိုးနံဘေးမှာ တစ်ယောက်ကိုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စောင်ပြီး စားမာန်ခုတ်နေကြသော ဘွားတော်နှစ်ယောက်ကို တွေ့လိုက်ရသည်။

'ဟာ. . မေမေကြီးနဲ့ မေမေလတ်။ ဒီမှာ ဘာလုပ်နေကြတာလဲ. . ဒီလောက်ညှော်နံ့ထွက်နေတဲ့ဟာ ဆီအိုးထဲမှာလည်း အားလုံး တူးကုန်ပြီ ဒုက္ခပါပဲဗျာ'

မိုးစက်က စိတ်ပျက်လက်ပျက်ဖြင့် ဆီအိုးကို အောက်ချထားလိုက်သည်။

ဒေါ်မှုန်ကုပ်က

'ဟဲ့. . မန်နေဂျာ. . . ဒီကောင်မက ငါ့လက်ထောက်သားပြောတယ်. . . ငါပြောတာ ဘာတစ်ခုမှ လိုက်မလုပ်ဘူး. . အားအားရှိ လေဒီဖုန်းပဲ လုပ်နေတယ်. . အဲဒါ. . နင် ဘယ်လိုရှင်းမလဲ ပြောစမ်း'

မိုးစက် အကျပ်ရိုက်သွားသည်။

'ဟိုလေ. . ဟိုဒင်း. . ဒါကတော့ ပါပါး ရှင်းမှပဲ ရမှာ'

'အမယ်လေး. . ငါကလည်း သူ့လက်ထောက်လုပ်ချင်တာ မဟုတ်ဘူးဟေ့. . . မလုပ်နိုင်ဘူး. . သွားပြီ'

ဒေါ်ဖွာဖွာက သူဝတ်ထားတဲ့ စားဖိုမှူးဝတ်စုံကိုဆွဲချွတ်ပြီး လွှင့်ပစ်လိုက်သည်။





'ဟာ. . နောက်နာရီဝက်ဆို ဟင်းပွဲသုံးဆယ်ကျော်ပို့ရမှာလေ. . အရေးထဲကျမှ လာရန်ဖြစ်နေရတယ်လို့ဗျာ. . ကဲ. . မေမေကြီးကို ကျွန်တော် ကူပေးမယ်နော်. . စလိုက်ရအောင် ဟုတ်လား'

မိုးစက်အမေကို ကြည့်မရပေမယ့် မိုးစက်ကိုတော့ ဒေါ်မှုန်ကုပ်က ချစ်သည်။ ငယ်ငယ်လေးကတည်းက လိမ္မာလို့ သိတတ်လို့ သံယောဇဉ်ရှိခြင်းဖြစ်သည်။

ဒေါ်မှုန်ကုပ်နှင့် မိုးစက် မီးဖိုခန်းထဲမှာ ချွေးတလုံးလုံးဖြင့် ချက်ပြုတ်နေရသည်။

ကမ်းခြေဘက်မျက်နှာမူထားသောFamily Roomမှ စမ်းရေတို့အုပ်စု အုန်းစိမ်းရည်တိုင်သောက်ပြီး မှာထားသော စားစရာများကို စောင့်နေကြသည်။

အေးဝတ်ရည်က ညည်းသည်။

'ကြာလိုက်တာဟယ်. . ထမင်းကြော်လေး သုံးပွဲနဲ့ ကဏန်းချဉ်စပ်တစ်ပွဲကို အဲသလောက်တောင် ကြာတယ်၊ ဗိုက်ဆာလို့ အူတွေတောင် လိမ်ကုန်ပြီလား မသိဘူး'

'အော်ဒါတွေ ကျနေလို့နေမှာပါဟယ်. . ပြောလို့ပြောတာ မဟုတ်ဘူး. . ဒီဟိုတယ်က နာမည်သာ ရုပ်ဆိုးတာနော်'

စမ်းရေရဲ့စကားမဆုံးမီ နီလာမက ဖြတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ မန်နေဂျာလေးက ဖြောင့်တယ်ပြောမလို့ မဟုတ်လား။ မိစမ်းရေနော်. . နင့်မျက်လုံးက သူ့ဆီမှာချည်းပဲ. . ငါ မြင်တယ်နော်။ ဟဲ. . ဟဲ. . တော်တော်ကြာ ဘူဇွာကနေ မယ်မခွာနိုင်ဖြစ်နေဦးမယ်'

'တော်စမ်းပါဟယ်. . . ကိုယ်ထင်ရာ ကိုယ်ဆွဲပြီး ပြောနေကြတယ်. . . ငါပြောချင်တာက ဘန်ဂလိုပုံစံလေးတွေက ချစ်စရာကောင်းတယ်လို့။ နောက်ပြီး. . အေးအေးဆေးဆေးနဲ့ နားငြီးသက်သာတယ်လေ။ ခုဆို ငါ့မှာ အလုပ်အတွက် ဘာ worry မှ မရှိလို့ ပေါ့ပေါ့ပါးပါးနဲ့ relax ပဲ'

သူတို့ပြောဆိုငြင်းခုံနေကြတုန်းမှာပဲ မိုးစက်ညို ကိုယ်တိုင်မှာထားသောဟင်းပွဲများကို လာပို့လေသည်။

'ဟဲ့. . ဟဲ့. . ဟိုမှာ. . နင့်ဂျာကြီး လာနေပြီ။ ပြောရင်းဆိုရင်း သက်တော်ရာကျော်ရှည်ဦးမယ်တော်'

မိုးစက်က ဘန်ဂလိုပေါ်တက်လာပြီး ရှေ့စားပွဲမှာ ပန်းကန်များကို ချပေးလိုက်သည်။

'ဟိုလေ. . အော်ဒါတွေ ကျနေလို့ နည်းနည်း နောက်ကျသွားတယ်. . လိုတာရှိရင် ပြောပါ ခင်ဗျ. . ဒီမှာ ဘိတ်အချဉ်လည်း ယူလာပေးတယ်. . ဟင်းက ကျွန်တော်ကိုယ်တိုင် ဝင်ချက်လာတာ





ဆိုတော့ အစပ်အဟပ်တည့်ရဲ့လားမသိဘူး။ ရေနွေးကြမ်းသောက်ဦးမလား ခင်ဗျ'

'ဟယ်. . ရှင်ကိုယ်တိုင် ဝင်ချက်လာတယ် အံ့ရော. . အံ့ရော'

သူတို့ငါးယောက်အုပ်စုမှာ ကာတွန်းမ လို့ ခေါ်တဲ့ တစ်ယောက်က လှောင်စိနိမ။ မိုးစက်ကိုကြည့်ပြီး လှောင်နေပြန်သည်။

'မဟုတ်ပါဘူး စားဖိုမှူးတွေမအားလို့ ခင်ဗျားတို့ မြန်မြန်စားရအောင် ဝင်လုပ်ပေးတာပါ'

'ဒီလောက်စေတနာတွေ ဗရပွနဲ့ သဘောတွေ ကောင်းနေပုံထောက်တော့ စမ်းရေကြည်ကြောင့်ပဲ ဖြစ်ရမယ်. . . ဟုတ်တယ်မလား. . သူက နိုင်ငံကျော်ကြော်ငြာမင်းသမီးလေးလေ'

မိုးစက် တကယ်ကို သတိမထားမိခဲ့တာပါ။

ဒါပေမယ့် ပါးချိုင့်လေးကိုတော့ သတိထားမိသား။ မြင်ဖူးပါတယ်လို့။

'အဲဒီလို မဟုတ်ရပါဘူးဗျာ. . . ကျွန်တော်တို့က ကိုယ့်ဟိုတယ်ကိုလာတဲ့ ဧည့်သည်တွေအားလုံးကို ရင်းရင်းနှီးနှီးနဲ့ နွေးနွေးထွေးထွေးဖြစ်စေချင်တာပါ။ ခုလည်း သူ မင်းသမီးဆိုတာ ခင်ဗျားတို့ပြောမှ ကျွန်တော် သိရတာပါ'



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲက စမ်းရေမှာ အနေရခက်လာပြီး

'ကဲပါ. . နင်တို့ကလည်း လိုက်ပြီး အုံးစားမနေနဲ့။ မန်နေဂျာကြီးကိုယ်တိုင် ချက်လာတာဆိုတော့ မြည်းကြည့်လိုက်ဦးမယ်'

ပန်းနုရောင် နှုတ်ခမ်းလေးနှစ်လွှာကိုအဖွင့် ဖြူဖွေးသောသွားတန်းကလေးတွေကြားကို ဇွန်းလေးထိုးထည့်ပြီး စားတာလေးကအစ မိုးစက် သတိထားပြီး လိုက်ကြည့်နေမိသည်။

သူ ဘာဖြစ်သွားတာလဲ။ သူကိုယ်တိုင်တောင် မသိလိုက်ခင်မှာ ဒီကောင်မလေးကို စိတ်ဝင်စားနေပြီပဲ။

သူမ လုပ်သမျှ. . အသေးစိတ်တွေကအစ မျက်လုံးထဲမှာ slow motionနဲ့ ပေါ်ပေါ်လာတာ ထူးဆန်းလိုက်တာ။

ရုပ်ရှင်မင်းသမီးလေးဆီမှာ ထူးထူးခြားခြားညို့ဓာတ်များ ရှိလို့လား. . .

သေချာတာက သူမလေး ဘာလုပ်လုပ်. . အရမ်းလှနေတယ်ဗျ။

'ဟား. . ရှယ်ပဲ။ ရှင့်လက်ရာက အဆင့်မီသားပဲ. . ကျွန်မက ထမင်းကြော်ဆို အဲလိုအရသာမျိုးမှကြိုက်တာ. . ဒါနဲ့ ဂျာကြီးကို တစ်ခုမှာထားရဦးမယ်. . ဒီကိုဖုန်းဆက်ပြီး ကျွန်မကို ခေါ်ခိုင်းရင် မခေါ်ပေးနဲ့နော်။ အလုပ်ကိစ္စတွေ ပါလာမှာစိုးလို့'





'ကောင်းပါပြီ. . မစမ်းရေ'

'အားပါး. . တုံးလိုက်တဲ့ နာမည်ကြီး။ ဘာလဲ စမ်းရေ ဆိုပြီးပြီပေါ့. . မစမ်းရေ ဆိုတော့ မင်းတုန်းမင်းခေတ်ကို ပြန်ရောက်သွားသလိုပဲ'

'sorry ဗျာ sorry ကျွန်တော့်ကို ခွင့်ပြုပါဦး။ လိုတာရှိရင် နံနိုး(zero)ကိုနှိပ်ပြီး မှာလို့ရပါတယ်။ ဩော်. . မနက်ဖြန် break-fast ကို ဘာများသုံးဆောင်ချင်ပါသလဲ'

'ကိုယ်စားချင်တာ လုပ်ပေးတာလား'

'ဒါပေါ့ဗျ။ ဒါ. . ကျွန်တော်တို့ဟိုတယ်ရဲ့အထူးဝန်ဆောင်မှုပါ'

စမ်းရေက သူမ မေးစေ့လေးပေါ် လက်ညှိုးလေးထောက်ပြီး စဉ်းစားဟန်ပြုကာ

'အားတော့ နာပါတယ်ရှင် စမ်းရေက မနက်ဖြန် မုန့်ဟင်းခါးရယ်၊ ကောက်ညှင်းပေါင်းနဲ့ အကြော်စုံပူပူလေး စားချင်နေတာ'

'ရတယ်. . ဖြစ်အောင် လုပ်ပေးမယ်။ ကျန်တဲ့အစ်မတွေရော. . ဘာသုံးဆောင်ချင်ပါသလဲ'

'ရပါတယ်. . သူစားသလိုပဲပေါ့။ ဒါပေမယ့် လက်ဖက်ရည်တော့ ပါပစေပေါ့'



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## ဘူမှာဟိုတယ် – ၄၀

'လက်ဖက်ရည်ရော ကော်ဖီပါ ပို့ပေးမှာပါ စိတ်ချ။ ကဲ.. ခွင့်ပြုပါဦး'

စမ်းရေက ပြာလဲ့နေသော ပင်လယ်ပြင်ကြီးကို ကြည့်ပြီး ယောက်ျားပီသသော ရင်အုပ်ကျယ်ကျယ်ကြီးနှင့် သူ့ကို မသိမသာ ခိုးကြည့်ကာ တစ်ယောက်တည်း ရှက်နေမိတော့သည်။

ဟိုမိန်းမတွေရဲ့ သူခိုးဖမ်းနေတဲ့ မျက်လုံးတွေကိုလည်း ရှောင်ရတိမ်းရသေးသည်။

◆



စမ်းရေတို့နှင့် ဘန်ဂလိုနှစ်လုံးခြားမှာတော့ over 40မမကြီးများအဖွဲ့ နေပါသည်။

လေးဆယ်ကျော်ပေမယ့် အပျိုလေးတွေရှုံးအောင် ပြင်ကြတဲ့ အဖွဲ့ပါ။ အားလုံး အလန်းစားကြီးတွေပေါ့။ မိုးစက် လျှောက်လာတာကိုတွေ့တော့ မမကြီးတစ်ယောက်က ကျန်အဖွဲ့သားတွေကိုတပ်လှန့်လိုက်သည်။

'ဟဲ့. . ဟဲ့. . ဟိုမှာလာနေပြီ။ လာကြည့်ကြစမ်း. . ငါပြောတဲ့ မော်ဒယ်လ်ဘွိုင်းလေး. . အဟိ. . မလိုင်က အပြည့်ပဲ. . အားတိုးချင်စရာကြီး'

အခုပြောနေတဲ့ မမကြီးက နိုင်ငံခြားမှာ နေသည်။ တစ်နှစ်တစ်ခါ ခုလိုပဲ မြန်မာပြည် ပြန်ပြန်လာပြီး ဘယ်သူ့ကို စပွန်ဆာပေးရမလဲလို့ လှေ့လာကွင်းဆင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက အဆိုတော်ကောင်လေး တစ်ယောက်ကို စပွန်ဆာအပေးကောင်းလို့ ကောင်လေးက နောက်အဆိုတော်ကောင်မလေးကို ပြန်ပြီး သူ့ငွေတွေနဲ့ စပွန်ဆာပေးကာ စီးရီးခွေထုတ်ပေးလို့ ရှော့ရိုက်ပြီး ဆေးရုံတင်ခဲ့ရပြီးပြီ။

ဒါလည်း အမှတ်မရှိသေးပေ။

'အေးဟယ်. . နည်းတဲ့အရပ်ကြီး မဟုတ်ဘူး. . . body ကလည်း သန်ပ့ါ. . . ရင်အုပ်ကြီးက ကားလို့'

ဟိုမကြီးကို အဆင်းမှာ ဘီးတပ်တဲ့သူက တပ်ပေးကြသည်။ မြှောက်ပေးရင် ထဘီချွတ်ပြီး ကမည့် မိန်းမကြီးက မိုးစက်ကို မျက်လုံးလေး ပိုင်းကာ ပါးစပ်မှတရှူးရှူးဖြင့် လှမ်းခေါ်ပါတော့သည်။

'ဟိတ်. . ရှူး. . ရှူး'

မိုးစက်က ပြန်လှည့်လာပြီး

'ကျွန်တော့်ကို ခေါ်တာလား အန်တီ'

'အွန်. . မင်းကို ခေါ်တာတော့ ဟုတ်တယ်၊ ဒါပေမယ့်. . မင်းရဲ့အခေါ်အဝေါ်တွေတော့ ပြန်ပြောင်းမှဖြစ်မယ် မောင်လေးရဲ့'

'ဟာဗျာ. . ငရဲကြီးကုန်မှာပေါ့. . ကျွန်တော့် အမေတောင် အန်တီတို့ထက် ငယ်ဦးမှာ'





'တော်ပြီ. . တော်ပြီ. . အဲဒါတွေ မပြောပါနဲ့တော့၊ ခုနက ဘိုဘက်က ကောင်မလေးတွေကို မင်း ဘာသွားပို့တာလဲ'

'သူတို့ မှာထားတဲ့ဟာတွေ သွားပို့တာပါ. . ဒါနဲ့. . မနက်ဖြန် breakfastအတွက် အန်တီတို့ ဘာများသုံးဆောင်ချင်ပါသလဲ ခင်ဗျ'

'European Food ဆို ရပါပြီကွယ်'

'ဟုတ်ကဲ့ခင်ဗျ. . ခွင့်ပြုပါဦး'

အပွေးမြင် အပင်သိ တဲ့။ အသက်သာကြီးနေတာ ဂေါ်လီဘွမှန်း အပြောအဆို အနေအထိုင်တွေ ကြည့်ပြီး အကဲခတ်လို့ရနေသည်မို့ မိုးစက် ထိုအုပ်စုနားမှအမြန်ဆုံးခွာခဲ့ရသည်။

◆

နေ့လယ်ထမင်းစားချိန်မို့ ထမင်းစားပြီး ကမ်းခြေမှာ မုန့်သက်ဆောင်း သောက်နေသော အမြှာညီအစ်ကိုနှစ်ယောက်တွင် ငန့်ဒူးက စပြီး -

'ဟိုအဘိုးကြီးကို ငါ လုံးဝအစာမကြေဘူး ပျံဒူး. . ဘယ်လို lesson ပေးရမလဲဆိုတာ အကြံလေးဘာလေး ပေးပါဦး'



www.burmeseclassic.com

www.burmeseclassic.com



ပျံ့ဒူးက ဉာဏ်သမား ဖိုးခွားမို့

'ငါ နောက်တစ်ခွက်သောက်ပြီး စဉ်းစားလိုက်ဦးမယ်နော် မင်းတိုက်မှာ မဟုတ်လား'

'အေး. . အေး. . အဲဒီမှာ မျိုးဆို့'

'သောက်မှာပါကွာ. . သိပ်ပြီး စေတနာတွေ ထားမနေနဲ့ ငါ စဉ်းစားမိတာတစ်ခုရှိတယ်ကွ. . အဲဒီအဘိုးကြီးက တရားသမား မဟုတ်တာတော့ အမှန်ပဲ'

'ဟဲ့. . အဲဒါ နင်ပြောမှလား. . တရားသမား မဟုတ်လို့ မယားငယ်ငယ်လေး ယူထားတာပေါ့။ နင့်အဖေ ငါ့ပါပါးရော ဘာထူးလဲ. . လိုင်းအတူတူပဲ. . ဟွန်း'

'အေးပါ. . လိုရင်းကို မရောက်တော့ဘူး၊ ငါပြောချင်တာက တခြားကောင်မလေးတစ်ယောက်နဲ့လှော်ပေးမယ် ဘေးတီးပေးမယ်ကွာ. . အဲဒီအခါကျ သူ့ဘေဘီလေးနဲ့ အကြီးအကျယ်ကွိုင်ပြီး ရှော့တွေရိုက်မယ်၊ ဒီက မပြန်ခင်ကို ကွဲပြစေရမယ် ဘယ်လိုလဲ'

ဂန်ဒူးက ငါးခူပြုံးလေး ပြုံးလိုက်ပြီး

'နေပါဦး. . ဘယ်သူနဲ့လှော်ပေးဖို့ စဉ်းစားထားလဲ ဟင်'

'ငါတို့ထဲမှာ ဘယ်သူ ဆတ်စလူးအထဆုံးလဲ'

'နွယ်သာကီ'





'အေးပေါ့. . သူ့ကိုစည်းရုံးပြီး အကူအညီတောင်းရမှာပဲ၊ အဆင်ပြေတော့လည်း ဒီကောင်မ အဘိုးကြီးကတော်ဖြစ်ရော. . ဒါ . . တို့လည်း မျက်စိနောက်သက်သာမှာ'

အဖေတူအမေကွဲညီမလေးကို ကောင်းရာကောင်းကြောင်းတွေ တွေးပေးနေလိုက်ကြတာ။

'ကောင်းတယ်ကွ. . မင်းအကြံ မဆိုးဘူး. . ဒီကောင်မက ဒိုလ်ကြီးကတော် သိပ်ဖြစ်ချင်တာ. . လောလောဆယ်တော့ အဘိုးကြီးကတော်ဖြစ်ဖို့ နီးစပ်နေပြီ. . အဟိ'

ဂန်ဒူးတို့က ရယ်လိုက်တိုင်း အဟိပဲ အသံထွက်သည်။

မိန်းမရယ်သံမျိုး ထွက်အောင် သူ့မှာ အတော်လေးလေ့ကျင့်ယူခဲ့ရသည်။

ထိုနေ့က နွယ်သာကီကို သူတို့ ဘယ်လိုမက်လုံးပေး စည်းရုံးကြသလဲဆိုတော့. . .

'အဲဒါပဲ. . ကူညီပါဟာ ငါ့ညီမလေးက သိပ်လိမ္မာတာ'

'နိုးပါ။ သာကီတို့က လတ်လတ်ဆတ်ဆတ်မှ သဘောကျတာ old model ကားကြီး မစီးချင်ဘူး'

'ဩော်. . နင့်ကို ဘယ်သူမှ အတည်မကြံခိုင်းဘူး. . ဟန်ရေးလေး ပြပြီး. . သွားရည် တမြားမြားကျအောင် လုပ်ပြရင် တော်



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ဒါမျိုးတွေ ငါ့ညီမလေး ကျွမ်းတယ် ဆိုတာ အစ်ကိုတို့ သိပြ
သား'

ပျံ့ဒူးက စည်းရုံးနေစဉ် ဂန်ဒူးက ဝင်ပြီးမက်လုံးပေးသည်။

'ပျံ့ဒူး နင့်သူငယ်ချင်းဗိုလ်ကြီးက သာကီအကြောင်းပဲ မေး
နေတာဆို'

'ဟေ. . ဟုတ်လား ဘယ်တုန်းကလဲ'

ဂန်ဒူးက မျက်စိတစ်ဖက်မှိတ်ပြနေသည်။

'ဩော်. . ဟုတ်တယ်ဟ. . အမြောက်တပ်က ဗိုလ်ကြီး
လေ. . နင့်ကို စိတ်ဝင်စားလို့ တဲ့. . ခုတော့. . ကိုယ်တစ်ပိုင်း သေ
သွားပြီ'

နွယ်သာကီက နှာခေါင်းကိုရှုံ့ရင်း မျက်နှာကိုမဲ့ရွဲ့ကာ

'တော်ပါတော့. . တစ်ပိုင်းသေနေမှတော့. . ဘာ သုံးစား
လို့ ရတော့မှာလဲ'

'အေးနော် ဒါလည်း ဟုတ်တာပဲ။ ဟာ. . မဟုတ်သေးပါ
ဘူး။ နင့်ကိုကြိုက်လိုက်တာမှ တစ်ပိုင်းသေနေတာပဲလို့. . ပြောတာ
အဟီး. . လောကြီးသွားလို့'

သာကီက မချိမချဉ်ရုပ်နဲ့ သကြားလုံးစားထားသလို မျက်
နှာလေးဖြင့်





'ဗိုလ်ကြီးမျက်နှာနဲ့မှ ဒီတစ်ခါတော့ ကူညီလိုက်မယ် ပြော
. . ဘယ်တော့ လုပ်ငန်းစရမလဲ'

'ဖြစ်နိုင်ရင်တော့ ဒီညပဲ။ မြန်လေ. . ကောင်းလေပဲ ညီမ
လေးရယ်'

'အိုခေလေ'

'ဝူး'

ဂန်ဒူးက ဝမ်းသာအားရဖြင့် ပျံ့ဒူးနှင့် လက်ဝါးချင်း ရိုက်
လိုက်ကြသည်။ နွယ်သာကီက တခြားနေရာမှာသာ သုံးစားလို့မရ
တာ. . ဒီလိုမြူဆွယ်တဲ့နေရာမှာတော့ စိတ်ချရပြီးသား။

◆

ဦးမြင့်မောင်တင့်ခေါင်သည် ဘန်ဂလို ရှေ့မှာ ရှမင်ြီးတဲ့
ဆိုးအသစ်ကလေးကို စောင့်ရင်း လေညှင်းခံနေသည်။

'အားပါး. . ပင်လယ်လေတွေ တစ်ဝကြီး ရှူလိုက်ရတာ
အသက်နှစ်ဆယ်လောက် ပြန်ငယ်သွားသလိုပဲ. . လူတွေက ငါ့ကို
အသက်ကြီးပြီ. . ကြီးပြီနဲ့ နောက်ထပ် မိန်းမ ငါးယောက်လောက်
ယူလို့ရသေးတာ မသိကြသေးဘူး. . ခွိ. . ခွိ'



www.burmeseclassic.com

www.burmeseclassic.com



နွယ်သာကီသည် ဟိုတယ်ဝင်းထဲမှာ သူ့တာဝန်အရ ဟန်ရေးတပြပြ လုပ်နေတုန်း အဘိုးကြီးတစ်ယောက်တည်း ရပ်နေတာတွေ့ပြီး ရုတ်တရက်အကြံပေါ်လာကာ အမှိုက်သိမ်းနေသော ဖက်တီးလေးနားကို သွားပြီး

'မောင်လေး. . ပေး. . ပေး. . မမဆက်လုပ်လိုက်မယ် ငါ့မောင်လေး မောနေပြီ. . ဂိမ်းသွားဆော့တော့. . သွား'

သူက သူ့အကြံနဲ့သူ။

ဖက်တီးက ကလေးပီပီ ဝမ်းသာပြီး ထွက်ပြေးသွားသည်။ နွယ်သာကီဝတ်ထားတဲ့ အင်္ကျီက ကျောပေါ် လည်ဟိုက် (ရှိပါသည်ရှင်)အင်္ကျီမျိုး။

ကိုယ့်ပစ္စည်း ကိုယ်ကြော်ငြာချင်တဲ့လူတွေ ဝတ်ကြတာမျိုးပေါ့။

အဘိုးကြီးဘန်ဂလိုရှေ့သွားပြီး ခါးလေးကိုညွတ် တင်လေးကို ပင့်ကာ မြေခနေတဲ့ သစ်ရွက်လေးတစ်ရွက်ကို ငုံ့ပြီးအကောက်

'ဂလု'

အဘိုးကြီးရဲ့တံတွေးမျိုသံပါ။

သာကီရဲ့ အဟိုက်လွန်နေတဲ့ အင်္ကျီကြားက ရှိတဲ့ပစ္စည်းလေးတွေ ကြော်ငြာဝင်ပြီးပြီဆိုတော့ မျက်နှာလေးကိုမော့ကာ ကော့





ရွန်းနေသော မျက်ဝန်းလဲ့လဲ့လေးတွေဖြင့် အဘိုးကြီးတစ်ကိုယ်လုံးတို ကိုရီးယားမင်းသား လီမင်ဟိုလို့ သဘောထားပြီး သိမ်းကြုံးကာကြည့်ပစ်လိုက်သည်။

လျှာဖြင့် နှုတ်ခမ်းသားတွေကို သပ်လိုက်ပြီး မျက်စိတစ်ဖက်ကို ကြာပါပါဖြင့် မှိတ်ပြလိုက်လျှင်

'သမီး. . ခဏလာပါဦးကွဲ့'

အဘိုးကြီးက လှမ်းခေါ်ပြီမို့. . နွယ်သာကီက ဆတ်ကော့လတ်ကော့ဖြင့်

'ဘာလဲ အဘ။ အဲလေ. . အန်ကယ်'

'စောစောစီးစီး အလုပ်တွေ ကြိုးစားလို့ ဘောက်ဆူးပေးမလို့ကွဲ့'

သာကီ ကြိတ်ပြီးပြုံးလိုက်မိသည်။

မုန့်ဖိုး ရ,ရချည်သေးရဲ့။

'ရော့'

အားပါး။ ရက်ရောလိုက်တာ ဆင်ကြီးနဲ့လေးရွက်ဆိုတော့နစ်သောင်းကြီးများတောင်။

'ကျေးဇူး အန်ကယ်. . နောက်နေ့. . အမှိုက်လာကောက်ဦးမယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



သာကီက သူ့အတွေးနဲ့သူ အူမြူးပြီးပြောသည်ကို အဘိုးကြီးက အသံတိုးတိုးလေးဖြင့် ကပ်ပြီး မှာသည်။

'တစ်နေ့ လေး ငါးကြိမ် လာကောက်နော်. . သမီး'

'ဟုတ်'

ထိုစဉ် အဘိုးကြီးရဲ့ဖနီးလေးက ရှုံးစမိုးအပြည့်ဖြင့် ထွက်လာသည်။

'ယောက်ျားရေ. . မိန်းမပြီးပြီ။ ကြည့်ပါဦး. . မိန်းမ လှရဲ့လားလို့'

'အိုး. . သိပ်လှ. . အရမ်းလှ'

သာကီ အသာလေးလစ်ထွက်လာခဲ့သည်။ ကိုကိုဂန်ဒူးကို သတင်းပို့ရဦးမည်။ ဂန်ဒူးက အဆင်လေးတွေပါသောအုပ်စုနှင့်ပွဲကျနေသည်။

'ပြောပါဦး။ ညက တို့သုပ်လာတဲ့ လက်ဖက်သုပ်လေး စားလို့ကောင်းရဲ့လားလို့'

'ကောင်းပါတယ်ဗျာ. . ဒီညတော့ လက်ဖက်သုပ်နဲ့မရဘူးနော်. . ဘီယာလေးပါ ပါမှရမှာ'

'ဟော့ကောင်။ ဘီယာပဲလား ကြက်ကြော်လေးနဲ့ဆို ပိုမကွတ်ဘူးလား'





'အိုး. . စိတ်ချ။ ယူတို့မှာတာ. . အားလုံး ပါစေရမယ်'

'ကိုကိုဂန်. . ကိုကိုဂန်'

ဟာ. . သွားပြီကွာ။

ကိုယ့်ဂွင်နဲ့ကိုယ် တည့်နေတဲ့ဟာ ဒီကောင်မ စားကျက်လာလုပြန်ပြီ။ သကောင့်သားတွေလည်း ကြည့်ဦး. . သာကီ့ကို ကြည့်ပြီး မျက်လုံးကြီးတွေ အောက်ပြုတ်ကျတော့မယ်။

'ပြော. . ဘာလဲ'

'လေသံကို ပြန်ပြင်လိုက်. . . သူခိုးလို့လည်း လုပ်ပေးရသေးတယ်. . ဖွန်း'

'ဩော်. . အေး. . ပြော ညီမလေး။ ဘာထူးလဲ'

'ဒီမှာ ကြည့်'

သာကီက ငါးထောင်တန် လေးရွက်ဖြင့် သူမမျက်နှာကို ယပ်ခတ်ပြလိုက်သည်။

'ဟိုဘိုးတော်ဆီက ရလာတာ'

'ဟင်. . ညည်း မိုက်လှချည်လား သာကီရယ်. . ဒီငွေ နှစ်သောင်းနဲ့ ညည်းကိုယ်ညည်း တန်ဖိုးဖြတ်လာတာလား၊ ငါက ညည်းကို မြူဆွယ်ရုံပဲ ဆွယ်ခိုင်းတာလေ'

'ကိုကိုဂန်နော်. . လူကိုများ အထင်စမော အမြင်စမော့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ခုဟာက သစ်ရွက်လေးတစ်ရွက်သွားကောက်လို့ ပေးလိုက်တာ. . ပြီးတော့ မှာလိုက်သေးတယ်. . တစ်နေ့ လေး ငါးကြိမ်လာကောက်တဲ့. . တစ်နေ့ တစ်သိန်းလောက်ရမှာ. . မဆိုးဘူးနော်'

'ဟဲ့. . . သာကီ. . ညည်း တကယ်ပြောနေတာလား'

'တကယ်ပေါ့'

'ဟီး. . ဒါဆို ငါလည်း သွားကောက်မယ်'

'နေဦး. . . ဆန္ဒ မစောနဲ့ဦး. . . ကိုကိုဂန်မှာ ပစ္စည်း ရှိလို့လား'

ဂန်ဒူးက ညီမဖြစ်သူကို မျက်စောင်းကြီးခဲပြီး

'အေးပေါ့လေ. . ညည်းက ပြောအားရှိမှာပေါ့ XXL ကြီး ဥစ္စာ'

မိုးစက်က ဝေါ့ကင်တော့ကင် တစ်လုံးဖြင့် အလုပ်ရှုပ်နေသည်။

'ဦးစိန် ရေတက်လာပြီ။ ကန့်သတ်နယ်မြေထဲကို ဧည့်သည်တွေ မသွားစေနဲ့. . လုံခြုံရေးတွေ ကိုယ့်တာဝန် ကိုယ်ကျေအောင် လုပ်. . ဒါပဲ'

သာကီက မိုးစက်ကို တွေ့ပြီး ထွက်ပြေးသွားသည်။ မန်နေဂျာကြီးဆိုတော့ သူ့ကိုကြောက်နေရတာပေါ့။





ဂန်ဒူးလည်း သူ့တာဝန်အရ ဧည့်သည်တွေ မှာထားတဲ့ စားစရာတွေ ပို့ဖို့ ပြေးသွားပါသည်။ နီးရာစားကို ကြောက်နေရတာ ပေါ့။

ဦးလန်ချက်က အားလုံးထဲမှာ မိုးစက်ညိုကိုပဲ အားကိုးသည်။

သူက အနေတည်သလို ပြောသလိုလည်း လုပ်တတ်သူ။ ကြိုးစားချင်စိတ်ရှိပြီး တာဝန်ကျေသူမို့ သားအကြီးတွေကို ကျော်ပြီး မန်နေဂျာရာထူးပေးထားရတာပဲ ကြည့်။

ကမ်းခြေဘက်ဆင်းကြည့်ဖို့ ဟိုတယ်ဝင်းအတွင်းမှအထွက် ရေထဲဆင်းဖို့ ဘီကီနီလေးတွေနဲ့ထွက်လာသော စမ်းရေတို့အုပ်စုနှင့် တိုးပြီး -

'ကိုမိုးစက်ညို. . မုန့်ဟင်းခါးက အရမ်းကောင်းတာပဲ. . ဒါလည်း ရှင်ကိုယ်တိုင်ချက်တာပဲလား ဟင်'

အနီရဲရဲ ဘီကီနီဝတ်စုံလေးအောက်မှ ဖြူဖွေး အိစက်နေသော ကိုယ်လုံးအလှကြောင့် မိုးစက်က မျက်လုံးကို မသိမသာလေး လွှဲရင်း

'မဟုတ်ပါဘူး ခင်ဗျ. . အော်ဒါမှာပေးတာပါ ကြိုက်တယ်ဆိုလို့ ဝမ်းသာပါတယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်. . ကောက်ညှင်းပေါင်းကလည်း အရမ်း ကောင်းတာပဲ. . အကြော်လေးတွေကလည်း ပူပူရွရွလေး'

'နောက်နေ့ရော ဘာစားချင်သေးလဲ'

'မြိတ်ကတ်ကြေးကိုက် ရမလားဟင်. . seafoodနဲ့လေ'

'ရတာပေါ့ဗျာ. . အားလုံး အတူတူပဲလား'

'အတူတူပဲ. . ချဉ်ငံစပ် ငါးပွဲနော်'

'အိုခေ. . ရေကူးကြမလို့လား. . ရေတက်နေပြီနော်။ ဟိုဘက်ထိမသွားကြနဲ့နော်'

လှောင်စိန်မ ကာတွန်းက

'ဟဲ့. . နီလာမ။ သဘောတော်ကျပြီး အူမြူးမနေနဲ့ဦး. . သူက စမ်းရေကို စိတ်ပူလို့ ပြောနေတာ. . ငါတို့ မပါဘူး'

'ဟာဗျာ'

'ကဲ. . တွေ့လား။ ဂျာကြီး ရှက်သွားပြီ'

'ကဲပါဟယ်. . ဓော်ကြပ်ပါတော့ ကိုမိုးစက် စိတ်မဆိုးပါနဲ့နော်. . သူတို့က ဒီလိုပဲ။ ခင်ပြီဆိုရင် ထွက်ပြေးချင်လောက်အောင် အစသန်ကြတာ. . ကျွန်မတို့ကို သွားခွင့်ပြုပါဦးနော်'

'ဟုတ်ကဲ့. . သတိထားဦးနော်'

တစ်အုပ်စုလုံးက သိပါတယ် ဟူသည့်အထာဖြင့် စပ်ဖြဲဖြဲ





လုပ်သွားသေးသည်။ အတော် မလွယ်တဲ့ဟာလေးတွေ. . . မိုးစက်ချတ်လုံးတွေက လျှင်သည်။

ကောင်လေးတစ်စု ဖုန်းကင်မရာဖြင့် စမ်းရေရဲ့ ဘီကီနီအလှကို မှတ်တမ်းတင်နေတာ တွေ့သွားသည်။

သူ ချက်ချင်းထိုနေရာသို့ ရောက်သွားသည်။

'ညီလေး. . မရိုက်ပါနဲ့ကွာ တောင်းပန်ပါတယ်နော်'

'ဘာလဲဗျ. . ခင်ဗျားနဲ့ ဘာပတ်သက်လို့လဲ'

'သူက ကိုယ်တို့ရဲ့ဧည့်သည်ပါ. . မန်နေဂျာတစ်ယောက်အနေနဲ့ သူ့ရဲ့အရှက်နဲ့ဂုဏ်သိက္ခာကို ကာကွယ်ပေးရမှာပဲ'

'ဘလိုင်းကြီး လာရစ်နေတယ်ကွာ. . ဝတ်တဲ့သူကတောင် ရှက်ရက်ရောရောနဲ့ ဝတ်ပြသေးတာပဲ. . ရိုက်တော့ ဘာဖြစ်လဲ'

ပါးစပ်နဲ့ချိုချိုသာသာပြောလို့ရမည်မဟုတ်မှန်း မိုးစက် သိသွားပြီး ထိုလူလက်ထဲမှဖုန်းကို ဆွဲလုကာ အခုနတုန်းကပုံတွေကို အကုန် delete လုပ်ပစ်လိုက်သည်။

'ဟာ. . ဟေ့လူ။ ခင်ဗျား ဒါဘာလုပ်တာလဲ. . ကျွန်တော့်ဖုန်းနဲ့ကျွန်တော် ဘာလုပ်လုပ်ပေါ့'

မိုးစက် ပြန်ပြောနိုင်တာက တစ်လုံးတည်း။

'sorry'



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး သူလှည့်ထွက်လာခဲ့သည်။

ဘာလို့များ စမ်းရေအတွက် စိုးရိမ်စိတ်တွေ ကြီးနေမိပါလိမ့်။ သူက နိုင်ငံကျော်မင်းသမီးမို့လို့လား။ ဒါလည်း မဟုတ်သေးပါဘူး။

ဘာမှန်းကို မသိတာပါ။ တစ်ခါမှလည်း ဒါမျိုး မဖြစ်ဖူးဘူးလေ။

'ဟော့လူ. . ဒါ ဘာလုပ်သွားတာလဲ။ ခင်ဗျားကို ဒီဟိုတယ်ပိုင်ရှင်နဲ့တိုင်မယ် သတိထား'

တိုင်ပေါ့။ ဟိုတယ်ပိုင်ရှင်က ငါ့အဖေပဲဥစ္စာ။

မိုးစက်က နောက်လှည့်မကြည့်ဘဲ လက်တစ်ဖက်ထောင်ပြီး တာ့တာလုပ်ပြခဲ့သည်။

♦



'ရွှတ်. . ရွှတ်. . ဟဲ့. . ဟိုသွားခေါ်ခေါ်နဲ့ကောင်လေး ခဏလာခဲ့ဦး'

နှမ်းဆီက ရှေ့နောက်ဝဲယာ လှည့်ကြည့်လိုက်သည်။

ဒီနားမှာ သွားခေါ်တဲ့လူဆိုလို့ သူတစ်ယောက်ပဲရှိတာ. . ခေါ်တဲ့ပုံကိုလည်း ကြည့်ဦး. . အားမနာ လျှာမကျိုး။ အောက်လိုက်တာ။

'ကျွန်တော့်ကို ခေါ်တာလား'

'အေး. . လာခဲ့'

အန်တီမမများအဖွဲ့ဟု ထိုအုပ်စုကို ကွယ်ရာတွင် ခေါ်နေကြသည်။

အန်တီဆိုတာက အဒေါ်ကြီးအရွယ်တွေမို့လို့။ မမဆိုတာက ဟော့ရှော့တွေဝတ်ပြီး ငယ်မူပြန်နေကြလို့။



www.burmeseclassic.com

www.burmeseclassic.com



'ပြောပါ. . ကျွန်တော် ဘာလုပ်ပေးရမလဲ'

'ရော့. . ဒီပုစွန်တွေ ယူသွား၊ တစ်ဝက်ကို ကြော်ပြီး. . တစ်ဝက်ကို ဟင်းချက်ခဲ့ပေး'

'ဗျာ'

'ကျသင့်သလောက် ရှင်းပေးမယ်လေ။ ကြော်. . . ပြီးရင် မင်းလာမပို့နဲ့'

ဘာကြီးတုန်း။

ခိုင်းတုန်းက ခိုင်းပြီး မင်း လာမပို့နဲ့တဲ့။

'ဟိုကောင်လေးလေ. . မန်နေဂျာလေးကို. . လာပို့ခိုင်းလိုက်'

နှမ်းဆီက ပုစွန် ထည့်ထားတဲ့အထုပ်ကို လှမ်းယူပြီး ဆိုင်ဆောင့်ကာ ထွက်လာပြီးနောက် ပျစ်ပျစ်နှစ်နှစ်ကြီးကို ကျိန်ဆဲပစ်လိုက်သည်။

'နှာဘူးမကြီး'

ဒေါ်မှုန်ကုပ်တစ်ယောက် မီးဖိုခန်းထဲမှာ MP4ဖြင့် သီချင်းနားထောင်ပြီး ငြိမ့်နေသည်။

သူ့လက်ရာက အရမ်းကောင်းတော့. . မှာစားမည့်သူ များတော့တာမို့ ဒီလိုအနားရနေတာ ဖြစ်သည်။

*ဆောင်းညပြာသိုစာပေ*



'အမေ. . ရော့'

နားမှနားကြပ်ကိုဆွဲဖြုတ်ပြီး ဒေါ်မှုန်ကုပ်က မှုန်ကုပ်ကုပ်ဖြင့် လှမ်းမေးသည်။

'ဘာတုန်း'

'တစ်ဝက်ကို ကြော်ပြီး တစ်ဝက်ကို ဆီပြန်ချက်ပေးတဲ့'

'ပြီးရော. . ပြီးရော. . အေးအေးဆေးဆေးကို အနားမနေရဘူး။ ဒီညည်သည်တွေ မြန်မြန်ပြန်မှ နားအေးမှာ ငါ့လက်ထောက်စားဖို့မှုးရော'

'ဟိုဘက်နားမှာ တွေ့ခဲ့တယ် ထုံးစံအတိုင်းပေါ့ ရစ်သီရစ်သီနဲ့ သူများစကားပြောတာ ရပ်ပြီး စပ်စုနေလေရဲ့'

'တစ်နေ့တစ်နေ့ သူ့မှာ ဒီဇာက်လုပ်ပဲ ရှိတယ်. . မပြောချင်ဘူး တကယ်ပဲ'

ပြောပြောဆိုဆိုနဲ့ ဒေါ်မှုန်ကုပ်က ပုစွန်တွေ စ,ကြော်သည်။ ပုစွန်ကြော်နံ့လေးက မွှေးပြီး ထွက်လာသောအခါ. . နှမ်းဆီက

'အမေ. . ကျက်ရင် သားမြည်းပေးမယ်နော်'

'အမယ်လေး လိမ္မာလိုက်တဲ့ ငါ့သား. . ဒါနဲ့များ နင့်အဖေက သုံးစားလို့မရဘူးလေး ဘာလေးနဲ့'

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၈၆၁၂၀၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၂၆၁၂၀၁၁
မျက်နှာဖုံးဒီဇိုင်း - L လင်း
ထုတ်ဝေသူ - ဒေါ်လေးလေးမိ(တနင်္သာရီ စာပေ)
အမှတ်-၅၃၊ ဗိုလ်မြေလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဒေါ်နီနီခိုင် (၀၇၁၃၅)
သီရိမေရောင်စုံပုံနှိပ်တိုက်
အမှတ်(၁၉)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - Thirimay Binding
ကွန်ပျူတာစာစီ - (Asia Glory)
ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ
(ပထမအကြိမ်)
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

ရ၉၅ • ၈၃

မှုပိုင်နှင်းဆီ
ဘူဇွာဟိုတယ် / မှုပိုင်နှင်းဆီ - ရန်ကုန်
တနင်္သာရီ စာပေ၊ ၂၀၁၂ ဖေဖော်ဝါရီလ
၂၁၁ စာ၊ အလျား ၁၂ • ၇ စင်တီ၊ အမြင့် ၁၇ • ၇၈ စင်တီ
(၁) ဘူဇွာဟိုတယ်

# Buzwa Hotel

## ဘူဇွာဟိုတယ်

နာမည်ကြားတာနှင့်တင် ကျောချမ်းချင်စရာကြီးပါ. . .

လူပြောသူပြော များကြတာက. . ဒီဟိုတယ် အမည်နဲ့ ဒီဟိုတယ်ပိုင်ရှင်ရဲ့စိတ်ဓာတ်က တစ်ထပ်တည်းကျတယ်. . တဲ့။

အရင်းရှင်စနစ်နဲ့ ဘူဇွာလူတန်းစားတွေလိုပဲ ဦးလန်ချက်ရဲ့စိတ်ဓာတ်က အရင်းရှင်ဆန်သည်။

ကိုယ့်တစ်ဖို့တည်းကိုသာ ကြည့်တတ်သည်။

မိသားစုအပေါ်မှာလည်း ဟစ်တလာလို အမိန့်ပေးပြီး ဆက်ဆံတတ်သူ ဖြစ်သည်။

သူ့အမိန့်အာဏာ ဘယ်လောက်ထိ ပြင်းသလဲ ဆိုတော့

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com



'သား မြည်းလို့ရအောင် . . ဘီယာတစ်ဗူးလောက် သွားဆွဲလိုက်ဦးမယ်'

'အေး . . အေး . . အမေ့အတွက်ပါ တစ်ဗူး ပိုယူခဲ့'

မီးဖိုခန်းထဲမှာ သားအမိနှစ်ယောက် အဆင်ပြေနေကြသည်။

ပုစွန်ကြော်လေးနဲ့ဘီယာနဲ့ ငြိမ့်နေကြသည်။

'ကောင်းလိုက်တာ . . အမေ့လက်ရာထဲမှာ ဒီပုစွန်ကြော်က အကောင်းဆုံးပဲ'

'ဟဲ့ အကောင်း . . ဒါ နင် ငါ့ကို စော်ကားလိုက်တာလား'

'မဟုတ်ပါဘူး အမေရာ . . တကယ်ကောင်းလို့ ကောင်းတယ်ပြောတဲ့ဟာပဲ . . ပေးပါဦး . . နောက်တစ်ကောင်လောက်'

'ဟဲ့ . . တော်လောက်ပြီ။ ဘရိတ်အုပ်တော့ ဘယ်လောက်မှ မကျန်တော့ဘူး'

'သားကိုကျတော့ ပြောပြီး . . အမေလည်း တော်တော့လေ ဟိုကောင့်ကိုသွားရှာပြီး ပို့ခိုင်းရဦးမယ်'

နှမ်းဆီက မိုးစက်ကို လိုက်ရှာသည်။

တွေ့ကားတွေ့၏။

သို့သော် စကားပြောဖို့က အဆင်မပြေ။





မိုးစက်က အလွန်ရစ်သော ဧည့်သည် တစ်အုပ်စုကို non -stop ရှင်းပြနေရသောကြောင့် ဖြစ်သည်။

'အစ်မတို့အဆင်ပြေအောင် စီစဉ်ပေးပါ့မယ်ဗျာ . . ခုဟာက တကယ့်ကို မတော်တဆပါ။ ဒီရေချိုးခန်းက အပေါက်ကလည်း တမင်ဖောက်ထားတာ မဟုတ်ပါဘူး . . ကြည့်တဲ့သူကလည်း တမင်ချောင်းတာ မဟုတ်ပါဘူး။ အားလုံးက လျှပ်တစ်ပြက်ရိုက်ချက်တွေပဲ . . အဲလေ . . မထင်မှတ်ဘဲဖြစ်သွားတာပါ အစ်မရယ်။ ကျွန်တော် အခန်းချိန်းပေးပါ့မယ်'

ကိုိုင်ကတော့ အကြီးကြီးကိုတက်နေပြီ။ ဟိုဘက်ကလည်း သုံးဝမကျေနပ်။

'နေပါဦး . . ရှင်ပြောတော့ အဲဒီလာချောင်းတဲ့သူက မျက်စိမှုန်နေတာဆို'

'ဟုတ်တယ်လေ။ သူ့မှာ ပါဝါတောင် ၅၀၀လောက်ရှိတာ'

'ဒါဆို အဲဒီအပေါက်သေးသေးလေးကျတော့ ဘယ်လိုလုပ်ပြီး မြင်တာလဲ'

'ဟိုလေ . . ဒါ . . ဒါက ဒီလိုရှိတယ်ခင်ဗျ . . အလေ့အကျင့်လေ . . အလေ့အကျင့်'

'ဘာ . . သူက ဒီလိုပဲ ချောင်းနေကျပေါ့ . . ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'အဲ'

မိုးစက်နှင့်ထိုင်ရစ်အဖွဲ့မှာ မုန့်လုံးစက္ကူကပ်နေကြသည်။

နှမ်းဆီမှာ မိုးစက်ကိုခေါ်ဖို့အတွက် ထိုနေရာမှာ ရပ်စောင့်နေခဲ့တာ တစ်နာရီကျော်နေပြီ။

ပြီးတော့တစ်ခါ အရေးပေါ်ကိစ္စက ပေါ်လာပြန်သည်။

'ဂျာကြီးရေ C4မှာ ဝက်ရှူးပြန်နေလို့တဲ့ လိုက်ခဲ့ပါဦး'

မိုးစက်မှာ လာခေါ်ရာနောက်သို့ အပြေးလေး ပါသွားပြန်သည်။ အန်တီမမများအဖွဲ့မှာ ဗိုက်ဆာလွန်းလို့ ဗျစ်တောက် ဗျစ်တောက်နဲ့ ပေါက်ပေါက်ဖောက်နေကြပြီ။

'ကြာလိုက်တာဟယ်. . ဗိုက်တောင်ဆာလှပြီ. . ကြည့်စမ်းငါ့မှာလိုက်တာ သုံးနာရီလောက်ရှိရောပေါ့။ ခုထိ အရိပ်အယောင်တောင် ပေါ်မလာဘူး'

'မာလာ. . မင်း ဒီကောင်လေးကို ချုပ်နိုင်ပါ့မလား'

ဒေါ်မာလာမဥ္ဇူက လက်ကြားမှစီးကရက်ကို ဟန်ပါပါဖွာရှိုက်ရင်း

'လောင်းကြေး ဘယ်လောက်လဲ'

'i pad တစ်လုံးကြေး'

'အိုခေ'





'ဒီ. . ဒီမှာ ခင်ဗျ'

ကြည့်လိုက်တော့ နှမ်းဆီကို မျက်နှာငယ်လေးနှင့် တွေ့ရသည်။

'ဘာလဲ'

'ဟိုလေ. . ကျွန်တော်တို့မန်နေဂျာ မအားလို့ ကျွန်တော်သူလာပေးလို့ရမလား. . အဲ. . အဲဒါ လာမေးတာ'

အန်တီမမက နှမ်းဆီကို ခပ်တင်းတင်းစိုက်ကြည့်ပြီး

'အစားအသောက်ပျက်အောင်. . မလိုချင်ဘူး မင်းတို့ မန်နေဂျာကိုယ်တိုင်လာပို့မှစားမယ်. . ကြားတယ်နော်'

'သူလာပို့ရင် ပြီးရောလား'

'အေး'

'ညမိုးချုပ်သွားရင်ရော'

'စကားကို ကပ်ပြီး မပြောနဲ့'

'မဟုတ်ဘူးလေ. . ရှင်းအောင် မေးထားရတာ'

'သွား. . သွား. . သူ့ကိုသာ မြန်မြန်လွှတ်လိုက်'

အချိုးမပြေ အချိန်မစီးတဲ့ ဘွားတော်ကြီးကို ဒုတိယမ္ပိကျိန်ဆဲပြီး ထွက်လာခဲ့ရပြန်သည်။

လမ်းမှာ ငွမ်းဆီနဲ့တွေ့တော့



www.burmeseclassic.com

www.burmeseclassic.com

## ဘူစွာမဲ့တယ် – ၆၄

'ဟော့ကောင်. . မင်းမျက်ခွက်က အီးမှန်လို့လား'

'အလကားပါကွာ. . စားမဲ့အရေးကို ဟိုလူပို့မှ ဒီလူပို့မှနဲ့ သက်သက်လိုက်ရစ်နေတယ်'

'ဘယ်သူလဲ'

'ဟိုမှာလေ အီးပေါလောအုပ်စု။ မင်းစဉ်းစားကြည့်ကွာ. . ငါနဲ့မိုးစက်က ဘာကွာလို့လဲ. . . သူလည်း ယောက်ျား. . ငါလည်း ယောက်ျားပဲ။ သူလူပျို ငါလည်း လူပျိုလေကွာ။ ဒါနဲ့များ သူလာပို့မှ စားမယ်တဲ့'

သူ့ညီသွားခေါလေးကို ထိတော့ ဂွမ်းဆီက မခံချင်ဖြစ်ပြီး

'ထားလိုက်ကွာ. . ပို့ပေးမနေနဲ့ မိုးစက်လည်း သွားမခေါ်ပေးနဲ့ အလကားနေရင်း ဟိုကောင် ရောင့်တက်နေဦးမယ်'

'အေး. . ကောင်းတယ် ဟိုဘက်ကကောင်တွေနဲ့ မကျော့်သွားနွဲ့ရအောင်'

တစ်ဖက်ဟိုတယ်မှကောင်လေးတွေနဲ့ ဇယ်တောက်ဖို့ ညီအစ်ကိုနှစ်ယောက် ချီတက်သွားကြသည်။

သဲပြင်ပေါ်မှာ တစ်ယောက်တည်း သဲအိမ်ကလေးဆောက်နေသော ဖက်တီးလေးကို ဂွမ်းဆီက ညာတာပါတေးနှင့် ခိုင်းစားနေသေးသည်။

*ဆောင်းညပြာသိုစာပေ*

## မူပိုင်နှင်းဆီ – ၆၅

'ဟေး. . ညီလေးဖက်ဖက်။ ဒီနေ့B2ကို ဝင်ရှင်းပေးနော်။ ရော့. . သော့ယူသွား'

'ဘာကျွေးမှာလဲ'

'မင်းစားချင်တာ ကျွေးမယ်ကွာ. . သေချာရှင်းထားနော်'

'ဟုတ်'

ဖက်တီးလေးက နာခံစွာ ခေါင်းညိတ်ပြသည်။ မုန့်တန်ခိုးနဲ့လေ။

◆

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com

ညည့်များရင်များသလို ဦးနှောက်ခြောက်ရသည်။

တစ်နေ့တစ်နေ့ ပြဿနာပေါင်း သောင်းခြောက်ထောင် ဖြေရှင်းပေးနေရသည်။

ဟိုမယ်တော်ကြီးတွေအုပ်စုက တစ်မျိုး။

သူကိုယ်တိုင် လာမပို့လို့ ဆိုပြီး ကောက်ကွေးတော်မူနေသည်။ ကိုယ့်အမေအရွယ်ကြီးဆိုပေမယ့် အန္တရာယ်ရှိတာက ရှိတာပါပဲ။

သားသား ကြောက်ကြောက်ပေါ့။

သူသိတဲ့အချိန်ဆို ညနေတောင် စောင်းနေပြီ။

ဒါနဲ့ ဟင်းပွဲတွေယူပြီး သွားပို့ပေးတော့ ဘွားတော်က ထွက်မလာဘဲ အထဲဝင်ခဲ့ပါတဲ့. . တခြားဘော်ဒါတွေပါ ရှိနေတယ် ထင်ပြီး သူ ဝင်သွားတော့ လား. . လား. . ဘွားတော်က ကုတင်ထက်





မှာ လိမ္မော်ရောင်တောက်တောက် night dress ဂါဝန်ကြီးနဲ့ လဲလျောင်းတော်မူနေလေရဲ့. .

မိုးစက်လည်း မျက်နှာကိုလွှဲကာ

'အရမ်းနောက်ကျသွားလို့ တောင်းပန်ပါတယ် အန်တီ. . စားလို့ရပါပြီ'

'ဒီမှာ ခဏထိုင်ပါဦး မောင်လေးရယ်. .'

'ကျွန်တော် အလုပ်လေးတွေရှိလို့ သွားလိုက်ပါဦးမယ်'

'နေပါဦး မောင်လေးရယ်. . အခုလာပို့တာက မမကို စားစေချင်လို့ မဟုတ်လားဟင်'

'ဟုတ်ပါတယ်ခင်ဗျ'

'ဒါဆို မမလို့ခေါ်မှ စားမယ်. . ခုနကလို အန်တီလို့ စိမ်းစိမ်းကြီးမခေါ်နဲ့လေကွယ်. . နားထဲမှာ ခါးတယ်အရမ်း. .'

အောင်မယ်လေးဗျာ. . နန်းဆုရတီစိုးလို နှုတ်ခမ်းလေးစူပြီး လုပ်ပြနေပြန်ပြီ။

မဟုတ်တာတော့ တော်တော်မဟုတ်တော့ဘူး. . မြန်မြန်နိုးမှ. .

'အခေါ်အဝေါ်က အရေးမကြီးပါဘူး. . ဗိုက်ပြည့်အောင်စားလိုက်ပါဦး ခင်ဗျ. .'



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်မှာ ညှူကလီးယားနဲ့ဝေးနိုင်သမျှဝေးအောင် ပြေးရပြန်ရော . .

အမောဆို့လာလို့ ထိုင်ပြီး အမောဖြေမယ်မှ မကျန်သေးဘူး . . ပြဿနာတစ်ခု ထပ်တက်ပြန်ရော . .

အသက်လေးဆယ်လောက်ရှိမည့် ဧည့်သည် ယောက်ျားတစ်ယောက်က မိုးစက်ကို လာရှာပြီး

'ခင်ဗျားက မန်နေဂျာလား'

'ဟုတ်ပါတယ် . . ဘာဖြစ်လို့လဲခင်ဗျ'

'ဒီနေ့ ကျွန်တော့်အခန်းကို သန့်ရှင်းရေးဝင်လုပ်တာ ဘယ်သူလဲ . .'

'အစ်ကို့အခန်းက . .'

'Sea View က Family Room လေ'

'ဩော် . . ဘာအမှားအယွင်းများရှိလို့လဲ အစ်ကို'

'အတွင်းပစ္စည်းတစ်ခု ပျောက်နေလို့'

'ဗျာ . .'

'ဟုတ်တယ် . . အခု ပြန်လာတော့ မရှိတော့ဘူး'

'အထားမှား မှားလို့လားဗျာ . . ကျွန်တော်တို့ဟိုတယ်မှာ ဒါမျိုး တစ်ခါမှမဖြစ်ဖူးဘူးခင်ဗျ'





'ခင်ဗျားသန့်ရှင်းရေးသမားတွေ အရင်မေးကြည့်ပါဦးဗျာ'

'ဟော့ . . ကိုငွမ်းနဲ့ကိုနှမ်းကို သွားခေါ်ခဲ့စမ်း'

ခဏကြာတော့ ငွမ်းဆီတို့ညီအစ်ကိုနှစ်ယောက် ပေါက်ချလာသည်။ မိုးစက်က

'ကဲ . . အစ်ကို့အခန်းကို သန့်ရှင်းရေးဝင်လုပ်တာ သူတို့နှစ်ယောက်ပါပဲ။ မေးချင်တာကို ပွင့်ပွင့်လင်းလင်းမေးနိုင်ပါတယ်'

ဧည့်သည်က စိတ်ဆိုးဒေါသထွက်တဲ့လေသံနှင့်

'မင်းတို့ ငါ့ဟိုဒင်းကို ယူသွားတယ် မဟုတ်လား'

'ဗျာ . . ဘာ . . ဘာမှ မယူပါဘူး'

'အိုကွာ . . ယူတယ်ဆို ယူတယ်ပေါ့ . . ယောက်ျား မဟုတ်ကြဘူးလား'

'နေ . . နေပါဦး . . အခုဟာက ဘာပစ္စည်းပျောက်တာလဲ၊ ရှင်းအောင်လည်း ပြောဦးမှပေါ့'

ငွမ်းဆီက ထကောသည့်အခါ ဧည့်သည်က

'ငါ့အဖော်လေကွာ'

'ဟာဗျာ . . ပေါက်ပေါက်ရှာရှာ . . ခင်ဗျားမိန်းမကို ကျွန်တော်တို့က ယူမလားဗျ . . ကြည့်လည်းပြောဦး'

'အေးလေ . . ဟုတ်ပါရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'တိုးတိုးပြောကြဗျာ. . သူများ ကြားကုန်ရင် ရှက်စရာကြီး အဖော်ဆိုတာ. . ဟိုဒင်းကို ပြောတာ'

ဗုန်းဝေးတဲ့သူက ဝေးတာပါပဲ။

သူပြောနေတာတွေ ဘာမှ နားမလည်တော့ နားတောင် ရှုပ်သေး။

နှမ်းဆီက စိတ်ရှုပ်လာပြီး

'ဒီနေ့ သူ့အခန်းကို ငါတို့ မရှင်းဘူး မိုးစက်. . . ဖက်တီး လေး ဝင်ရှင်းတာ'

'ဟာဗျာ. . ခင်ဗျားတို့က ကိုယ့်အလုပ်ကိုယ်လုပ်မှပေါ့. . ဘယ့်နှယ် ကလေးကိုသွားခိုင်းရတယ်လို့. . လာ. . ဖက်တီးလေးကို သွားရှာမယ်'

မိုးစက်ရယ်၊ ညည့်သည်ရယ်၊ နှမ်းဆီတို့ညီအစ်ကိုရယ်. . ဖက်တီးကိုထွက်ရှာကြသည်။ ဖက်တီးလေးက အေးရာအေးကြောင်း သဲတွေပေါ်မှာထိုင်ပြီး ပူဖောင်းမှုတ်နေသည်။

'ဟေ့ကောင်. . မင်း ဘာလုပ်နေတာလဲ'

'ပူဖောင်းမှုတ်နေတာလေ. . ဒီဟာလေးက မွှေးလို့ စတော် ဘယ်ရီနံ့လေးနဲ့. . ကိုကိုရော မှုတ်ဦးမလား'

မိုးစက်က





'ထွီ'

နှမ်းဆီကပါ စိတ်ပါလာပြီး

'မှုတ်လို့ကောင်းလား။ ပေး. . ပေး. . ငါလည်း မှုတ်ကြည့် ဦးမယ်'

ညည့်သည်က ဖက်တီးလက်ထဲမှာ ပူဖောင်းမှုတ်နေတဲ့အစွပ် ကို တွေ့ပြီး

'ဟာ. . သွားပါပြီကွာ။ ဒီပစ္စည်းပဲ. . ကျွန်တော်ပျောက် သွားတာ'

ဂွမ်းဆီက ခွက်ထိုးခွက်လန်အော်အော်ပြီး ရယ်သည်။

'ဟား. . ဟား. . ဟား. . ဟား. . အတွင်းပစ္စည်း ပျောက် တယ်ဆိုလို့ ဘာများလဲလို့. . လက်စသတ်တော့ ကွန်ဒုံးကိုပြောနေ တာကိုး'

မိုးစက်က သူ့ညီပါးစပ်မှာတွေ့ပြီး ပူဖောင်းမှုတ်နေသော ကွန်ဒုံးကို ဆွဲယူပြီး လွှင့်ပစ်လိုက်သည်။

'ဖက်တီးလေး. . ပေးစမ်း. . မင်းကွာ မရှုံမရှာနဲ့. . ဘာမှ လည်း နားမလည်ဘဲနဲ့. . လုပ်ချင်ရာ လျှောက်လုပ်နေတယ်'

ပြီးတော့ ဒေါသအရှိန်မသေသေးဘဲ ညည့်သည်လှူကြီးကို လှည့်ပြီး မဲသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား တော်တော်စည်းကမ်းမဲ့တာပဲ. . ဒါမျိုးတွေကို လုံခြုံတဲ့နေရာမှာ သိမ်းလေဗျာ. . ပြီးတော့ ခုပဲ ရတနာပစ္စည်းပျောက်တဲ့ပုံစံနဲ့လာပြီး ပြဿနာရှာတယ်. . စားတယ်ဗျာ'

တကယ်လည်း စိတ်ညစ်နေပါပြီ။

ဒီနေ့ တစ်နေ့လုံး ပင်ပန်းလှပြီ။ ဒီညတော့ အိပ်ဆေးသောက်ပြီး အိပ်မှပါ။

'ကဲ. . ကိုငွမ်း. . သူ့ပစ္စည်းကို နေကြာဆီမှာပြောပြီး ပြန်သွားတောင်းပေးလိုက်ဗျာ. . တကယ့်လူပဲ'

စိတ်ပျက်လက်ပျက်ဖြင့် လေညှင်းခံဖို့ ကမ်းစပ်ဘက် သူထွက်လာခဲ့သည်။

သောင်စပ်မှာ လမ်းလျှောက်ပြီးပြန်လာသော စမ်းရေတို့အုပ်စုနှင့်သွားတိုးသည်။

စမ်းရေက အသံကြည်ကြည်လေးနဲ့

'ဟေး. . မန်နေဂျာကြီး။ ထမင်းစားပြီးပြီလား'

'စမ်းရေတို့ပါလား. . ဘယ်က ပြန်လာကြတာလဲ'

'ရွာထဲမှာ ထမင်းသွားစားကြတာ၊ ငုံးခြောက်စပ်က အရမ်းစားကောင်းတာပဲ. . နောက်ပြီး ကဏန်းပေါင်းနဲ့တို့တဲ့ အချဉ်ရေကလည်း ရှယ်ပဲ'





'စမ်းရေက ပင်လယ်စာတွေ ကြိုက်တယ်နဲ့တူတယ်။ သတိသည်း ထားဦးနော်. . ဝမ်းပျက်ဝမ်းလျှောဖြစ်နေဦးမယ်'

'ကြည့်. . တွေ့လား။ ဂျာကြီးက တွေ့လိုက်တိုင်း စမ်းရေကိုပဲ ရွေးပြီး စိတ်ပူနေတယ်. . ကျွန်မတို့လည်း ပင်လယ်စာတွေစားလာတာပဲ ဥစ္စာ. . နည်းနည်းပါးပါးစိတ်ပူပေးဖော်မရဘူး'

'ဟာဗျာ. . ခင်ဗျားတို့ကလဲ'

ယောကျ်ားတန်မဲ့ ရှက်ကိုးရှက်ကန်းဖြစ်သွားတဲ့ မျက်နှာချောချောလေးကို စမ်းရေက သဘောကျလှသည်။ သာမန်အရပ်သားတစ်ယောက်က မင်းသားရုပ်ထွက်နေတာ ထူးဆန်းသည်။

တချို့ဆို မင်းသားသာ ဖြစ်နေတာ. . ရုပ်က လူကြမ်းရုပ်၊ ဇာတ်ပို့ရုပ်သာသာပဲ ရှိတာလေ. .

'ကိုမိုးစက်. . မင်းသား မလုပ်ချင်ဘူးလား'

စမ်းရေက သွေးတိုးစမ်းပြီး မေးလေလျှင် မိုးစက်က

'မလုပ်ချင်ဘူးဗျ. . ကျွန်တော် ဒီကမ်းခြေလေးမှာပဲ ပျော်တာ. . ဒါပေမယ့် ဒီနေ့တော့ စိတ်နည်းနည်းရှုပ်နေတယ်ဗျ။ အဲဒါကြောင့် စိတ်ပြေမလားဆိုပြီး ဒီဘက်ထွက်လာခဲ့တာ'

မိုးစက်မျက်နှာ တကယ်လည်းမရွှင်တာမို့ စမ်းရေက စိတ်ဘူးချပြီး



www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . ဒါဆို အတော်ပဲ. . ဒီည စမ်းရေတို့ မီးပုံပွဲလုပ်ကြ
မယ်လေ. . ဂျာကြီးက လိုအပ်တာတွေ စီစဉ်ပေးပေါ့. . ဒီဟိုတယ်
က ဝန်ထမ်းတွေရော. . ဧည့်သည်တွေပါ အကုန် ဝိုင်းပျော်ကြ
အောင်. . နော်. .'

ကိုယ့်ဧည့်သည်ရဲ့တောင်းဆိုချက်ကို မလိုက်လျောဘဲ သူ
မနေနိုင်ပါ။

'ကောင်းပါပြီဗျာ. . ကျွန်တော် အားလုံးစီစဉ်ပေးပါ့မယ်
ကာရာအိုကေရော ဆိုကြဦးမလား'

'ဟာ. . ဒါတော့ ပါရမှာပေါ့'

'အိုခေလေ. . ခဏနေရင် စ,ကြတာပေါ့. . ဧည့်သည်တွေ
ကို လိုက်ပြောခိုင်းလိုက်ဦးမယ်'

မျက်လုံးညိုကြီးတွေနဲ့ စိုက်ကြည့်ပြီး စကားပြောလာရင်
စမ်းရေ လက်ဖျားလေးတွေ အမြဲ အေးလာတတ်သည်။ သူဟာ
တကယ်ပဲ မျက်လုံးအားကောင်းတဲ့ ယောကျ်ားတစ်ယောက်ပါ။

ဒီနေ့ မီးပုံပွဲဟာလည်း သူစိတ်ချမ်းသာစေဖို့ လျှပ်တစ်ပြက်
ပေါ်လာတဲ့ စိတ်ကူးသက်သက်သာ။

စမ်းရေရဲ့ရာဇဝင်မှာ သူများအတွက် စဉ်းစားပေးတာ
ဒါ ပထမဆုံးပင်။

*ဆောင်းညပြာသိုစာပေ*



ကိုယ့်ဘဝမှာ ကိုယ်က ဘုရင်မပဲ. . ဘာမဆို အားလုံးရဲ့
အလေးပေးဂရုစိုက် ဖူးဖူးမှုတ်ခြင်းကိုခံခဲ့ရတာ။

သူငယ်ချင်းတွေကလည်း သိနေကြပြီ. . မိုးစက်ထွက်သွား
တော့ ဝိုင်းစကြသည်။

'စမ်းရေကြည့်. . ဒါ နောက်ဆုံးပေါ်စတန့်လား ပြောစမ်း'

'ငါ ဘာစတန့်မှ မလုပ်ပါဘူးဟယ်'

'အမယ်လေး. . ဒါမျိုးတွေ ရိုးနေပြီနော်. . နင်က မိုးစက်
စိတ်ညစ်နေတယ်ဆိုတာနဲ့ ချက်ချင်းထပြီး မီးပုံပွဲလုပ်တော့တာပဲ'

'ဟုတ်တယ်ဟာ. . ဟုတ်တယ်. . ဘာဖြစ်လဲ။ သူ့မျက်နှာ
လေး ညှိုးနေတာ ငါခံစားလို့မရဘူး. . ဘာဖြစ်လို့လဲတော့ မမေးနဲ့
no answer ပဲ'

စမ်းရေရဲ့ဘော်ဘော်တွေက တကယ်မနိုင်ဘူး. . ဆိုသည့်
သဘောဖြင့် ဆလံသသူက သ၊ ပခုံးတွန့်သူက တွန့်ကြသည်။

စမ်းရေကတော့ ဒါတွေကို သတိမပြုအားပါဘူး။

မိုးစက်ပျော်သွားအောင် ဘယ်လို surprise လုပ်ရမလဲဆို
တာ အပြေးအလွှားတွေးနေရတုန်း။

အင်း. . . အကယ်ဒမီရွှေတစ်ကွက်တော့ ပြပေးဦးမှ. .

♦

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com

## မိတ်ဆက်ပွဲ (သို့မဟုတ်) မီးပုံပွဲ

သဲပြင်ပေါ်မှာ စားပွဲတွေဆက်ပြီး လူအရေအတွက်အတိုင်း ထိုင်လို့ရအောင် အရှည်ကြီးခင်းထားသည်။

အဲဒီစားပွဲပေါ်မှာ barbecue အစုံရှိသလို ထမင်းကြော် နှင့်ခေါက်ဆွဲကြော်တွေလည်း ပြင်ပေးထားသည်။

အချဉ်ထည့်ဖို့ ခွက်သေးသေးလေးတွေ၊ ကြွေပန်းကန်လုံး တွေ၊ အအေးထည့်သောက်ဖို့ ဖန်ခွက်တွေ အားလုံး သူ့နေရာနှင့်သူ စနစ်တကျပြင်ဆင်ပေးထားသည်။

လပြည့်နေတဲ့ ညလေးတစ်ညမှာ ကောင်းကင်ကြီးအောက် ကမ်းခြေရဲ့တစ်နေရာမှာ အဖြူရောင်ဘောင်းဘီ၊ အကျႌအဖြူလက်





ပြတ်လေးဝတ်ထားတဲ့ ဆံပင်ရှည်ရှည်နဲ့ ကောင်မလေးတစ်ယောက် အရမ်းကိုလှနေသည်။

သူကတော့ စမ်းရေကြည်ပေါ့။

ဝန်ထမ်းတွေရော ဧည့်သည်တွေပါ လူစုံပြီဆိုတော့ ဦးလန်ချက်က ဝမ်းသာအားရ မိန့်ခွန်း ထပြောသည်။ ပြောချင်နေတာ တော်တော်ကြာပြီဆိုတော့လေ။

'အဟမ်း. . အဟမ်း. . အဟမ်း. . အဟမ်း. . ကြွရောက် လာကြတဲ့ ဂုဏ်သရေရှိ ဧည့်သည်အပေါင်းတို့ ခင်ဗျာ. . ပထမဆုံး ပြောချင်တာက ဒီနေ့ဟာ လပြည့်နေ့ ဖြစ်ပါတယ်'

ဧည့်သည်တွေက ဝိုင်းပြီး ထောပနာပြုကြသည်။

'ငါတို့များ အကန်းတွေအောက်မေ့နေသလား မသိဘူး'

'အေးလေ. . လပြည့်တာများ သူပြောမှလား ဘာတွေလာ ပြောနေလဲ မသိဘူး'

ဦးလန်ချက်က ဆက်ပြီး လေကြောရှည်လေသည်။

'ရာသီဥတုကလည်း ကျွန်တော်တို့ဘက် ပါနေပါတယ်. . ဧည့်သည်တွေအားလုံး အတူတူပျော်စေချင်တဲ့ဆန္ဒနဲ့ ကျွန်တော်တို့ တိုတယ်က မီးပုံပွဲနဲ့ စားစရာများကို တည်ခင်းပြီး. . အကောင်းဆုံး ဝန်ဆောင်မှုပေးထားပါတယ်။ အပြည့်အဝပျော်ကြပါလို့. . နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုက စည့်သည်အချင်းချင်း ပိုပြီး ရင်းနှီးနွေးထွေးစေဖို့ တစ်ဦးချင်းစီက ကိုယ့်နာမည်နဲ့အလုပ်အကိုင်လေးတွေပြောပြီး မိတ်ဆက်ပေးမဲ့ အစီအစဉ်ဖြစ်ပါတယ်။ နောက်ဆုံးပြောချင်တာက ဒီဟိုတယ်မှာ အလုပ်လုပ်တဲ့ ဝန်ထမ်းတွေအားလုံး ပုံစံမကျရင် ကျွန်တော့်ဆီ တင်ပြလို့ရပါတယ်။ ဒါနဲ့မှ မကျေနပ်ရင်. . သူတို့ကို ရိုက်ချင်သပဆို ဖြတ်ရိုက်ပစ်လိုက်လို့ရပါတယ် ခင်ဗျ'

ဝန်ထမ်းတစ်ဖြစ်လဲ သူ့သားသမီးတွေအားလုံး ရှုံ့မဲ့ကုန်ကြသည်။ မိုးစက်က

'ကဲ. . ဒီဘက်က အန်ကယ်ကြီး အရင် စလို့ ရပါပြီ'

ဂန်ဒူးနဲ့ အကြောမတည့်တဲ့ အဘိုးကြီးက မတ်တတ်ထရပ်ပြီး -

'My name is မြင့်မောင်တင့်ခေါင်. . အလုပ်အကိုင်က မြင့်မောင်Import & Export ကုမ္ပဏီ ထောင်ထားပါတယ်။ ဒီကိုလာရတဲ့အကြောင်းရင်းက ရင်ခုန်ပြီး ချိုမြိန်တဲ့အရသာတွေကို ခံစားချင်လို့ ဟန်းနီးမွန်းထွက်လာတာပါ။ ဟောဒါလေးက. . ကျွန်တော့်ရဲ့ချစ်ဇနီးလေး ယမင်းနွဲ့လို့ ခေါ်ပါတယ်. . အသက် နှစ်ဆယ်ပဲ ရှိပါသေးတယ်'

အန်တီမမများအဖွဲ့က မဲ့ရွဲ့စောင်းချိတ်ပြီး

ဆောင်းညပြာသိုစာပေ



'အမယ်လေးဟဲ့. . နွားအို မြက်နုကြိုက်တဲ့အကြောင်း လူသိအောင် ကြော်ငြာဝင်နေသေးတယ်'

နေကြာကို ဝင်ဝင်ပြီးရောတဲ့ ကိုကိုလူပျိုများအဖွဲ့ကတော့ ပြောနေကြလေရဲ့။

'ဆော်တွေ. . တကယ်မမိုက်ဘူးကွာ စပွန်ဆာတွေနောက်ပဲ လိုက်နေကြတယ်. . ဒီပုံအတိုင်းဆို ငါတို့ ဘယ်နံပါတ်ကို ချိတ်ရမလဲ မသိဘူး'

'အေးလေကွာ. . သက်တူရွယ်တူချင်း ရွေးကြပါလား'

ဦးလန်ချက်က ထိုဘိုးတော်ကို သနားတယ်. . ဟူသော အကြည့်ဖြင့် ကြည့်ပြီး ခနဲ့သည်။

'ခင်ဗျား ကျွန်တော့်ကို မမီသေးဘူးဗျ. . ကျွန်တော့်မှာဆို အရားဝင်က သုံးယောက်တောင်ရှိတာ။ တိတ်တိတ်ပုန်းနဲ့ဆို. . စဉ်းစားသာ ကြည့်ပေတော့ဗျာ'

ဦးမြင့်မောင်ကလည်း မခံ။

'ဟုတ်လား. . ဒါဆို ဒီဟန်းနီးမွန်းမှာ နောက်တစ်ယောက်ရအောင် ကြိုးစားရတော့မှာပေါ့'

ထိုနောက် ယမင်းနွဲ့ဘေးမှအချော်လကောက်က သူ့ကိုယ်သူ မိတ်ဆက်သည်။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီဟိုတယ်မှာ ရှိရှိသမျှဝန်ထမ်းတွေ အားလုံးဟာ သူ့မိန်းမတွေနဲ့ သူ့ကလေးတွေချည်းပဲ။

ဦးလန်ချက်ရဲ့ပထမမဟေသီ ရာထူးကြီးကြီး ရ,ထားသူက ဒေါ်ပတ္တမြား။ (သူ့ရဲ့နာမည်ပြောင်က ဒေါ်မှုန်ကုပ်)

ဦးလန်ချက်က ဒေါ်ပတ္တမြားရဲ့ ကုန်ထုတ်စက်ရုံမှာ ငွမ်းဆီ၊ နှမ်းဆီနဲ့ နေကြာ. . လို့ ခေါ်တဲ့ သားသမီးသုံးယောက်ကို ထုတ်ပါတယ်။

ငွမ်းဆီနဲ့နှမ်းဆီက နှစ်နှစ်ကြီး နှစ်နှစ်ငယ် ညီအစ်ကိုတွေဖြစ်ပြီး အစ်ကိုဖြစ်သူက ပေါ်ပေါ်၊ ညီဖြစ်သူက ခေါ်ခေါ်ပင်။

နှမ်းဆီရဲ့ ရှေ့သွားတွေက မဆိုစလောက်လေး ခေါနေသည်။(အုန်းသီးလောက်တော့ အသာလေးခြစ်လို့ရလောက်သည်)

သူတို့ရဲ့ညီမလေးနေကြာက ရုပ်အခံလေး လှသည်။ ချစ်စရာကောင်းသည်။ ဆွဲဆောင်မှုရှိသည်။

အဲဒီတော့. . သူတို့ကို ယောက်ဖ ခေါ်တဲ့သူတွေ များတာဘာဆန်းလို့လဲ။

နောက်ပြီး နေကြာက အဖေဖြစ်သူရဲ့စီးပွားရေးကို မျက်နှာလေးတစ်ကွင်းနဲ့တင် ဖြည့်ဆည်းပေးနေတာ။

သူ့ကြောင့် ဒီဟိုတယ်မှာလာတည်းပြီး မပြန်နိုင်ဘဲ သောင်





တင်နေတဲ့သူတွေက ၅၀ %လောက် ရှိသည်။ ဒါကို သူ့အဖေက သည်း သိပ်ပုံရသည်။

သဟောက်သဟ လုပ်ပြီး ပေါက်ငမ်းခံရတဲ့အထဲမှာ နေကြာတစ်ယောက်သာ စက်ကွင်းလွတ်သည်။

ဦးလန်ချက်ရဲ့နံပါတ်နှစ်က ဒေါ်ကေသီတု(နာမည်ပြောင်တာ ဖွာဖွာ)။

စကားဖွာလွန်းသည်။ လျှို့ဝှက်ချက် မှန်သမျှ သူ့ရှေ့မှာ သွားပြော အကုန်ပေါက်ကြားစေရမည်။ ပိုပိုသာသာလေးတောင် ဆည့်ပြောတတ်သေးတာ။

သူနဲ့ကျတော့ သားသမီးက သုံးယောက် ရသည်။

အမြွှာတစ်စုံပါပြီး နာမည်က ပျံ့ဒူးနဲ့ ဂန်ဒူး။ သိပ်ချစ်ကြတဲ့ ညီအစ်ကိုတွေပေါ့။ တစ်နေ့မှာ အကြိမ်နှစ်ဆယ်လောက် ဖက်လုံးနေကြတာ။

အငယ်ဆုံးညီမလေးက ပြာပြာ. . တဲ့။

Gene ပါလာတော့ သူလေးကလည်း သူ့အမေသွေး ပါပြီး ခပ်စုသည်။ ဝါဒဖြန့်သည်။

ဦးလန်ချက်မှာ သနားတတ်တဲ့ စိတ်ကလေးတော့ ရှိသေးသည်ဟုဆိုရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်က မိတ်ကပ်မောင်မောင်ညီပါ။ မင်းသမီးတွေ အားလုံးနီးပါးကို ကျွန်တော် ကိုင်ဖူးပါတယ်'

'ဟဲ့. . ဘာကိုင်ဖူးတာတုန်း'

'အေးလေ. . အတင့်ရဲလိုက်တာ'

'တူးဝေး ဖြစ်မှာပေါ့'

မိတ်ကပ်မောင်မောင်ညီက လက်ကလေး ကာပြပြီး ကနွဲ့ ကလျနိုင်စွာ -

'ဘာတွေ လျှောက်ပြောနေကြတာလဲ. . ကျွန်တော်က သူ တို့မျက်နှာတွေ ကိုင်ဖူးတယ်လို့ပြောတာ. . ကျွန်တော့်လက်နဲ့မလွတ် တာ များတယ်လေ။ ဒါပေမယ့်. . ကျွန်တော် တကယ်ကိုင်ချင်တာ က မင်းသားရဲ့ဟိုဒင်း'

စမ်းရေတို့အုပ်စုမှ ဂေါ်မများက ဝိုင်းဟားကြသည်။

'အပေါ်လား အောက်လားဆိုတာ. . ရှင်းရှင်းလင်းလင်း သိချင်ပါတယ်'

'အောက်ကိုင်ရင် ပိုအဖြစ်မြန်တာပေါ့. . သိတယ် မဟုတ် လား. . ကျွန်တော့်လက်နဲ့ထိရင် ချက်ချင်းကြီးသွားရော'

မိတ်ဆက်ခိုင်းပါတယ်ဆိုမှ. . ဘာတွေ လာပြောနေမှန်းကို မသိပါ။





'ဟဲ့. . စကားကို ရှင်းရှင်းပြောကွယ်။ ငါတို့က အဘိုးကြီး တွေဆိုတော့ နားရှက်တယ်ဟဲ့'

အန်တီမမများက ဝိုင်းပြောကြပြီမို့ မောင်မောင်ညီ ဆိုတဲ့ မိန်းမလျာမက

'ဩော်. . မင်းသားမှာက နှစ်မျိုးရှိတယ်လေ။ အပေါ်မင်း သားနဲ့ အောက်မင်းသား. . ကျွန်တော်က အောက်မင်းသားကိုပိုပြီး လိမ်းပေးချင်တယ်. . သနားလို့'

ခေတ်လူပျိုလေးတွေက

'ကျော်ချမ်းချင်စရာကြီး။ သနားလို့ ဆွဲစားမယ့်ရုပ်ကြီးနဲ့'

ဂန္ဒူးက မောင်မောင်ညီကို ချက်ချင်းပင် ခင်သွားသည်။ လိုင်းတူလို့။

အန်တီမမများအဖွဲ့ရဲ့ခေါင်းဆောင် မိုးစက်ကို မျက်စိကျ နေသော ဒေါ်မာလာမဉ္ဇူက

'ကျွန်မတို့တစ်ဖွဲ့လုံးက ပျော်ပျော်နေတတ်ပါတယ်ရှင့်. . တင့်တင့်တို့အရွယ်ဆိုတော့လေ. . ကျွန်မနာမည် မာလာမဉ္ဇူ လို့ ခေါ်ပါတယ်။ ဒီဟိုတယ်နဲ့ပတ်သက်ပြီး မှတ်ချက်ပေးရရင်တော့'

စကားကိုဆက်မပြောသေးဘဲ မိုးစက်ညိုကို မျက်လုံးရွဲကြီး တွေနဲ့ စိုက်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'မန်နေ့ဂျာလေးက အရမ်းဖြောင့်တယ်ရှင့်'

အားလုံး ပြုံးစိစိတွေဖြစ်ကုန်ကြသည်။

မိုးစက်က စမ်းရေမျက်နှာလေးကို လှမ်းအကြည့်မှာ နီလာမက စမ်းရေရဲ့ရင်ဘတ်ကို လက်ဖြင့် ဖိပေးနေတာ တွေ့လိုက်ရသည်။

ဒီဘွားတော်တွေ တော်တော့်ကို မလွယ်တာပါ။

နောက်တစ်ယောက်က. . မျက်လုံး နှစ်လုံးက ဇီးကွက်လောက် ပြူးကာ ပါးစပ်ကပြုံပြုံ နားရွက်က ကားကားဖြင့် မသိလျှင် တခြားဂြိုဟ်ကမ္ဘာက ဆင်းလာတဲ့အတိုင်း။

လည်ပင်းမှာ မှန်ပြောင်းတစ်လက်က ချိတ်ထားသေး။

'ကျွန်တော့်နာမည် ပြေတီလူးပါ. . '

'အမယ်လေးဟဲ့. . ပြေတီဦးမှ အားမနာ'

'ဟုတ်ပ. . ရုပ်နဲ့နာမည်က ဆန့်ကျင်ဖက်ကြီး'

ဘယ်သူတွေ ဘာပဲပြောပြော. . ထိုင်နေက ဆောင့်ကြွားကြွားနိုင်စွာ ငါးစင်ရိုင်းပြုံးလေး ပြုံးရင်း(နှုတ်ခမ်းမွေးပါလို့)

'ဒီလိုပါ. . ကျွန်တော်က မင်းသား ပြေတီဦးကို အရမ်း crazyဖြစ်တာ၊ ဒါနဲ့ ကျွန်တော့်မိဘလက်ငုတ်နာမည်ဖြစ်တဲ့ လာလူးကို ပြေတီလူးလို့ ပြောင်းလိုက်တာ. . အလကားပြောင်းတာ မဟုတ်





ဘူးနော်. . လူတကာကို မုန့်လက်ဆောင်းတိုက်ပြီး ပြောင်းထားရတာ. . နောက်ပြီး ကျွန်တော်က ဘောစိ'

'ဟီး. . ဟီး. . ခွိ. . ခွိ'

ကိုယ့်ကိုယ်ကို သူဌေးပါလို့ ကြော်ငြာဝင်နေတဲ့ဥစ္စာ၊ ဘာတိစ္စရယ်နေကြတာတုန်း။

ဦးမြင့်မောင်က -

'ကိုပြေတီလူးက ဘာအလုပ်လုပ်တာလဲ'

'ဘာမှကို မလုပ်တာဗျာ. . မိဘတွေ ထားခဲ့တဲ့အမွေတွေနဲ့ ထိုင်စားနေတာ. . ဒီတစ်သက် စားလို့မကုန်နိုင်ဘူး'

'ငကြွား'

နွယ်သာကီက ဂန်ဒူးအနားမှာ လာရပ်ပြီး ဘိုးတော်မြင့်မောင်ကို ခွင်ဖန်ဖို့ ချောင်းနေလေသည်။

ဂန်ဒူးက တိုးတိုး တိုးတိုးဖြင့်

'ဟဲ့. . သာကီမ. . ဘေးမှာ အနှောင့်အယှက်ကြီးရှိတယ်နော်. . ကြည့်ကျက်လုပ်ဦး'

'ကိုကိုဂန်ရယ်၊ သာကီတို့က မပိုင်ရင် ခြင်ထောင်မထောင်ဘူး'

'ခြင်တောင် မရိုက်ဘူး လုပ်စမ်းပါ'



www.burmeseclassic.com

www.burmeseclassic.com

## ဘူ့ရှာမရှိတယ် – ၈၄

'မှားလို့ . . မှားလို့ . . ကိုကိုဂန် အဘိုးကြီးသောက်မယ့် ခွက်ထဲကို ဝမ်းနှုတ်ဆေးထည့်ပေးမယ်လေ . . မကောင်းဘူးလား'

'နဂိုကတည်းက တေ့နေတာ သာကီမရေ . . . တော်ကြာ လျှောသွားလို့ ဒုက္ခရောက်နေဦးမယ်'

'အို . . လျှောတာ မလျှောတာက သူ့ကံပဲ . . ခုနတုန်းက အဘိုးကြီး ပြောသွားတယ်လေ . . ဟန်းနီးမွန်းအရသာခံချင်လို့ဆို၊ ချီးစိမ်းပန်းပြီး သူလဲသွားရင် . . အဲဒီအရသာပျက်ပြီပေါ့ . . ဟုတ်ဘူးလား'

သာကီ့စကားကို သဘောပေါက်သွားပြီး ဂန်ဒူးက လက်ဖျောက်တစ်ချက်တီးကာ -

'ဒါပဲပေါ့ . . ငါ့ညီမလေး သိပ်တော်တာပဲ . . ဒီလိုအကွက်မြင်ပုံနဲ့ဆို သိပ်မကြာခင်မှာ ဗိုလ်ကြီးကတော်ဖြစ်တော့မှာ . . ကျိန်းသေပဲ . . ကျိန်းသေပဲ . . ရိုက်လိုက်ပါဦး'

ဂန်ဒူးနှင့်သာကီတို့ လက်ဝါးချင်းရိုက်လိုက်ကြသည်။

တစ်ယောက်ပြီး တစ်ယောက် မိတ်ဆက်တဲ့ အစီအစဉ်အပြီးမှာတော့ မီးပုံပွဲကို စပြီးကျင်းပကြသည်။

ကာရာအိုကေဖြင့် မီးပုံပွဲသီချင်းကိုဖွင့်ပြီး ဝိုင်းဆိုကြသလို လက်ချင်းတွဲ၍ မီးပုံကြီးကို ပတ်ကြသည်။

*ဆောင်းညပြာသို့စာလေ*

## မွှုဝိုင်နှင်းဆီ – ၈၅

လူငယ်တွေက မီးရှူးမီးပန်းတွေ ဖောက်ကြသည်။

မိုးစက်ညိုက စမ်းရေ၏လက်ကလေးကို တွဲပြီး မိုးမမြင်လေမမြင်ဖြစ်နေသည်။

တစ်နေကုန် ငရဲခံခဲ့ရသမျှ ခုမှပဲ လောကနိဗ္ဗာန်ကို တွေ့ရတော့သည်။

မင်းသမီး၏လက်ကလေးတွေကလည်း နူးညံ့အိစက်လို့ . . ဖော့ဖယောင်းလေးကျနေတာပဲ . . ကောင်းလေစွ . . ကောင်းလေစွ။

ဒီလိုအခွင့်အရေးလေးရလို့ ပျော်နေတုန်းမှာ ဖြုန်းဆို မာရ်နတ်မကြီး ရောက်ချလာသည်။

မိုးစက်ရဲ့ကျန်လက်တစ်ဖက်ကို အတင်း လာဆွဲပြီး ဝင်ရောသည်။

'မောင်လေးတော့ မသိဘူး . . မမတော့ အရမ်းပျော်တာပဲတွယ်'

မိုးစက်က မျက်နှာပူကာ စမ်းရေမျက်နှာလေးကို ငဲ့ကြည့်သည်။ စမ်းရေက သူမပခုံးလေးကို ဟန်ပါပါတွန့်ပြလေသည်။

ကံကောင်းချင်တော့ သီချင်းက ပြီးဆုံးသွားလေသည်။

မိုးစက်က ခပ်တည်တည်ပင် ဒေါ်မာလာရဲ့လက်တွေကို ဖြုတ်ချခဲ့ကာ စမ်းရေကို ဆွဲခေါ်လာခဲ့သည်။

*ဆောင်းညပြာသို့စာလေ*

www.burmeseclassic.com

www.burmeseclassic.com



'စမ်းရေ. . မောနေပြီ. . လာ. . အအေး သွားသောက်ကြမယ်'

စားပွဲရှည်ကြီးနားမှာ Coca.Cola တစ်ခွက်ကိုင်ပြီး ရပ်စောင့်နေသော နွယ်သာကီကိုတွေ့ပြီး

'သာကီ. . ကိုကို့အတွက် ထည့်ပေးထားတာလား'

'ဟင့်အင်း. . ဟိုဘဘကို တိုက်မလို့'

'ဘယ်က ဘဘလဲ'

'ဟန်းနီးမွန်းထွက်လာတဲ့ဘဘကို ပြောတာ၊ အားရှိအောင်လို့ အဟိ. .'

မိုးစက်က သာကီ့ခေါင်းကို လက်ဖြင့် အုပ်ကာ

'အမယ်. . ငါ့ညီမက တယ်လိမ္မာနေပါလား. . ညှော်ဝတ်တွေဘာတွေ ကျေလို့'

'မမစမ်းရေ. . ဒီည အရမ်းလှတယ်သိလား. . ပြီးတော့လေ. ၊ ခုနတုန်းက ပုံဆို မသိရင် တကယ့်ချစ်သူတွေအတိုင်းပဲ'

'ဟာ. . ဒီကောင်မလေး ညှော်သည်ကို ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး'

'သာကီ မြင်တဲ့အတိုင်း ပြောတဲ့ဟာကို. . ကိုကိုနဲ့မမစမ်းရေ အရမ်းလိုက်ဖက်ညီတယ် သိလား'





မိုးစက် ရှက်နေတာလေးကို. . စမ်းရေက သဘောကျလှသည်။

ဒီလူ. . တကယ်ပဲ ရည်းစားမထားခဲ့ဖူးဘူးလား။

ဒီလောက် ရုပ်ထွက်ပြီး ဆော်ကြည်နေတဲ့ဟာကို. .

ဆော်ကြည်တာမှ ဘွားတော်တွေတောင် ပါသေး။

'စမ်းရေ. . ရော့. . လိမ္မော်ရည်လေး သောက်လိုက်. . ကိုယ် ဂျာနယ်ထဲမှာ ဖတ်ဖူးတယ်၊ တစ်နေ့ လိမ္မော်ရည် နှစ်ခွက်သောက်ရင် စိုးရိမ်ပူပန်တဲ့စိတ်တွေကို လျှော့ချနိုင်တယ်တဲ့'

'ကိုမိုးစက်က ဗဟုသုတလည်း ကြွယ်တယ်နော်. . အချက်အပြုတ်လည်း ကောင်းတယ်. . စမ်းရေက အနုပညာပဲ ဝါသနာပါတာ. . မိန်းမပီပီသသ အချက်အပြုတ်ဆို လုံးဝမရဘူး'

ချစ်စရာကောင်းတဲ့ အမူအရာလေးနဲ့ ချစ်စဖွယ်အပြောလေးကို မိုးစက်က အပီငြိသွားသည်။

စေတနာတွေ ကမ်းပါးပြိုသလို ပြိုဆင်းလာကာ

'မချက်တတ်လည်း ကိစ္စ မရှိဘူး. . . ကိုယ် ချက်ကျွေးမှာပေါ့'

မီးပုံပွဲမှ မီးရဲ့အရောင်ဟပ်မှုကြောင့်လား၊ ကောင်းကင်မှ ကြယ်လေးတွေရဲ့အကူအညီကြောင့်လား ဘာကြောင့်မှန်းမသိသာ



www.burmeseclassic.com

www.burmeseclassic.com



စမ်းရေရဲ့မျက်လုံးလေးတွေ အရောင်တဖျပ်ဖျပ်လက်သွားတာ သူ သေချာတွေ့လိုက်ရသည်။ သူမက အပြုံးလက်လက်ကလေးနဲ့

'စကားကျွံရင် နုတ်လို့မရဘူးနော် ဆရာ'

'အကျွံခံမယ်ဆိုရင်ကော. . .'

'သွားပါ. . ဘာတွေ လာပြောနေမှန်းမသိဘူး'

မိုးစက်က စမ်းရေရဲ့အမူအရာလေးကို အသည်းယားလှကာ မချင့်မရဲဖြစ်မိတာ အမှန်ပင်။

နွယ်သာကီက ယမင်းနွဲ့ အိမ်သာအသွားကို ချောင်းကာ အဘိုးကြီးကို ဝင်လုံးသည်။ (နပန်း မဟုတ်ပါ။ စကားနဲ့)

'ချစ်အန်ကယ်ကြီး. . .'

ဘိုးတော်ကလည်း အကင်းပါးမှပါး။ ပြုံးချိုရုံမက မျက်နှာမှာ ပုရွက်ဆိတ်ပါ တက်နိုင်လောက်သည့် သကာလောင်းထားသော သာကီ့မျက်နှာကြီးကိုအတွေ့မှာ-

'အိုး. . my sweet babyလေးပါလား. . ဒီနား လာစမ်းပါဦးဗျ'

'လာမှာ. . လာဦးမှာ. . ဒီကလည်း လာချင်လွန်းလို့၊ အန်ကယ့်ကို ဒီအအေးလေးတစ်ခွက် တိုက်ချင်လို့ စောင့်လိုက်ရတာမှ ခြေတညောင်း. . ဟွန်း'





ပဲနည်းနည်းပိုနေသည့် သာကီ့တော်ကီကြောမှာ အဘိုးကြီး ဝက်လက်မျောပြီး ဟတ်ကော့ကြီးဖြစ်သွားသည်။

'ကလေး သောက်စေချင်ရင် ခုချက်ချင်းသောက်ပြဦးမယ် ကဲ. . . ပေး'

ဟွန်း. . နှာကြောက တင်းပုံ။

ခွက်ထဲ ဝမ်းနုတ်ဆေး မထည့်ဘဲ အဆိပ်သာ ထည့်ထားရင် အခုချိန်လောက်ဆို ဘိုးတော် ဂန့်နေလောက်ပြီ။ သောက်နေလိုက်တာများ တဂွပ်ဂွပ်နဲ့. . .

'အား. . . ရင်ထဲကို အေးမြသွားတဲ့ အချိုရည်လေး. . . အချစ်လေးက တိုက်လိုက်တဲ့ အချိုရည်လေး. . .'

ဆိုသာဆို. . . ဆိုသာဆို. . . ညကျရင် ပန်းမြိုင်လယ်က ဥယျာဉ်မှူးဖြစ်တော့မှာ. . . အဟိ။

'အန်ကယ် အချိုရည်တိုက်ပြီးပြီလေ. . မုန့်ဖိုးပေး'

'အေး. . အေး. . မေ့သွားလို့. . . ဘယ်လောက်ပေးရင် တောင်းမလဲ သမီး'

'အဟီး. . စေတနာ တကယ်ရှိရင် ဆင်ကြီးအရွက် နှစ်ဆယ်လောက်ပေးပေါ့ အန်ကယ်ကြီးရဲ့'

အဘိုးကြီးက ဒါမျိုးဆို မနှမြောပါဘူး။ ပက်ခနဲပေးလိုက်သ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ ဟိုဆတ်စလူးစိန်ကလည်း သူ့ပါးစပ်ကို လက်နဲ့ကပ်ပြီး အာဘွား ဆယ်ခါလောက် လုပ်ပြကာ ဖင်လေးတခါခါဖြင့် ထွက်သွားလေသည်။

သူများကို မစားရ အညှော်ခံခိုင်းပြီး ပိုက်ဆံတစ်သိန်းရသွားတဲ့ မိန်းမ။

အိမ်သာမှပြန်လာသော ယမင်းနွဲ့က တစ်ယောက်တည်း စပ်ဖြဲဖြဲလုပ်နေသော သူ့ရဲ့ဒါလင်အိုကြီးကို စစ်လားဆေးလားလုပ်တော်မူသည်။

'ကိုကို ဘာဖြစ်နေတာလဲ၊ တစ်ယောက်တည်း တပြုံးပြုံးနဲ့'

'ဩော်. . ဟိုမှာလေ. . ခါချဉ်လေး ဖင်ခါသွားလို့'

'ခါချဉ်က ဖင်ခါသွားတယ်. . ဘယ်မလဲ. . ကိုကို ပြောတော့ အဝေးမှုန်နေတယ်ဆို'

'မြင်ချင်တဲ့ဟာဆို ပါဝါတွေ လျော့သွားပါတယ်'

'ကဲပါ. . ဟိုမှာ ကာရာအိုကေ စနေကြပြီ. . ကိုကိုနဲ့သည်းလေးနဲ့ နှစ်ကိုယ်တူချစ်သမျှသီချင်း ဆိုမယ်နော်'

'ဟား. . ဆိုရမှာပေါ့. . လာ. . သွားမယ်. . let's go'

သူတို့အလှည့် မရောက်ခင်မှာ အန်တီမမကြီးက ထွန်းအိန္ဒြာဗိုလ်ရဲ့သီချင်းတစ်ပုဒ်ကို အပီဟဲနေသည်။





♫ မ. . . မမရဲ့မောင်လေး. . . ♫

မျက်လုံးသေနတ်တွေက မိုးစက်ကို ချိန်ပြီး ပစ်နေပြီမို့

'စက်ကွင်းမလွတ်ဘူး။ စမ်းရေ. . ကိုယ်တော့ လစ်ပြီ'

သူပဲ လစ်တာ မဟုတ်။ စမ်းရေလက်ကိုပါ ဆွဲပြီး ကမ်းစပ်ကို ထွက်ပြေးလာသည်။

သူတို့နှစ်ယောက် မနားတမ်းပြေးကြသည်။ စမ်းရေကြည်ရဲ့နောက်ကို ပါပါရာဇီတစ်ယောက် လိုက်နေတာကို လုံးဝမရိပ်မိကြပေ။

ကမ်းခြေမှာ လက်ချင်းတွဲပြီး ကြည်နူးနေကြတဲ့ပုံတွေကို အမိအရ လိုက်ရိုက်နေသည်။

ရုတ်တရက် မိုးစက်က ပြေးနေရာမှ ရပ်တန့်လိုက်သောအခါ ဆယ်မြားလျော့နေသော ပါပါရာဇီက ကြောင်ပြီး ကမ်းစပ်မှာ ငုတ်တုတ်ထိုင်ချလိုက်သည်။

ဒါကို စမ်းရေက မြင်ဖြစ်အောင် မြင်သွားပြီး

'ဟယ်. . ရှက်စရာကြီး'

'ဘာလဲ. . ဘာမြင်လို့လဲ'

'ဟိုမှာလေ. . ဟိုလူကြီးပေါ့. . ကြီးကြီးနဲ့ ရှက်လည်းမရှက်ဘူး. . ရှုရှုထိုင်ပေါက်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အန္တရာယ်ကို မလွယ်နိုင်လို့ဖြစ်မှာပေါ့. . သွားမကြည့်နဲ့ ဈမ်းရေ'

ပါပါရာဇီခများလည်း ထိုင်မယ့်သာ ထိုင်လိုက်ရတာ. . သူ့ဖင်က ကဏန်းတွင်းအဝမှာ တည့်တည့်ကြီး တိုးနေတာ သူ မသိရှာဘူး။

ကဏန်းတစ်ကောင်က တွင်းဝမှာလာပိတ်နေတဲ့ ပါပါရာဇီရဲ့ဖင်ကို အားရပါးရကြီး ညှပ်ထည့်လိုက်သောအခါ

'အား. . .'

ငယ်သံပါအောင် ကြုံးအော်လိုက်သောကြောင့် မိုးစက်က ထိုသူထံ ပြေးသွားပြီး

'ဟေ့လူ. . ဘာဖြစ်တာလဲ'

'ညှပ်တယ်. . ကျွန်တော့်ဟိုဒင်းကို ညှပ်လိုက်တယ်'

'ဟာဗျာ. . သွားပြီပေါ့. . မျိုးတုံးပြီပေါ့'

'ဘာတွေ လာပြောနေတာလဲ. . ခင်ဗျားက တစ်မျိုး. . . ကျွန်တော့်တင်ပါးကို ညှပ်သွားလို့ အော်တာ. . ဟီး. . နာတယ်ဗျ'

'အားတော့ နာတယ်ဗျာ. . ခင်ဗျားဖင်တော့ ကျွန်တော် လည်း ပြန်ဆော်မလိုက်နိုင်ဘူး. . သွားပြီ. . တာ့တာ'

'သေချင်းဆိုး. . ကောင်မလေးတွေကို သူ့လိမ်းချင်လို့





ပေးဦးမှာ. . နေနှင့်ဦး. . ဒင်းပုံကို အင်တာနက်ပေါ်တင်ပြီး ဖွပစ်လိုက်ဦးမယ်'

စမ်းရေကြည်သည် အကယ်ဒမီရှော့လုပ်ပြနေတာ မဟုတ်ဘဲ ရုတ်တရက်ကြီး မူးဝေပြီး အန်ချင်လာသည်။

'ကိုမိုးစက်. . ကျွန်မ ဘာဖြစ်တာလဲ မသိဘူး. . အန်ချင်လာပြီ. . အွေ. . ဝေ့'

ထိုသို့ပြောပြီးနောက် စမ်းရေမှာ သောင်စပ်တွင် ထိုင်အန်အန်တော့သည်။

မိုးစက်လည်း ဘာလုပ်လို့လုပ်ရမှန်းမသိဘဲ ကောင်မလေး နောက်ကျောကိုသာ ဖိပေးနေသည်။

အဲဒါကို ကျပ်မပြည့်တဲ့ ပါပါရာဇီက သူလိုရာဆွဲတွေးပြီး ဓာတ်ပုံရိုက်ပြန်သည်။

'ကောင်မလေးက ဗိုက်တောင်ကြီးနေပြီ. . ကောင်းလိုက်တဲ့ ပုံကွာ. . လူတွေ စိတ်ဝင်စားမယ့်သတင်းပဲ. . ဟဲ. . ဟဲ'

ခုနတုန်းက ကဏန်း အညှပ်ခံရတာတောင် အမှတ်မရှိသေးဘူး။

စမ်းရေ အရမ်းမူးပြီး အားနည်းနေလို့ မိုးစက်က ပွေ့ချီပြီး သူမအခန်းထဲသို့ ပို့ပေးခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . အခန်းထဲ ဝင်သွားပြီ. . ဒီပုံဆို. . ပိုတောင် မိုက်သေး. . . ဘယ်သူမှမသိသေးတဲ့ သတင်းဦး သတင်းထူးပဲ. . ဟဲ. . ဟဲ. .'

ဓာတ်ပုံရိုက်ထားလိုက်ပြီး လက်မှနာရီကိုကြည့်ကာ အချိန်က မှတ်ရသေးသည်။

'ဟာ. . ဒီကောင် နာရီဝက် ရှိပြီ. . ခုထိ ပြန်မထွက်လာသေးဘူး. . လုံးဝ သေချာသွားပြီ. . ဒီကောင် ဒီည. . ဒီမှာ အိပ်မှာပဲ. .'

အမှန်က မိုးစက်မှာ မူးဝေပြီး ပျော့ဖတ်နေသောစမ်းရေကို စိတ်မချဖြစ်ပြီး ဆေးတိုက်ကာ အိပ်ပျော်တဲ့အထိ ထိုင်စောင့်နေရသောကြောင့်ဖြစ်သည်။

စမ်းရေရဲ့သူငယ်ချင်းတွေကို သွားခေါ်ဖို့ကျတော့လည်း သူမ တစ်ယောက်တည်း ထားခဲ့ရမှာ နောက်ဆံငင်နေမိသည်။

ကျပ်မပြည့်တဲ့ ပါပါရာဇီက ပါချီပါချက်ဂျာနယ်တိုက်ကို ဖုန်းလှမ်းဆက်ပြီး သတင်းပို့သည်။

'ဟယ်လို. . ကြားလား. . ဟယ်လို. . ကြားလား'

ဖုန်းတစ်လုံးနဲ့သတင်းပို့ချင်တဲ့ ဘသားချောမှာ ကြားလား ကြားလားလို့ မေးရင်းနဲ့ ပြီးနေသည်။





အော်ရလွန်းလို့ ဖင်မှာလည်း လိပ်ခေါင်းထွက်နေလောက်ပြီ။

'ဩော်. . . ဒီဖုန်းကလည်း အရေးအကြောင်းဆို ဘာမှ ခေက်သုံးမကျဘူး'

သူ့အကြံကို လက်လျှော့ပြီး mail နဲ့လှမ်းပို့ဖို့ ဆုံးဖြတ်ပြီး ပြန်သွားခဲ့လေသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

ဦးမြင့်မောင်တင့်ခေါင်တစ်ယောက် ဟန်းနီးမွန်းအရသာကို ကောင်းကောင်းကြီးခံစားနေရသည်။

'အား. . . အမယ်လေး. . ရစ်လာပြန်ပြီ. . ဒါနဲ့ဆို ဆယ်ကြိမ်ရှိပြီ. . လမ်းမလျှောက်နိုင်တော့ဘူး. . လာတွဲပါဦး မိန်းမရယ်'

ယမင်းနွဲ့ကလည်း တော်တော်ချစ်ပုံရသည်။

'အိုး. . ဘာလို့တွဲရမှာလဲ. . ဒီလောက် နံစော်နေတဲ့ဥစ္စာ၊ လမ်းမလျှောက်နိုင်ရင် လေးဖက်တွားပြီးသွား'

မယားငယ်ငယ်လေးလိုချင်တဲ့အကျိုးကို လက်တွေ့ခံနေရပြီ။ အိမ်သာကို တကယ်လေးဖက်ထောက်ပြီး သွားနေရသည့်ဘဝ။

'ငါ့ကို တွဲမပို့ရင် နေပါကွာ. . . ဆေးလေးတော့ တိုက်ပါဦး'





ယမင်းနွဲ့က ရှင်သေမှအေးမယ် ဆိုတဲ့ ဒီဇိုင်းနဲ့

'ဟောဟိုမှာ ဆေးအိတ်၊ ကိုယ့်ဟာကိုယ် လာယူသောက်'

'အမယ်လေး. . . ရက်စက်တော့မှာလား အသည်းလေးရယ်. . ယောကျ်ားမှာ ဘာအပြစ်ရှိလို့လဲ'

'ဒီမယ်. . ဘာမှအပိုတွေ လာပြောမနေနဲ့. . ရှင့်ကို သိပ်မသက်သာတော့ဘူး. . အဲဒီလို ဝမ်း ခဏ ခဏသွားရင် ဧကန္တ ရှင့်မှာ အေကိုက်နေပြီထင်တယ်၊ ဒါပဲနော်. . ရှင် ကျွန်မအနား လုံးဝမကပ်နဲ့'

ယမင်းနွဲ့က တစ်ချက်လှွတ် အမိန့်ထုတ်ပြီး နားမှာ နားကြပ်ကောက်တပ်ကာ သီချင်းနားထောင်ပြီး အိပ်တော်မူလေသည်။

ဟန်းနီးမွန်းခရီးမှာ ဦးမြင့်မောင်က နွယ်သာကီလက်ချက်ဖြင့် အိမ်သာထဲရှိ ဘိုထိုင်အိုးမှာ ထိုင်ပြီးအိပ်ရလေသည်။

♦



www.burmeseclassic.com

www.burmeseclassic.com

လှိုင်းကြက်ခွပ်လေးတွေက. . နံနက် နေခြည် နုနုလေး အောက်တွင် အရှက်ပိုစွာ ဆော့ကစားနေကြသည်။

စမ်းရေကြည်တို့အဖွဲ့သည် morning exercise အဖြစ် သီချင်းဖွင့်ပြီး ကနေကြသည်။

'1, 2, 3, 4, 5, 6.....

1,2...3,4....5,6.... '

ဘောင်းဘီတိုလေးတွေ ဝတ်ပြီး ကြိုးတစ်လုံးအကျီလက် ပြတ်လေးတွေ ဆင်တူဖြင့် သူတို့အုပ်စု အရမ်းလန်းနေကြသည်။

သူတို့ ကနေတာ ကြည့်ပြီး အန်တီမမများအဖွဲ့က စိတ် ပါလာပြီး လာရောက်ပူးပေါင်းကြသည်။

'ဟေး. . တို့လည်း ပါမယ်'





'ရတယ်လေ. . အနောက်မှာ ဝင်စီပြီး သမီးတို့ ကသလို လိုက်ကနော်. . . '

ခါးလေးတွေ ကုန်းပြီး ရှေ့ကို ဆန့်ထုတ်လိုက်ကြသည်။

'1...2...'

ထိုနောက် ပေါင်တံလေးတွေကို ဆန့်ထားပြီး လက်နှစ် ဖက်ကို ဘယ်ဘက်မှညာဘက်သို့ ဆွဲယူလိုက်ကြသည်။

'3....4....'

တင်ပါးလေးတွေက တန်းစီပြီး လှုပ်နေကြသည်။

ပြေတီလူးက မှန်ဘီလူးတစ်လက်ဖြင့် ချောင်းရင်း

♫ အိုးကြီး ငါးရာဟေ့. . အိုးသေး သုံးရာဟေ့. . ♫

သီချင်းလေးတကြော်ကြော်ဆိုပြီး မှန်ပြောင်းကို နည်းနည်း ရွှေ့ကြည့်လိုက်စဉ်

'ဟာ. . ဟ. . ဒီအိုးက တစ်မျိုးပါလား. . အိုးပြားကြီး'

သူ့တပည့်ကျော် ဖိုးခွေးက အထာပေါက်ပြီးသား. . .

သူ့ဆရာအကြောင်း သူအသိဆုံးလေ. . အားအားယား ယား နှာဘူးပဲ ဥစ္စာ။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာ. . . ကောင်းနေပြီလား'

'အေး. . ကောင်းတော့ ကောင်းနေပြီကွ. . ခက်တာက. . ဒီအိုးကို အင်ကြီးလို့ ငါထင်တယ်. . လာ. . လာကြည့်စမ်း. . မင်း လာကြည့်'

ဖိုးခွေးက မှန်ပြောင်းကိုယူကြည့်ပြီး သရုပ်ခွဲပြလိုက်သည်။

'ဆရာရယ်. . ဆရာပြောတဲ့ ငါးရာတန်အိုးကြီးက အန်တီဆိုဒ်ကြီးပါဗျာ. . ဟာ. . သုံးရာမကဘူးဆရာ. . ရှယ်လန်းနေတာက မင်းသမီးစမ်းရေကြည်တို့အုပ်စုဗျ'

'အေးပါ. . ငါမသိတာက ဟိုဘေးက အိုးပြားပြားက ဘာလဲ. . မင်း အဲဒါကို ရအောင်ကြည့်'

ဂန်ဒူးက စမ်းရေတို့နှင့်အတူ ဝင်ပြီး ကနေသည်။

သူ့ဖင်ကို မှန်ပြောင်းနှင့်ချောင်းပြီး ခွဲခြမ်းစိတ်ဖြာနေတာ သူ မသိ။

'ပေါင်တံက မသွယ်ဘူး. . တန်းတန်းကြီး. . ခြေသလုံးက တင်းပုတ် ဆရာ. . အိုးက ပြား. . ပြား. . ပြား. . ဟာ. . အင်ကြီး ဆရာရေ. . ဒီဟိုတယ်က ဟိုအခြောက်ကြီးပဲ'

ဂန်ဒူးက စိတ်ပါလက်ပါနဲ့ကို ဝင်ပြီး exercise လုပ်နေတာ. .





'ဟား. . ဟား. . ဟား. . ဟား. . အူတောင် လိပ်ကုန်ပြီကွ. . ဒီ. . ဒီအခြောက်ကြီးက သူပါဝင်ပြီး ကနေတာ. . တော်ပြီကွာ. . ဖီးငုပ်သွားပြီ. . လာ. . ကမ်းခြေဘက် သွားပြီး ချောင်းရအောင် . အဲလေ. . ကြည့်ရအောင်'

ပြေတီလူးက ဘောင်းဘီတိုဝတ်ပြီး လည်ပင်းမှာ မှန်ပြောင်းလည်း ချိတ်ထားသေးရာ မသိလျှင် သူ့ကို နိုင်ငံခြားသား ဟုသာ ထင်မိကြလိမ့်မည်။ အနောက်မှာလည်း မျက်နှာရှုံ့နောက်တော်ပါး ဘ ပါသေး။

လမ်းတလျှောက် တွေ့သည့်ကောင်မလေးတွေ အားလုံးကို -

'ဟိုင်း'

'အညစရော'

ဟု နှုတ်ဆက်လေရာ ကောင်မလေးတွေကလည်း သူ့ကို အာစကားနားမလည်ဘူးဟု ယူဆကာ -

'နှာဘူးကြီး'

'သေချင်းဆိုးကြီး'

'မသာကောင်ကြီး'

ဟု ယဉ်ယဉ်ကျေးကျေးလေး ပြန်နှုတ်ဆက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မချိသွားဖြန့်ငှ် ရှိသမျှ သွားတစ်ဒါဇင်လုံး ဖြကာ ပြုံးပြုံးကြီးနှင့်ငြိမ်ခံနေရသည့်ဘဝ။

ပြေတီလူးမှာ တကယ်ပဲ သွားတစ်ဒါဇင်သာ ရှိပါသည်။

ကျန်တဲ့သွားတွေ အကုန်လုံးက ပိုးစားလို့ ကုန်ပြီ။

မစားခံနိုင်ရိုးလား. .

သကြားလုံး ဒီလောက်ကြိုက်တဲ့ဟာ။ သူ့ပါးစပ်မှာ သကြားလုံးက အမြဲစုပ်နေကျ။

အလုပ်မရှိ အကိုင်မရှိ။ ၁၀၉/၁၁၀ ပေါ်ကြော့နေရတာ နည်းတဲ့ကုသိုလ်လား. .

သူ ဒီလို အားအားရှိ ကောင်မလေးတွေကို ငမ်းကြောထုနိုင်အောင် သူ့ရဲ့ဘိုးဘေးဘီဘင် အဆက်ဆက်က အားကြီးမာန်တက် ရှာပေးထားခဲ့ရတာ မဟုတ်လား။

ဒေါ်ဖွာဖွာရဲ့သမီး ပြာပြာက ထုံးစံအတိုင်း စပ်စုဖို့ ကမ်းခြေတစ်ပတ် ခြေဆန့်ပြီး ပြန်လာကြသည်။

သားအမိနှစ်ယောက် အတူတူသွားတာတောင်မှ သတင်းဖလှယ်တဲ့အခါ အမြင်ချင်းက မတူပြန်။

'မာမီ့ကို တုံးတယ်. . ခေတ်အမြင်မရှိဘူး. . လို့ မပြောလိုပါဘူး'



BURMESE CLASSIC .com



'ဟဲ့. . ကောင်မ၊ ခုပဲ နင့်ပါးစပ်က ပြောပြီးနေပြီလေ. . . ဘာမပြောလိုပါဘူးလဲ'

'ဟုတ်လား. . ပြောပြီးသွားပြီလား၊ ဒါဆိုလည်း ဒီအတိုင်းပဲ ထားလိုက်ပေါ့ မာမီရာ'

ဒေါ်ဖွာဖွာက သူမကို အထင်သေးရမလားဆိုပြီး မီးဝင်းဝင်းတောက်မျက်လုံးတွေနဲ့ ပြာပြာကိုကြည့်ကာ

'ငါက မွေးလို့ လူဖြစ်လာတဲ့ ဟာမ။ ငါသင်ပေးလို့ စပ်စုတဲ့ အတတ်ပညာကို တတ်မြောက်လာတဲ့ ဟာမကများ. . ကြီးကြီးကျယ်ကျယ်. . ကဲ. . ပြောစမ်းပါဦး. . နင် အဲဒီကောင်မကို ဘယ်လိုချင်လဲ'

'လှပနုဖပ်ပြီး မင်းသမီးလေးတစ်ပါးလို ကြွကြွရွရွလေးနေတယ်လေ. . နောက်ပြီးတော့ ကလေးလည်း မရှိဘူး၊ သူ့ယောက်ျားက သူ့ကိုသိပ်ချစ်တာ'

'ဒါပဲလား. . နင်ပြောလို့ ပြီးပြီလား'

'ပြီးပြီ. . ဪ. . ရှိသေးတယ်. . သူက ထမင်းစားရင်. . ဘယ်လက်နဲ့ပဲ စားတယ်. . ဟဲ. . ဟဲ. . အဲဒါတော့ မာမီ လုံးဝမသိဘူး မဟုတ်လား'

ဒေါ်ဖွာဖွာက ဆရာကြီးစတိုင်ဖြင့် ညစ်ကျယ်ကျယ်ပြုံးကာ



www.burmeseclassic.com

www.burmeseclassic.com



'နင့်အထင်တွေ အကုန်ဇောက်ထိုးပဲ မိပြာ။ အဲဒီမိန်းမမှာ ကလေးတွေရှိတယ်။ သူ့ကလေးတွေနဲ့ သူဖုန်းပြောနေတာ ငါကြား ပြီးပြီ။ သူ့ယောက်ျားက သူ့ကိုချစ်လား မချစ်လားတော့ ငါလည်း မသိဘူး. . ဟိုနေ့ကတော့ ဝရန်တာမှာနပန်းလုံးနေတာ ငါတွေ့ခဲ့ တယ်။ မှောင်မှောင်မည်းမည်းညဘက်ကြီးမှာဟယ်. . သူတို့မို့လို့'

'မာမီနော်. . ဒါမျိုးကျ သမီးကို မခေါ်ဘူး. . သမီးလည်း ကြည့်ချင်တာပေါ့'

'မကြည့်ချင်ပါနဲ့သမီးရယ်. . မာမီတောင် မကြည့်ရဲကြည့် ရဲနဲ့ မျက်လုံးကြီး ပြူးအောင် ကြည့်ခဲ့ရတာ။ နေပါဦး. . ညည်းက သူ ဘယ်လက်နဲ့ထမင်းစားတာပဲ သိတာလား. . သူ့ညာဘက်လက် မှာ လက်ချောင်းလေးတွေ တိုနေတာကျ မမြင်ဘူး မဟုတ်လား'

'ဒါမျိုးကျ. . မာမီက သမီးထက် သာသွားပြန်ရော'

ပြေတီလူးက ပြာပြာတို့ကို တွေ့သွားပြီး အတင်းဝင်ရော သည်။

'ဟဲလို. . ဂွတ်ဒ်မောနင်း မာမီ'

'အေး. . အေး. . မောနင်း သားရေ။ ဪ. . ယောင် ကုန်ပါပြီ။ ငါ နင့်အမေ မဟုတ်ဘူးဟဲ့။ ဘာလို့ မာမီ လာခေါ်နေ တာလဲ'





'ဒါက ဒီလိုပါ မာမီ. . ကိုယ့်အမေအရွယ်တွေ့ရင် ကျွန် တော်က ဂါရဝတရားရှေ့ထားပြီး မာမီလို့ခေါ်လိုက်တာပဲ. . သမီး ချောချောလေးတွေရှိတဲ့ အမေမျိုးဆို. . ပိုပြီး ခေါ်လို့ကောင်းတယ် မာမီရဲ့'

ဒေါ်ဖွာဖွာက အမယ်လေးဟဲ့. . ဆိုပြီး တစ်ဖက်သို့လှည့် ကာ မဲ့ရွဲ့သည်။

ဖိုးခွေးက သူ့ဆရာကို အထင်စမောနေသော အဘွားကြီး ကို -

'အန်တီနဲ့ ကျွန်တော့်ဆရာကို မိတ်ဆက်ပေးရဦးမယ်. . ဒါ ဘ 'တော်ဝင်ကျောက်စိမ်း'ကျောက်မျက်ရတနာရောင်းဝယ်ရေးရဲ့ အမွေခံ တစ်ဦးတည်းသောသား ပြေတီလူးပါ'

'ဟိ. . ဟိ. . '

ပြာပြာက သူ့ပုံစံကိုကြည့်ပြီး အသံထွက်အောင် ရယ်လေ သည်။

'ဘာလို့ရယ်တာလဲ ခင်ဗျားက'

'ရှင့်ပုံရှင် မှန်ထဲ ပြန်ကြည့်လေ. . ပြေတီဦးနဲ့တူတာ ဘာ တစ်ခုရှိလို့လဲ'

'တစ်ခုတော့ ရှိပါတယ်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကြည့်တာတော့ ဘာမှကို မတူတာ'

ပြေတီလူးက ဒေါ်နှင်မောနှင့် ရင်ကော့ပြီး ရှေ့ထွက်လာကာ ပြာပြာရှေ့မှာ ရပ်လိုက်ပြီး

'ပြရမလား. . ဟင်း. . ဟင်း. .'

ဟု ကြိမ်းသည်။

'တော်. . တော်ပြီ. . မကြည့်တော့ဘူး။ တူတယ်ဆိုလည်း ပြီးတာပဲ'

'တူတာပေါ့ဗျ. . ဒီမှာလေ. . မတွေ့ဘူးလား'

ပြာပြာက မျက်လုံးကိုစုံမှိတ်ကာ

'မာမီရေ. . မကြည့်ပါဘူးဆိုမှ အတင်းလိုက်ပြနေတယ်'

'သူ ပြတော့လည်း ကြည့်လိုက်ပေါ့ သမီးရယ်. . အလကား ကြည့်ရတာပဲ'

ပြေတီလူးက ပါးစပ်ကြီး ဖြဲပြီး အတင်းရယ်ပြနေသည်။

ပြာပြာကလည်း မျက်လုံးကို အတင်းမှိတ်ထားသည်။

'ပါးစပ်တောင် ညောင်းလာပြီဗျာ. . ပြေတီဦးနဲ့တူတဲ့ သွားတက်ကလေး ပြနေတာတောင် တစ်ချက်ကြည့်ဖော်မရဘူး'

သူဌေးလေးဟု သိလိုက်ရပြီးသည့်နောက်တွင် ဒေါ်ဖွာဖွာတို့ လေသံပြောင်းသွားသည်။

ဆောင်းညပြာသိစာပေ



'သူဌေးလေး. . အန်တီတို့နဲ့ တစ်ခုခုလိုက်စားပါလား'

'စားတော့ စားချင်ပါတယ် အန်တီ၊ ဒါပေမယ့်. . ခုတော့ မအားသေးဘူး'

ဖိုးခွေးကလည်း Follow လိုက်တတ်သူပီပီ

'ဟုတ်တယ်. . Boss က အခု မအားဘူး၊ သွားချောင်းရဦးမှာ'

'ဘာ. . ဘာလဲ. . ဘာချောင်းမှာလဲ။ အန်တို့လည်း ပြောနော်. . ဒါမျိုးဆို တို့က သိပ်ဝါသနာပါတာ'

ဒုက္ခပါပဲ။

ဆရာက ဘိကီနီကိုချောင်းမှာ. . ဒီအဘွားကြီးက ဘာကို သွားချောင်းမှာလဲ. .

အရေးထဲ ဝါသနာက တူနေပြန်ပြီ။

'အဟဲ. . အန်တီ လိုက်လို့ မဖြစ်ဘူး. . ကျွန်တော်တို့က ဘောစီးရင်း ချောင်းမှာ. .'

'ဘာ. . ချောင်းတာတောင် ရိုးရိုး မချောင်းဘူး ဘောစီးဦးမယ်. . . အော့. . .'

'ဟုတ်ကဲ့. . ခွင့်ပြုပါဦးခင်ဗျ'

ဒေါ်ဖွာဖွာက မဲ့မဲ့ရွဲ့ရွဲ့ဖြင့် ခနဲ့တဲ့တဲ့ပြောသည်။

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



'သွားပါရှင့်. . သတိထားပြီး ချောင်းပါ. . . အဲလေ. . ဟုတ်ပါဘူး'

ပြေတီလူး ထွက်သွားသည်နှင့် ပြာပြာက

'ဘာလဲ. . သူက တကယ်သူဌေးလား အမေ'

'အေးလေ. . ပြောတာပဲ၊ ဒါပေမယ့် သူဌေးနဲ့လည်း မတူပါဘူး။ အမယ်လေး. . ရှစ်နာရီတောင် ထိုးတော့မယ်၊ ငါ ဂျူတီဝင်ရတော့မှာပဲ. . ကြာရင် ဟိုအဘွားကြီး ပွစိပွစိဒဏ် ခံရဦးမယ်. . လာ. . မြန်မြန်'

သားအမိနှစ်ယောက် သောင်ပြင်ပေါ်မှာ ဘဲတွေ လမ်းသွားသလို ယက်ကန် ယက်ကန်ဖြင့် သွက်သွက်ကလေး လျှောက်သွားကြသည်။

◆

ဘူဖွာဟိုတယ်ဝင်းအတွင်းတွင် အထူးသတင်းတစ်ရပ် ပျံ့နှံ့လျက်ရှိသည်။

ထိုသတင်းကြောင့် အလုပ်မရှိတဲ့လူတွေ အလုပ်ရသွားကြသလို ပျင်းနေတဲ့သူတွေလည်း အပျင်းပြေသွားကြသည်။





ကာယကံရှင်နှစ်ယောက်ကလွဲပြီး ကျန်တဲ့သူတွေအားလုံး သိသွားကြသည်။

လက်တို့ လက်တို့ပြီး ပြောသွားလိုက်ကြတာ တစ်ရက်အတွင်းမှာ သတင်းက ကားပြီးထွက်သွားသည်။

သတင်းအဖြန့်တော်တဲ့. . ဒေါ်ဖွာဖွာပင် မျက်လုံးပြူးကာ မျက်ဆံလည်သွားရသည်။

◆ ရှစ်ရှင်မင်းသမီး စမ်းရေကြည်မှာ ကိုယ်ဝန်ရှိနေပြီတဲ့။

သတင်းအစက ကိုယ်ဝန်က စသည်။

နောက်တစ်ခါ

◆ ဘယ်သူနဲ့လို့ ထင်သလဲ. . . ဒီဟိုတယ်က ခပ်ချောချော မန်နေဂျာကောင်လေးနဲ့တဲ့။

နောက်တစ်ယောက်က အခြားတစ်ယောက်ကို ပြန်ပြောပြတဲ့အခါမှာတော့ . . .

◆ ညတုန်းက သူတို့နှစ်ယောက် တစ်ခန်းတည်းမှာ အတူတူအိပ်ကြတာ. . တဲ့။

အဲဒီသတင်းက ပိုပြီးဖွတတ်တဲ့သူ ပါးစပ်ထဲ ရောက်သွားတော့. . .

◆ စမ်းရေကြည်က ဒီကလေးကို ဒီမှာမွေးမှာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘန်ကောက်မှာ သွားမွေးမှာ တဲ့. . သိတယ် မဟုတ်လား. . ဒီမှာဆို လူတွေ သိကုန်မှာလေ။ ဟိုမှာ ကလေးမွေးပြီး ဒီမှာ အပျိုမြင်းသမီး ပြန်လုပ်မှာပေါ့. .

ဤသို့ဤပုံ ကလေးမွေးတဲ့အထိ သတင်းက ကားပြီးသော အခါ ထမင်းစားပြီး ဦးနှောက် မရှိသူတွေကလည်း မျက်စိမှိတ်ပြီး ဖွတ်ယုံကြသည်။ ဂွမ်းဆီနှင့်နှမ်းဆီမှာ သတင်းကြားပြီးကတည်းက မိုးစက်ကိုတွေ့တိုင်း မနာလိုဝန်တိုဖြစ်နေကြသည်။

‘ဒီကောင်ကွာ ဘယ်အချိန်က ဖြစ်သွားမှန်းကို မသိဘူး. . ငါတို့ကိုလည်း မပြောပြဘူး’

‘ခြေရောလက်ရော အသေသွက်တာပဲ. . ဟိုကဖြင့် ဗိုက် တောင် ကြီးပြီ။ ပါပါးသိရင် ဘာပြောဦးမလဲ မသိဘူး’

ဦးလန်ချက်ကြီး သိတော့ လက်သီးလက်မောင်း တန်းပြီး ဂုဏ်အယူကြီး ယူပါတော့သည်။

‘တော်လိုက်တဲ့ ငါ့သား။ ငါတို့များ မိန်းမယူရင် လက်ထပ်ပြီးမှ ဗိုက်ထွက်တယ်. . ငါ့သားက မယူခင်ကကို ဗိုက်ထွက်နေပြီ. . ဟီး. . ဟီး’

မိုးစက်ညိုက အားလုံးရဲ့အမြင်မှာ. . တော်တော်ကြီးကို အစွမ်းထက်နေသည်။

ဆောင်းညပြာသိုစာပေ



ဒီကြားထဲမှာ. . လူတွေ ပိုပြီး အထင်အမြင်လွဲချင်စရာ ကောင်းအောင် သူတို့နှစ်ယောက်ကလည်း တပူးကပ်ကပ်နဲ့ နီးစပ်နေကြသည်။

စမ်းရေခမျာ သူမအခန်းထဲကို မိုးစက်ဝင်လို့ စွပ်စွဲပြောဆိုခံနေရတာ ဘာမှ မသိဘဲ မိုးစက်ကို ကျေးဇူးတွေတင်ပြီးရင်း တင်နေသည်။

‘ကိုမိုးစက်. . ဘယ်လဲ’

‘မသိပါဘူးဗျာ. . ဟိုဘက်က ဘန်ဂလို E4မှာ နေ့တိုင်း ငါးတွေပျောက်လို့ တဲ့. . အဲဒါ. . သွားဖြေရှင်းရဦးမယ်။ ဒါနဲ့. . စမ်းရေ. . ဒီနေ့ seafood တွေ သိပ်မစားနဲ့နော်. . ထမင်းစားချိန်ကျရင် ကျွန်တော် ကြက်သားလုံးချိုချဥ်နဲ့ ကြံမဆိုင်ဟင်းချို လာပို့ပေးမယ်’

‘အို. . မဟုတ်တာ ဒီည စမ်းရေ ကျွေးပါရစေ’

‘စမ်းရေ ကျွေးတာကို နောက်နေ့မှ စားမယ်ဗျာ. . . ဒီနေ့တော့ ကျွန်တော်ပဲ လာပို့ပေးပါရစေ. . . စမ်းရေက ကျွန်တော့်ဧည့်သည်ပဲ’

စမ်းရေက ဝရန်တာပေါ်မှာ တင်ပါးလွှဲထိုင်ပြီး လက်ကလေးနှစ်ဖက်ကို ရှေ့မှာထောက်ထားရင်း ကြည်လဲ့စွာပြုံးနေသည်။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်တိုင်း ထင်နေတဲ့ ပါးချိုင့်ကလေး နှစ်ဖက်က အသည်းယားချင်စရာ။

မိုးစက်က အသည်းယားရင် ဖက်ပြီး မွှေးမွှေးပေးချင်လာသည်။

'ဘာလဲ. . ဘာလို့ပြုံးနေတာလဲ'

'ပြုံးတာပဲ ပါမစ် တောင်းနေရဦးမလား. . စိတ်ကြည်လို့ ပျော်လို့ ပြုံးတာပေါ့။ တကယ်တော့. . မနေ့ညက စမ်းရေအနား မှာ သူရှိနေလို့ပဲ. . အဲဒီအတွက် ကိုမိုးစက်ကို ဘယ်လိုကျေးဇူးတင်ရမှန်း မသိဘူး'

မိုးစက်က စမ်းရေအနားကပ်လာပြီး လေသံဖွဖွဖြင့်

'တကယ် ကျေးဇူးတင်ရင် ဒီမှာ ကြာကြာလေး နေပေးပါ စမ်းရေ. . ကိုယ် request လုပ်တာပါ'

လေတိုက်လိုက်တိုင်း ဆံနွယ်ရှည်ရှည်လေးတွေ လွင့်နေတဲ့ ကောင်မလေး. . ပရိသတ်တွေရဲ့ အချစ်တွေအားလုံးကို သိမ်းကြုံး ယူထားတဲ့ကောင်မလေးက သူ့ကို မျက်လုံးလေးတွေဝိုင်းပြီး ကြည့် နေသည်။

'စမ်းရေ ဒီမှာ နှစ်ပတ်လောက်တော့ နေမှာပါ'

'တကယ်နေမှာနော်. . တကယ်လား'

*ဆောင်းညပြာသိစ္စာလေ*



'အို. . စမ်းရေ ဒီမှာ နေတာ ဒီလောက်တောင် သဘောကျလား'

'ကျတာပေါ့ဗျ. . ဖြစ်နိုင်ရင် တစ်သက်လုံး ခေါ်ထားချင်တာ'

'ဟိုးဆရာ. . ဟိုး. . ရှင့်စကားက အဓိပ္ပာယ်တွေ အများကြီးနဲ့နော်'

အခရေကောင်းတော့ ဒိန်းဒေါင်းမတွေ ပြန်ရောက်လာကြသည်။

'ဘာလဲဟော့. . ခုနတုန်းက ကြားလိုက်ပါတယ် တစ်သက်လုံးခေါ်ကျွေးမယ် ဆိုလား'

'ဟုတ်လား ဂျာကြီး။ ကျွန်မတို့တစ်အုပ်စုလုံးကို ကျွေးမှာပေါ့နော်'

'အပျီး. . အတော်ပဲ တစ်သက်စာဆိုတော့ ယောက်ျားပါ ရှာပေးမယ်နဲ့ တူတယ်'

မိုးစက်ကလည်း အမြင်ကတ်လာတာနဲ့

'ကျွန်တော့်မှာ အရွယ်ရောက်နေတဲ့ အစ်ကိုလေးယောက်တောင် ရှိတယ်ဗျ. . ခင်ဗျားတို့လည်း လေးယောက် ဆိုတော့ မျှပါတယ်. . ဟဲ. . ဟဲ'

*ဆောင်းညပြာသိစ္စာလေ*

www.burmeseclassic.com

www.burmeseclassic.com



နီလာမတို့အုပ်စု သဘောတွေ ကျပြီး သွားတွေဖြဲကာ

'ဂျာကြီး . . ရှင့်အစ်ကိုတွေက ရှင့်လိုပဲ ချောလားဟင်'

'ချောပါတယ်ဗျ . . သူတို့က ဘီလူးချောချောတာ'

'ရှင်'

မိုးစက်က စမ်းရေကို မျက်လုံးလေးတစ်ဖက် မှိတ်ပြပြီး ပြေးထွက်သွားသည်။

မိုးစက်ကို လိုက်ငေးနေတဲ့ စမ်းရေနောက်ကျောကို နီလာက အုန်းခနဲနေအောင် ထုပစ်လိုက်သည်။

'ငေးနေတယ် . . ဒီဘက် လှည့်စမ်းပါဦး . . ညတုန်းကကိစ္စ စစ်ဆေးရဦးမယ်'

'ဘာလဲ'

'အမယ် . . အမယ်။ မသိချင်ယောင်ဆောင်မနေနဲ့ စမ်းရေ ညက နင်နဲ့သူ နှစ်ယောက်တည်း။ အခန်းထဲမှာ ဘာလုပ်နေကြလဲ'

'ကြည့်စမ်း . . မိန်းမတွေ မေးပုံကိုက'

'မေးရမယ်လေ။ ဒါ ရုပ်ရှင်ရိုက်ဖို့ အစမ်းလေ့ကျင့်နေတာ မှ မဟုတ်တာ'

'တို့က ရီဟာဇယ် လုပ်မနေတော့ဘူးဟေ့။ တစ်ခါတည်း တန်းရိုက်လိုက်တာပဲ . . ဝမ်းကဒ် . . ဝမ်းစီးပဲ'





စမ်းရေက ငေါ်ပြီး ဖြေသည်ကို အနားမှ ဖြတ်သွားသော ဒေါ်မာလာမဥ္စုတို့အုပ်စုက မေးငေါ်ပြီး အတင်းပြောကြသည်။

'တွေ့လား . . ပြောနေတာ . . အဲဒီဟာမတိုက နန့်တာပါ အေ . . သူ့ဟာသူ နန့်တာ ငါအပြစ်မပြောပါဘူး . . ဒါပေမယ့် . . ငါ့မောင်လေး ဂျာဂျာနဲ့မှ လာဖြစ်ရတယ်လို့ . . ရင်တွေ နာလိုက်တာ။ ကောင်မ . . ပါးချည်းဖြတ်ရိုက်ပစ်ချင်တယ်'

သူ့ဘော်ဒါတွေလည်း အချွန်နှင့် ဝင်မကြသည်။

'မာလာ နင်လည်း မကျေနပ်ရင် ဗိုက်ကြီးပြလိုက်ပါလား။ ဒါဆို . . နင့်မောင်လေးက နင့်ကို သနားချစ်လေးနဲ့ ပြန်ချစ်လာ သိမ့်မယ်'

'အေး . . နင်ပြောတာ ဖြစ်နိုင်တယ် ငါကြိုးစားကြည့်လိုက် ဦးမယ်'

'နင်က ကြိုးစားဦးမယ် ဟုတ်စ . . သွေးပဲ ဆုံးနေပြီ ဥစ္စာ' ဒေါ်မာလာ ဆွေ့ဆွေ့ခုန်သွားသည်။

'ငါ့ကိုများ ပြောရက်လိုက်တာမယ် . . တော်ပြီ . . နင်နဲ့ တော့ မပြောတော့ဘူး။ ကိုယ်ချင်းစာတရားခေါင်းပါးတဲ့ မိန်းမ။ သနားညှာတာမှုမရှိတဲ့ မိန်းမ။ အပြောအဆိုပက်စက်တဲ့ဟာမ။ သေ ရင် ငှက်ပျောတုံးဖက်ရမဲ့ ဟာမ'



www.burmeseclassic.com

www.burmeseclassic.com



'တော်ပါတော့ဟယ်. . နင့်ပါးစပ်ကြီးကို ကြောက်ပါပြီ'

မိန်းမတွေမှာ မွေးရာပါဗီဇအရ. . သဝန်တိုစိတ်ကလေး ကိုယ်စီတော့ ရှိကြပါသည်။

ကိုယ်ချစ်နေတဲ့သူကို အခြားတစ်ယောက်က လာချစ်မိလို့ ကတော့ ခုနကပြောတဲ့ ဝန်တိုစိတ်တွေက မြွေပါးပျဉ်းထောင်သလို ထောင်လာမှာ အသေအချာပဲ။ ခုလည်း ဒေါ်မာလာက စမ်းရေကို စားတော့ဝါးတော့မလို ပေစောင်းစောင်းနဲ့ ကြည့်နေလေရဲ့။

**E4** ရှေ့ရောက်တော့ မိုးစက်က တံခါးခေါက်လိုက်သည်။ ချာတိတ်မလေးတစ်ယောက်က တံခါးလာဖွင့်ပေးသည်။

'ကျွန်တော် ဒီဟိုတယ်ရဲ့ မန်နေဂျာပါ။ ဟင်းတွေ ပျောက်တယ်ဆိုလို့. .'

အခန်းထဲမှာတော့. . အသက် ခုနစ်ဆယ်လောက်ရှိမည့် အဘွားကြီးတစ်ယောက်. . ဣန္ဒြေရရလေး ငြိမ်ငြိမ်သက်သက်လေး ထိုင်နေသည်။

'ဟင်းတွေက ပျောက်နေတာ သုံးရက်လောက်ရှိပြီ။ ဒီနေ့ လည်း ပျောက်ပြန်ပြီရှင်'

'ပျောက်တယ်ဆိုတာက ပန်းကန်တွေ ချိုင့်တွေပါ ပျောက် သွားတာလား'





မိုးစက်က သေချာအောင် မေးသည်။

'ပန်းကန်က ကျန်ခဲ့တယ်. . ဟင်းတွေပဲ ပျောက်သွားတာ'

'ဒါဆို အပြင်က ဝင်ခိုးတာ မဖြစ်နိုင်တော့ဘူး'

'ရှင့်စကားက ဘာကြီးလဲ. . အပြင်က ဝင်မခိုးရင် ကျွန်မ တို့အခန်းထဲမှာ သူခိုးရှိနေတယ်ပေါ့. . ဟုတ်လား'

'ဟာ. . ကျွန်တော် ဒီလိုသဘောမျိုး ပြောတာ မဟုတ်ပါ ဘူး။ တစ်ခုခုတော့ မှားနေပြီလို့ ပြောတာပါ'

အမှန်တကယ်လည်း ထူးဆန်းနေတာပဲလေ။ ဒီဟင်းတွေ က သူတို့အခန်းထဲမှာတင် ပျောက်ပျောက်နေတဲ့ဟာ။

'ကျွန်တော့်ကို နောက်နေ့ကျရင် ခင်ဗျားတို့ ဟင်းဝယ်လာ ပြီးတဲ့အချိန်မှာ အကြောင်းကြားပေးဗျာ. . အဲဒီသူခိုးကို ကျွန်တော် ကိုယ်တိုင်ဖမ်းပြမယ်'

'ကောင်းပါပြီ'

◆

နောက်တစ်နေ့မှာတော့ ဟင်းတွေ ရောက်ပြီဖြစ်ကြောင်း E4အခန်းမှဖုန်းဆက်လာသဖြင့် မိုးစက်က ထိုအခန်းအား အပြင် ဘက်မှနေပြီး စောင့်ကြည့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူခိုး ဘယ်အပေါက်ကနေ ဘယ်အချိန် ဝင်ပြီး ဘယ်လို ခိုးသွားသလဲဆိုတာ ဒီနေ့ သူသိရမှ ဖြစ်မည်။

ဇွဲကောင်းစွာဖြင့် ထိုအခန်းအား တစ်နာရီခန့် အနုလုံပဋိလုံစောင့်ကြည့်ပြီးသောအခါ အဘွားကြီးတစ်ယောက် နောက်ဘက်မှ တံခါးပေါက်ကို ဖွင့်ပြီး ဟင်းတွေ တစ်ခွက်ပြီး တစ်ခွက် သွန်ပစ်နေသည်။

'ဟာ. . ပြဿနာပဲ. . အဲဒီအဘွား သွန်ပစ်နေတာကိုး. . ဟူး. . ငါမှာတော့ သူခိုးဝင်တယ်မှတ်လို့ စောင့်လိုက်ရတာ'

မိုးစက်က အခန်းတံခါးကို ခေါက်လိုက်တာနှင့် မနေ့က လာဖွင့်ပေးသော ကောင်မလေးက တံခါးလာဖွင့်ပြီး

'ဟင်းတွေ ပျောက်သွားပြန်ပြီ မန်နေဂျာကြီး'

'ဘယ်တုန်းက ပျောက်တာလဲ'

'ကျွန်မ ရေမချိုးခင်တုန်းက ရှိသေးတယ်။ အခု ရေချိုးပြီး ထွက်လာတော့ မရှိတော့ဘူး'

ခုနက ဟင်းတွေသွန်ပစ်နေတဲ့ အဘွားကြီးကို ကြည့်လိုက်တော့ တကယ့် ဣန္ဒြေရှင်ကြီးလို ဆိုဖာမှာ ထိုင်ပြီး သတင်းစာဖတ်နေသည်။

'ညီမ ရေချိုးနေပေမယ့်. . အဘွားရှိနေတာပဲ'





မိုးစက်က သွေးတိုးစမ်းပြီး မေးကြည့်လိုက်သည်။

'ကျွန်မအဘွားက အိပ်နေတာရှင့်. . ခုမှနိုးလာတာ'

'မင်္ဂလာပါ အဘွား။ ဟင်းတွေက စားမကောင်းဘူး ထင်တယ်နော်. . နောက်ဖေးကနေ သွန်ပစ်နေလို့'

ထိုအဘွားက မိုးစက်ကို ပြုံးပြုံးလေးကြည့်လာပြီး

'ဟင်းတွေက ညအိပ်ထားတာဆိုတော့. . မကောင်းတော့ဘူးလေ။ သိုးနေလို့ သွန်ပစ်လိုက်တာ. . ဒီကလေးတွေက ဘာမှသိတာ မဟုတ်ဘူး။ အဘွားအိပ်ရာက နိုးတော့ မိုးလင်းနေပြီ'

အမှန်က မွန်းတည့်နေတာ။

ထမင်းစားချိန် ရောက်နေတာကို သူ့စိတ်ထဲမှာ နောက်တစ်နေ့ရောက်ပြီထင်ပြီး သွန်သွန်ပစ်နေတာ။

'မြေးလေး. . အခုပျောက်တာက ဟင်းအသစ်တွေ မဟုတ်လား. . ဘွား သွန်ပစ်တာက မနေ့က ဟင်းကျန်တွေပါကွယ်'

'ဒုက္ခပါပဲ အဘွားရယ်. . မနေ့ကဟင်းတွေ မဟုတ်ဘူး. . အဲဒါ ဒီနေ့ဝယ်ထားတဲ့ ဟင်းတွေ. . ဈေးကြီးပေးပြီး ဝယ်ထားရတဲ့ ပင်လယ်စာတွေ. . လက်စသတ်တော့ အဘွားက သွန်ပစ်နေတာကိုး. . တောင်းပန်ပါတယ် အစ်ကိုရယ်. . ကျွန်မတို့ ဒုက္ခပေးမိပြီ'

ကောင်မလေးက အားနာပြီး တောင်းပန်နေလို့

www.burmeseclassic.com



'အစ်ကို့ကို အားမနာပါနဲ့ ညီမလေးရယ်. . ဧည့်သည်တွေ စိတ်ချမ်းသာဖို့က အဓိကပါ'

သူငယ်ပြန်ပြီး သတိမေ့တတ်တဲ့အဘွားကြောင့် သူခိုးဖမ်းရတဲ့သူမှာ အရှူးဖြစ်ပြီး ပြန်လာခဲ့ရသည်။

ကမ်းစပ်မှာ ရေတွေ တက်နေပြီ။

ရေထဲမှာတော့ လူအနည်းအကျဉ်းသာ တွေ့ရသည်မို့ မိုးစက်က လုံခြုံရေးအစောင့်တွေကို သတိထပ်ပေးသည်။

'ကမ်းစပ်ကို မျက်ခြည် မပြတ်စေနဲ့. . . သေချာ စောင့်ကြည့်ထားမယ်. . အရေးပေါ် ဆိုတာနဲ့. . ချက်ချင်းသွားပြီး အကူအညီပေးပါ'

'ရေထဲမှာ ဒီဟိုတယ်က ဆိုလို့. . ဟိုမင်းသမီးအဖွဲ့ပဲရှိတယ် ဂျာကြီး'

'ဟာ. . သူတို့က ဒီအချိန်ကြီးကျမှ ရေထဲဆင်းတယ် ဟုတ်လား'

'နာရီဝက်လောက်ပဲ ရှိသေးတယ်'

'ဒုက္ခပါပဲကွာ'

ဘယ်ကဘယ်လိုရောက်လာမှန်းမသိတဲ့ စိုးရိမ်စိတ်တွေက လူတစ်ကိုယ်လုံးကို နှံ့ချိသွားစေသည်။

ဆောင်းညမြှာသိုစာပေ



ဒီနားမှာပဲ ရပ်စောင့်နေရမလား. . . ပင်လယ်ထဲပဲ ဆင်းလိုက်သွားရမလား. . ဝေခွဲမရဖြစ်ပြီး ရပ်ကြည့်နေတုန်းမှာ အန်တီမမကြီးရောက်လာပြီး သူ့ကို ရန်တွေ့သည်။

'မင်းနှယ်ကွယ် စမ်းရေနဲ့ မရှင်းမရှင်းဖြစ်ပြီး အခု ကောင်မလေးမှာ ကိုယ်ဝန်တောင် ရနေပြီဆို'

'ဗျာ'

'မဗျာနဲ့လေ။ လူပုံကြည့်တော့ နို့မစို့တတ်တဲ့ ကလေးမသာ ရုပ်နဲ့. . ခုတော့ ကလေးအဖေတောင် ဖြစ်တော့မယ်. . အံ့ရော'

အောင်မလေးဗျာ. ႏ လူကိုများ စွပ်စွဲချက်တွေက ပြင်းထန်လိုက်တာ။

မစားရအညှော်ခံဘဝနဲ့ နာမည်ကြီးနေလိုက်တာ။

'နေပါဦး. . အဲဒါ ဘယ်ကကြားလာတာလဲ အန်တီ'

'အင်တာနက်မှာ ပျံ့နေပြီဆို'

'ဗျာ'

'ဗျာပြန်ပြီ. . . မင်းတို့နှစ်ယောက် အခန်းထဲမှာ အတူတူအိပ်တဲ့ပုံတွေတောင် ပါသေး'

သွားပြီ။ လုံးဝ လွဲပြီ။ ဘယ်ကထွက်လာတဲ့ ကောလာဟလလဲတော့ မသိ။

ဆောင်းညမြှာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာကြီးကို လိုက်ပြီး မဖြေရှင်းချင်တော့ မိုးစက်က ပြုံးပြီးသာ နေလိုက်သည်။

'ဟာ. . ဟိုမှာ. . ရေနစ်နေပြီ. . . ရေနစ်နေပြီ'

လုံခြုံရေးအစောင့်တွေ အော်လို့ မိုးစက် ပျာသွားသည်။ ကမ်းစပ်ကို အပြေးဆင်းလာခဲ့မိသည်။

နီလာမကို ငိုကြီးချက်မနဲ့ တွေ့လိုက်ရတော့ သူ့စိတ်တွေ ပိုပူသွားသည်။

မိုးစက်ကိုတွေ့တော့ နီလာက အားကိုးတကြီးဖြင့်

'ကယ်ပါဦး. . စမ်းရေကို ကယ်ပါဦးရှင်. . . သူ ရေနစ်နေလို့. . .'

နီလာ ပြတဲ့နေရာမှာ စမ်းရေတစ်ယောက် ရေလှိုင်းတွေကြားမှာ မြုပ်လိုက်ပေါ်လိုက်ဖြစ်နေသည်။

မိုးစက်လည်း ဘာမှမစဉ်းစားတော့ဘဲ ရေထဲကို ဆင်းပြီး စမ်းရေဆီ ကူးခတ်သွားသည်။

'စမ်းရေ. . ကိုယ်ကို ဖော့ထား. . ဘာမှ မကြောက်နဲ့နော် ကိုယ် လာပြီ'

သူ့စိတ်ထဲမှာ စမ်းရေကို ကယ်ဖို့ပဲ သိတော့သည်။ လုံခြုံရေးတွေလည်း ဘောကွင်းတွေ ပစ်ပေးကြသည်။

ဆောင်းညပြာဘီစာပေ



မိုးစက်က ဘောကွင်းတစ်ခု ယူပြီး စမ်းရေဆီ ရောက်အောင် မနည်းကူးခဲ့ရသည်။

စမ်းရေက ကန့်သတ်နယ်မြေကို ကျော်ပြီး ရေနက်ထဲကို ဘယ်လိုရောက်သွားတာလဲ။ ဒီနေရာ မသွားဖို့ တားမြစ်ထားတာပဲ။ အဲဒီနေရာက အရမ်းအန္တရာယ်များတာ စမ်းရေ မသိလို့လား။

စမ်းရေလည်း ခြေကုန်လက်ပန်းကျပြီး သတိက လွတ်ချင်နေပြီ။

မိုးစက်အော်သံကို ကြားတော့မှ စိတ်တွေ ပြန်စုစည်းမိပြီး သူပြောသလို ကိုယ်ကို ဖော့ထားလိုက်သည်။

ရေကူးကျွမ်းကျင်ပြီး အတွေ့အကြုံရှိသော မိုးစက်က စမ်းရေရဲ့ခါးကို လက်တစ်ဖက်နဲ့ ဆွဲဖက်ပြီး ဘောကွင်းကို ပေးလိုက်သည်။

'ဘောကွင်းကို ဖက်ထား စမ်းရေ။ ဘာမှမကြောက်နဲ့တော့နော်. . . ဘာမှမဖြစ်ဘူး'

ဘာမှမဖြစ်တော့ဘူးဆိုမှ စမ်းရေက ဝမ်းနည်းပြီး ငိုသည်။

'ခုနတုန်းက စမ်းရေ သေပြီလို့ထင်တာ. . စမ်းရေ ကိုမိုးစက်ကို တ,လိုက်တာ. . တကယ် ရောက်လာတယ်နော်. . စမ်းရေ ကြောက်လိုက်တာရှင်'

ဆောင်းညပြာဘီစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိုးစက်က ဘောကွင်းကို ဆွဲပြီး ကမ်းခြေရောက်အောင် ပြန်ကူးလာစဉ် လုံခြုံရေးအစောင့်တွေပါ ရောက်လာပြီး စမ်းရေကို ကယ်သွားကြသည်။

သူချစ်တဲ့ စမ်းရေ ဘေးကင်းပြီဆိုမှ သက်ပြင်းကိုဝအောင် ချနိုင်တော့သည်။

စမ်းရေရဲ့သူငယ်ချင်းတွေ သူမကိုဖက်ပြီးငိုနေကြသည်။

'မသေကောင်း မပျောက်ကောင်း စမ်းရေရယ်. . ငါ ပြော သားပဲ. . ဟိုဘက်ကို မသွားပါနဲ့ဆိုတာ'

'ရေက ဆွဲသွားတာ'

စမ်းရေကို ကြည့်ရတာ နုံးချိနေပြီ။ အသံတောင် လေး ယဲ့ယဲ့လေးပဲ ထွက်တော့တာ။

'သူ နားပါစေတော့ဗျာ'

ပြောပြီး မိုးစက်က စမ်းရေကိုယ်လေးကို ခွေ့ကနဲ ကောင် ချီပြီး ခေါ်လာခဲ့လိုက်သည်။

'ဘာလို့ ဆိုးတာလဲ စမ်းရေ. . ရေတက်နေတဲ့ အချိန်မှာ ရေနက်တဲ့နေရာမှာ ကူးရသလား. . ကယ်မဲ့သူတွေမလာရင် ဘယ် လိုလုပ်မလဲ'

'ကူးရင်းနဲ့ ရေဆွဲလို့ ပါသွားတာ. . စမ်းရေ ခြေထော





ဘ ကြွက်တက်သွားလားမသိဘူး ဆက်ကူးလို့ မရတော့ဘူး ကျေး ရူးတင်ပါတယ်ရှင်'

'တင်ပြန်ပြီလား ဒီကျေးဇူး. . ကျေးဇူးတင်ရင် ဒီမှာ ထပ် နေရမယ်'

'ကြည့်. . နေပါ့မယ်လို့ ပြောပြီးပြီပဲ'

ထိုမြင်ကွင်းကို ဒေါ်မာလာက မြင်သွားပြီး

'ကြည့်စမ်း. . ကြည့်စမ်း. . ကိုရီးယားကား ကြည့်နေရတဲ့ အတိုင်းပဲ'

'မာလာ. . မပိုင်ရင် ခြင်တောင် မရိုက်ဘူးဆို. . အခု နင့် အကောင်က ခြင်ထောင်ထဲတောင် ဝင်လို့ရနေပြီ'

'အေး. . ငါကလဲ နင်တို့ရဲ့ အဲဒီအပြောတွေကို မခံနိုင်တာ သပ်ပြီး စောင့်ကြည့်ပါဦးဟာ ပွဲက မပြီးသေးပါဘူး'

ဒေါ်မာလာက အံကြိတ်ပြီးကြုံးဝါးနေပေမယ့် မိုးစက် တို့နှစ်ယောက်က ကြည်ကြည်နူးနူးနဲ့ စမ်းရေရဲ့အခန်းထဲကို ဝင်သွား သေပြီ။

'အမယ်လေး. . အခန်းထဲ ဝင်သွားပြန်ပြီ ကိုယ်ကျိုးတော့ သည်းပါပြီ။ ကယ်ကြပါဦး သူငယ်ချင်းတို့ရယ် ငါ ဘာလုပ်ရမလဲ'

'နင်လုပ်သင့်တာက စိတ်ကို လျှော့လိုက်တော့'



www.burmeseclassic.com

www.burmeseclassic.com



'မလျှော့ဘူးဟော့ မလျှော့နိုင်ဘူး. . ဒီကောင်မက ရန်ကုန်ပြန်ပြီး ဗီဒီယိုမရိုက်တော့ဘူးလား မသိဘူး။ သူ့ကို မြန်မြန် ပ,ထုတ်မှဖြစ်မယ်'

♦

ဦးလန်ချက်က အားလုံးကို အရေးပေါ်အစည်းအဝေးခေါ်ပြန်သည်။ ဒီတစ်ခါ ဘာအတွက်ခေါ်မှန်း ဘယ်သူမှမသိ။

ထူးဆန်းတာက ဒီနေ့အစည်းအဝေးမှာ ကော်ဖီနှင့် ဆင်ဒဝစ်ချ်တွေပါ ကျွေးမွေးဖို့ စီစဉ်ထားသည်။ ပျံ့ဒူးနှင့်ဂန်ဒူးက စားပွဲရှည်ပေါ်က ကော်ဖီနှင့်မုန့်ကို မြင်ပြီး -

'ဒါ. . . ငါတို့ကို ကျွေးမှာလားဟင်'

'မသိဘူး။ ကျွေးရင်တော့ ကောင်းတာပေါ့ဟာ ခုတော်မှ ဗိုက်ဆာလာပြီ'

ဖက်တီးလေးက အစားသမားပီပီ

'ကျွေးကျွေး. . မကျွေးကျွေး စားမှာပဲ. . သားက မကြွားရင် နေနိုင်တယ်. . မစားရရင် မနေနိုင်ဘူး. . ဟဲ. . ဟဲ'

ဆင်းဒဝစ်ချ်တွေ တစ်ခုပြီးတစ်ခု ကောက်စားနေလေပြီ





လူစုံပြီဆိုတာနှင့် ဦးလန်ချက်က လည်ချောင်းကိုရှင်းကာ

'အဟမ်း. . အဟမ်း. . ဒီနေ့ ငါ အစည်းအဝေး ခေါ်ရတဲ့ အကြောင်းရင်းက မိုးစက်ကို ဂုဏ်ပြုချင်လို့ပဲ ဒီကောင့်အစွမ်းအစကို မင်းတို့လည်း သိတယ် မဟုတ်လား'

ဂွမ်းဆီနှင့် နှမ်းဆီက ဆောင့်အောင့်ပြီးဖြေသည်။

'သိပါတယ်. . သိပါတယ်'

'မင်းတို့ကောင်တွေက အစွမ်းအစမှ မရှိတာ. . အခု ငါ့သားမိုးစက်က ငါ့အတွက် ပထမဆုံးမြေးဦးလေးကို ယူဆောင်လာပြီ. . အဲဒီအတွက် သား congratulation'

ဦးလန်ချက်က မိုးစက်ကို လက်ဆွဲပြီး နှုတ်ဆက်သည်။

အဲဒီအထိ မိုးစက် အခြေအနေမှန်ကို သဘော မပေါက်သေး။

မြေးဦး. . တဲ့။ ပါပါးက ဦးနှောက်မှ ကောင်းသေးရဲ့လား မိန်းမတောင် မရှိတဲ့ ဥစ္စာ. . ဘယ်ကမြေးက ရရမှာတုန်း. . နှမ်းဆီတာ အားကျမခံ။

'ကျွန်တော်တို့ကို အထင်မသေးပါနဲ့. . မိုးစက်လို ရုပ်ရှင်မင်းသမီး မချိန်နိုင်ပေမယ့် ကွမ်းယာသည်လောက်တော့ ဗိုက်ထွက်အောင် လုပ်နိုင်ပါသေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'တော်စမ်း. . ခေါက်စကား ပြောရင် ကြီးကြီးကျယ်ကျယ်နဲ့. . '

မိုးစက် ခုမှ နည်းနည်းသဘောပေါက်လာသည်။

စမ်းရေနဲ့သူ့ကို အထင်လွဲနေကြတာပဲ။

နေ့ခင်းတုန်းက ဟိုအန်တီကလည်း ကိုယ်ဝန်ကိစ္စ ပြောသွားသေးသည်။

'ပါပါးက ကျွန်တော့်ကို စမ်းရေနဲ့ အထင်လွဲနေတာလား'

'မင်းတို့သတင်းက အင်တာနက်မှာတင် ပျံ့နေတာမဟုတ်ဘူး. . မင်း သူ့အခန်းထဲဝင်တာ ဘယ်နှကြိမ် ရှိနေပြီလဲ'

'၅၂'

အဖေပြောမှ သေသေချာချာစဉ်းစားမိသည်။

အစာအဆိပ်သင့်တုန်းက တစ်ခါ။ ရေနစ်တုန်းက တစ်ခါ။

'နှစ်ခါတည်းပါ ပါပါးရယ်'

အဲဒါကို ဦးလန်ချက်က ဂုဏ်တွေယူပြန်သည်။

'ဟေ. . နှစ်ခါတည်းနဲ့ ဒီလိုဖြစ်အောင် လုပ်နိုင်တယ်'

'ဘာတွေလဲ. . ကျွန်တော့်ကိုလည်း ရှင်းပြပါဦး'

'စမ်းရေကြည်မှာ မင်းနဲ့ရတဲ့ ကိုယ်ဝန်ရှိနေပြီဆို'

'ဘယ်တုန်းကလဲ'





အထင်ခံရတာ နည်းလား။ မိုးစက် မျက်နှာကြီးက ပြုံးပြီး ပြန်မေးသည်။

'ဘန်ကောက်မှာ မွေးမှာဆို'

'ဟင်. . ဘယ်သူကပြောလဲ'

'မင်း. . ငါ့ကို အရူးလုပ်နေတာလား မိုးစက်'

'ခဏလေး. . သူ ဒီကိုရောက်တာ ဘယ်နှရက်ရှိသေးလို့လဲ'

'လေးရက်'

'အဲဒီလေးရက်မှာ ဘယ်လိုလုပ်ပြီး ကိုယ်ဝန်ရမှာလဲ ပါပါးရယ်။ ကြည့်ပြီးပြောပါဦး သူ့အခန်းထဲ ကျွန်တော်ဝင်တာကလည်း သူရေနစ်လို့ ကယ်ပြီး လိုက်ပို့ပေးတာ. . ရိုးရိုးသားသားပဲ မရိုးသားတာ ဘာတစ်ခုမှမလုပ်ဘူး'

စိတ်ထဲမှာတော့ မရိုးမသားဖြစ်နေတာ အမှန်ပဲ။

ဦးလန်ချက်က မိုးစက်ပြောတာတွေကို နားထောင်ပြီး

'အေး. . မင်းပြောတာလဲ မှန်နေတာပဲ။ ဒါနဲ့ ဒီသတင်းက ဘာလို့ အင်တာနက်ပေါ် ရောက်သွားတာလဲ'

'မလိုတဲ့သူတွေက သတင်းဖြန့်တာပဲ ပါပါးရာ. . ကောလာဟလတွေပါ'

'အဲဒီလိုလား'



www.burmeseclassic.com

www.burmeseclassic.com



ဦးလန်ချက် ငြိမ်သက်သွားတော့ ဂန်ဒူးက စပ်ဖြီးဖြီးရုပ်နှင့် . .

'ပါပါး အစည်းအဝေး ပြီးပြီပေါ့နော်. . ဒါတွေ စားလို့ ရပြီလား'

ဟု မေးသည်။ ဦးလန်ချက်ကလည်း ပြတ်သားစွာပင်

'မစားနဲ့. . ဒါတွေအားလုံး ပြန်သိမ်းလိုက်တော့'

ပွစိပွစိ ဝိုင်းပြောကြ၊ မိုးစက်ကို မျက်စောင်းတွေ ထိုးကြနဲ့ အစည်းအဝေးဟာ. အောင်မြင်စွာပြီးဆုံးသွားပါသည်။

ဂန်ဒူးက မုန့်မစားရတော့ ရွှဲပြီး

'အစည်းအဝေးကြီး အောင်မြင်စွာ ပြီးဆုံးပါပြီ. . အားလုံး လက်ခုပ်တီးပေးကြပါ'

'ဖြောင်း. . .. ဖြောင်း. . ဖြောင်း'

'ရှီး. . . ရှီး'

ဦးလန်ချက်က ဒေါသထွက်ပြီး

'သေချင်းဆိုး ဂန်ဒူး. . ငါ့ကို ရွဲ့တာပေါ့ ဟုတ်လား. . ဒီအခြောက်တော့ ငါလုပ်ရ. . သေတော့မယ်'

ပြောပြီး တစ်ရှုးဘူးနဲ့ လှမ်းပစ်လို့. . . ဂန်ဒူးမှာ လူးနေအောင် ပြေးပါတော့သည်။





ဂန်ဒူး ဆိုတဲ့ကောင်က ပြောနေရင်းနဲ့ မိုးစက်ကို ကရော်ကရော်လုပ်ပြပြီး -

'နာမည်ကြီး ထမင်းဝတ်' ဟု ပြောသွားသေးသည်။

မိုးစက်က လက်သီးထောင်ပြလိုက်သည်။

ဘယ်ဘဝက ကုသိုလ်တွေကြောင့် ဒီလို အသိဉာဏ်နည်းတဲ့ မိသားစုမှာ လူလာဖြစ်ရသလဲ မသိတော့ပါဘူး။

◆

ဂန်ဒူးက နွယ်သာကီကို အသာလေး လက်ယပ်ပြီး ခေါ်သည်။

'ဟဲ့. . မြန်မြန်လာ။ အဘိုးကြီး နလန်ထူလာပြီ. . ဟိ. . ဟိ. . သူတစ်ယောက်တည်း. . ဂွင်ပဲ. . နင်ဝင်လို့ရပြီ'

နွယ်သာကီက လန်လန် လန်လန်ဖြင့် ဆတ်ကော့ လတ်ကော့ လျှောက်ပြီး အဘိုးကြီးအခန်းထဲ ဝင်သွားပါသည်။ (သန့်ရှင်းရေးလုပ်မလို့)

'အန်ကယ်ကြီး. . မောနင်း'

လက်ပြတ်အင်္ကျီ ဝတ်ပြီး. . ချိုင်းပေါက် အကျယ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ပြပြီး လက်ကလေး ထောင်ကာ မောနင်းလုပ်တော့ အဘိုးကြီးခမျာ အဝေးမှုန်တာတွေတောင် ပျောက်သွားပုံရသည်။

'သမီးလေးပါလား. . ချစ်စရာကြီးကွယ် တကယ့်ကို မျှစ်စို့ကြီးကျနေတာပဲ နုထွားကြီး'

'သမီးက မျှစ်စို့ကြီးဆိုတော့ အဘက ဝက်အိုကြီး ဖြစ်နေပြီ. . တစ်ခါတည်းပေါင်းပြီး မျှစ်နဲ့ဝက်သား ပေါင်းစားလို့ရပြီ အဟိ'

'ဟဲ့. . နင် ငါ့ကို ဘာစကား ပြောတာလဲ. . လူကြီးကိုများ မခန့်လေးစားနဲ့'

သာကီက အဘိုးကြီးရဲ့ အရေတွန့်နေတဲ့ပါးကို သူမ လက်ကလေးနဲ့ ဆွဲဖျစ်ပြီး -

'ချစ်လို့ စတာပဲ အန်ကယ်ရယ်. . စိတ်ဆိုးသွားလား'

အဘိုးကြီးမျက်နှာကြီးက မှို့ရသလိုဖြီးလာပြီး

'ချစ်လို့ဟုတ်လား. . သမီးက အန်ကယ့်ကို ချစ်တယ်ဟုတ်လား. . ကြားရတာ နားဝမှာ ချမ်းသာလိုက်တာ။ ဂွမ်းဆီထိသလိုပဲ ပျော်ပြီးဝင်သွားတယ် သမီးရယ်. . သမီးကိုမေးပါဦးမယ်. . သမီးက အနှိပ်အနင်းလေးလည်း ကျွမ်းမှာပေါ့။ အန်ကယ် ဒီနေ့ ညောင်းချိနေလို့. . လူပါ နုံးနေတာ သမီးရယ်. . တစ်ဆက်ရှင်ကို တစ်သောင်းပေးမယ်လေ. . သမီးနှိပ်ပေးပါလား'

*ဆောင်းညပြာသိုစာပေ*



အဘိုးကြီးကတော့ ရမလားလို့ တစ်ဆင့်ချင်း သွေးတိုးစမ်းနေပြီ။ အကောင်သေးပေမယ့် အဆိပ်ပြင်းတဲ့ သာကီ ဂျလည်မက ပြန်ပြီး lesson ပေးသည်။

'နှိပ်တော့ နှိပ်ပေးချင်ပါတယ် အန်ကယ်ရယ် ဒါပေမယ့် သမီးက အခန်းတွေ ဝင်ပြီး သန့်ရှင်းရေးလုပ်ရဦးမှာ။ အန်ကယ်ကူလုပ်ပေးရင်တော့. .'

ချက်ဆို နားခွက်က မီးတောက်သော ဦးမြင့်မောင်တင့်ခေါင်က

'ရတယ်. . လုပ်ပေးမယ် အကုန်လုပ်ပေးမယ်'

သာကီက ဦးမြင့်မောင် လက်ထဲ တံမြက်စည်း ထိုးပေးလိုက်သည်။

'ဒါနဲ့ အရင်လှဲလိုက်။ ပြီးရင် ဒီဆေးဘူးလေး ဖြန်းပြီး ဟိုအတံနဲ့ ကြမ်းသုတ်. . နောက်ပြီးတော့ ဟိုအိပ်ရာခင်းတွေ လဲရမယ် အမှိုက်တွေ သွန်ရမယ်'

နွယ်သာကီက သူ့အလုပ်သမားလို တစ်ခုချင်း ညွှန်ကြားပြီး သူမကတော့ ဆိုဖာပေါ်မှာ ခြေချိတ်ပြီးထိုင်နေသည်။

အောက်ငုံ့ပြီးကြမ်းသုတ်နေတဲ့ ဦးမြင့်မောင် အကြိုက်တွေ့သွားသည်။

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



သကာရည်အိုးထဲ မြုတ်ကျတဲ့ မျက်နှာကြီးဖြင့်

'သမီး . . သမီး အထိုင်မတော်ဘူးနော်'

'တော်ပါဘယ် အန်ကယ်ရဲ့ . . . ဒီဆိုဖာက ထိုင်လို့ သိပ်ကောင်းတာ'

'ဒါကိုပြောတာ မဟုတ်ဘူးလေ . . အထိုင်မတော်ဘူး ဆိုတာ သမီး အောက်စလွတ်နေတယ်လို့ ပြောတာ'

သာကီက ခြေချိတ်မပျက် ပြုံးလိုက်ပြီး

'လူတိုင်းမှာပါတာပဲ အန်ကယ်ရယ် မထူးဆန်းပါဘူး'

တော်တော်ရက်ရောတဲ့မိန်းကလေးပဲ။

ဟိုဟာမနဲ့တောင် နေရာချင်း လဲပေးချင်လာပြီ။

ကြမ်းသုတ်လိုက် သာကီ့ကိုကြည့်ပြီး အမောဖြေလိုက်လုပ်နေတုန်းမှာ သာကီမက လူလည်ကျပြီး

'အန်ကယ် . . အန်ကယ့်မိန်းမ မလာခင် . . တစ်ဆက်ရှင်ဖိုး အရင်ပေးထားပါလား'

ဦးမြင့်မောင်က အိတ်ထဲမှ ပိုက်ဆံတစ်သောင်း ထုတ်ပေးလိုက်သည်။

ထိုအချိန်တွင် ဦးမြင့်မောင်ရဲ့စမောလေး လမ်းလျှောက်ရာမှ ပြန်ရောက်လာပြီး





'ဟင် . . ယောက်ျား ကြမ်းသုတ်နေတယ် ဘယ်သူက သုတ်ခိုင်းတာလဲ . . . အမယ်လေး . . . မိန်းမ ရင်ကျိုးပါပြီ ယောက်ျားရယ်'

သာကီက ထိုင်နေရာမှမတ်တတ်ထရပ်ပြီး ပြေးမလို့ပြင်သည်။

'အန်ကယ် သမီး သွားပြီနော်'

'အေး . . အေး . . နောက်တစ်ခါကျမှနော် သမီး။ အကြွေးမမေ့နဲ့နော်'

'ဘာလဲ . . ဘာအကြွေးလဲ . . ယောက်ျား . . မိန်းမ မသိအောင် ဘာတွေလုပ်နေတာလဲ။ ဒီကောင်မကရော အခန်းထဲ ဘာဝင်လုပ်တာလဲ။ ဟင် . . ရှင်တို့နှစ်ယောက် ရှိုးရော ရှိုးရဲ့လား'

နွယ်သာကီက ပက်ချွဲပြန်ပြောသည်။

'သိပ်တော့ မရှိုးဘူး အစ်မရဲ့ . . . ကိုယ့်ယောက်ျား ကိုယ်ကြည့်ထိန်းဦး . . သူလည်း ဖွဲတစ်ဆုပ်အစားထဲကပဲ'

'ဘာပြောတာလဲ ငါ့ယောက်ျားကို'

'ဩော် . . . သူများမယားငယ်လုပ်နေပြီး ဒါလေးတောင်မသိဘူးလား။ သိချင် ကိုယ့်ယောက်ျားကိုယ် မေးကြည့်ပေါ့'

ပြောပြီး သာကီက ထွက်ပြေးသွားသည်။ ဦးမြင့်မောင်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အခန်းထဲမှာ သူ့စမောလေးနဲ့ နောင်ဂျိန်ပလေးပြီး ကျန်ခဲ့လေရဲ့။

'ပြောစမ်း . . သေနာကျကြီး ကျွန်မလမ်းသွားလျှောက်တဲ့ နာရီဝက်အတွင်းမှာ အခန်းထဲ ဒီကောင်မ ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ'

'သူ့ဟာသူ . . အခန်းသန့်ရှင်းရေး လာလုပ်တာပါ မိန်းမရယ်'

'သန့်ရှင်းရေး လုပ်နေတာက ရှင်လေ . . အဲဒီကတည်းက ရှင်ကြီး ရိုးမှ မရိုးတာ။ အမယ်လေး . . ကျွန်မတော့ ရှင့်မယားကြီးဝင်မှတွေလည်းပြီ ထင်ရဲ့'

ပြောပြီး မယားငယ်မက လက်အုပ်ကလေးချီကာ

'အန်တီရယ် . . ခွင့်လွှတ်ပေးပါ အန်တီ့ယောက်ျားကိုလေ အန်တီ့ကိုယ်စား ကျွန်မက ကိုယ်ဖိရင်ဖိ ပြုစုပေးနေတာပါ အမိုက်အမဲလေးကို ဗွေမယူပါနဲ့'

ခုတော့ ကြောက်နေပြီပေါ့။

'ဒီမယ် . . နောက်ကို ဒီမိန်းမ အခန်းထဲ မဝင်ပါစေနဲ့ . . ရှင့်ကို ဒါ ပထမဆုံးနဲ့နောက်ဆုံးအကြိမ် သတိပေးတာ . . ဒီလိုမှ မဟုတ်ရင် . . မန်နေဂျာနဲ့ သွားတိုင်ပြောလိုက်မယ် . . ကြားလား





. . အခန်းထဲမှာ . . ရှင် သန့်ရှင်းရေးလာလုပ်တဲ့ မိန်းမနဲ့ မဟုတ်မဟပ်တွေလုပ်နေတယ် . . လို့ . . . သန့်ရှင်းရေးလာလုပ်တဲ့ မိန်းမကလည်း ဝတ်ထားလိုက်တာ လန်ပြန်နေတာပဲ . . ဟုတ်ကော ဟုတ်ရဲ့လား မသိဘူး'

နားနှစ်ဖက်လုံးအူထွက်နေပြီမို့ ဦးမြင့်မောင်က အခန်းထဲမှ အမြန်ထွက်ဖို့ပြင်သည်။

'ဒါက ဘယ်လဲ'

'ကမ်းစပ်မှာ လေသွားရှူမလို့'

'လေရှူမှာလား ကောင်မလေးတွေ သွားပြီး ဖွန်ကြောင်မှာလား'

'နှစ်ခုစလုံးပဲပေါ့ . . ရှင်းပြီလား'

'သေနာကျကြီး သေခါနီး ရိကွာယူနေတယ်'

သချာတာကတော့ . . ဟန်းနီးမွန်းထွက်လာတဲ့ . . အဘိုးအရွယ်နဲ့မြေးအရွယ်စုံတွဲ ဘယ်လိုမှအဆင်မပြေတော့ခြင်းပင်။

ဒါတွေကို ချောင်းကြည့်ပြီး နားထောင်နေသော ဂန်ဒူးနှင့် ယသာကီတို့နှစ်ယောက် လက်ဖဝါးချင်း ရိုက်လိုက်ကြပြီး

'အရေးတော်ပုံ အောင်ပြီ'

◆



www.burmeseclassic.com

www.burmeseclassic.com

နေကြာက လှလှပပလေး ဝတ်စားပြီး ကောင်တာမှာ ကြော့ကြော့မော့မော့လေး ထိုင်နေသည်။

ပြေတီလူးရောက်လာပြီး နေကြာကို ဝင်ရောသည်။

'စားပြီးပြီလား ညီမလေး အရမ်းလှတယ်နော်'

'နေကြာ့ကို ပြောတာလား'

'ဒါပေါ့. . ဒီဟိုတယ်မှာ ညီမလေးလောက်လှတဲ့သူ ရှိသေးလို့လား'

'အဟင်း. . လူတိုင်းကတော့ ဒီလိုပဲပြောကြတာပဲ အစ်ကိုက ဘယ်နေ့ပြန်မှာလဲဟင်'

'ဘာလဲ. . ညီမလေးက ပြန်စေချင်နေပြီလား'





'အို ဘာလို့ပြန်စေချင်ရမှာလဲ ဖြစ်နိုင်ရင် ဒီမှာ တစ်သက်လုံးနေလို့ ပြောမလို့'

ပြေတီလူး ရင်တွေဘာတွေ တုန်သွားသည်။

ဒီလောက် လှပပြီး ချစ်စရာကောင်းတဲ့ ကောင်မလေးက သူ့ကိုရည်းစားစကား ပြောနေပြီ။

ရေစီးရေလာ ကောင်းတုန်း မြောင်းဖောက်ရုံတင်မကဘူး ဒီက ဆည်ကာတာကြီးပါ ဆောက်ပစ်လိုက်ဦးမှာ။

'ညီမလေး ကိုယ့်ကို တစ်သက်လုံး တာဝန်ယူမှာလားဟင်'

'တစ်သက်လုံးနေရင် အခန်းခလေးတော့ မှန်မှန် ပေးရမှာပေါ့ ဆရာရဲ့'

ဒီလိုစကားမျိုးက နေကြာတို့ ပြောနေကျ လက်သုံးစကားပဲလေ။

လူတိုင်းကို ပြောနေတာ။

ဒါမှ ကိုယ့်အဖေစီးပွားရေး အဆင်ပြေမှာပေါ့။

မိတ်ကပ်မောင်မောင်ညီက မလှမ်းမကမ်းမှနေပြီး ပြေတီလူးကို ပြုံတီတီရုပ်နဲ့ ကြည့်နေသည်။

မိတ်ဆက်ပွဲလုပ်ပြီးကတည်းက မှန်ဘီလူး အမြဲချိတ်ထားတဲ့ အဲဒီလူက သူ့မျက်စိထဲရောက်နေတာ. .



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်အဖြစ်က ဘာနဲ့တူသလဲဆိုတော့ ယုန်လေးကို ကျားက ချဉ်းကပ်နေပြီး . . အဲဒီကျားကိုမှ ဂျီလေးက ပြန်ချောင်းနေတဲ့ပုံဖြစ်နေသည်။

ပြေတီလူး အနားကို မောင်မောင်ညီ ရောက်လာပြီး

'အိုပါး . . ဘယ်နေ့ပြန်မှာလဲဟင်'

'အရေးထဲ ပြန်ဖို့အကြောင်း လာပြောနေပြန်ပြီ . . ဒီမှာတစ်သက်လုံးနေဖို့အရေး ဆွေးနွေးနေတဲ့ဥစ္စာ'

'အိုပါး တကယ်ပြောနေတာလား . . ဒါဆို တို့လည်း ဒီမှာတစ်သက်လုံးနေမယ် . . နော် . . ညီမလေး . . ကြိုပြီး ဘွတ်ကင်လုပ်ထားမယ်'

'ဒါဆို ဒီကအစ်ကိုနဲ့အတူ နှစ်ယောက်ခန်း ကြိုယူလိုက်ပေါ့'

'ဟယ် . . အမြော်အမြင် ရှိလိုက်တာ . . လာဘ်မြင်တတ်လိုက်တာဟယ် . . . ကြီးပွားဦးမယ်'

ပြေတီလူးက မကျေမနပ်ဖြစ်ကာ ပေစောင်းစောင်းကြည့်ပြီး -

'ဒါကြီးနဲ့ တစ်ခန်းတည်း နေရမယ် . . . စဉ်းစဉ်းစားစားလည်း ပြောပါ ညီမရယ်'





ထိုစဉ် ညီသုတတို့အုပ်စု ရောက်လာပြီး နေကြာ့ကို လက်ဖက်ရည်တစ်ထုပ် လှမ်းပေးကာ

'ရွာထဲက ဝယ်လာတာ . . ညီမအတွက်။ ပူပူလေး သောက်လိုက်ဦး'

'ကိုညီကလဲ . . ဒါပဲလား . . မုန့်လည်း မပါဘူး'

နေကြာက ခပ်ညုညုလေး ချွဲလိုက်လျှင်

'နေကြာ ဘာစားချင်သလဲပြော . . . ခုချက်ချင်း သွားပြန်ဝယ်ပေးမယ်'

'အလကား စတာပါရှင် . . ခုလို လက်ဖက်ရည် တိုက်တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ် . . နောက်လည်း ဒီထက်တော ကျွေးမွေးနိုင်ပါစေ'

ကိုညီတို့အုပ်စုထဲက . . ဇော်ဝင်းထွဋ်လို နှုတ်ခမ်းမွေးနဲ့ကောင်လေးက အားကျမခံ ခရုအခွံတွေနဲ့အလှတန်ဆာပြုလုပ်ထားတဲ့ လည်ဆွဲလေးကို နေကြာ့လက်ထဲ ထည့်ပေးပြန်သည်။

'ဒါက ကျွန်တော့်လက်ဆောင်'

'ဟယ် . . လှလိုက်တာ . . အရမ်းရွေးတတ်တာပဲတော့'

ဘယ်သူပဲ ပေးပေး . . တစ်ခုမှလည်း မယူတာမရှိပါ။ ဒပေးသမျှအားလုံး လက်ခံနေတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြေတီလူးက ကြည့်ပြီး ရှက်လာသည်။ သူ့မှာ ဘာလက်ဆောင်မှ မပါဘဲကိုး။

ရှက်ပြီး နေကြာအနားမှ သူထွက်လာခဲ့သည်။ အခြောက်မ မောင်မောင်ညီက ပြေးလိုက်လာပြီး

'ကိုကိုလူး. . ဘယ်သွားမလို့လဲ. . ကိုကိုလူး. . တို့လည်း လိုက်မယ်လေ'

'ဟာ. . . ဒီအခြောက်မကလည်း အရေးထဲ လိုက်လာပြန်ပြီကွာ'

မောင်မောင်ညီက ပြေတီလူးလက်ကို ဖမ်းဆွဲလိုက်ပြီး

'စိတ်ညစ်နေတယ် မဟုတ်လား. . ဂီတာတီးမလား ကိုကို အဲလေ. . ဘီယာသွားသောက်ရအောင်'

'နင် တိုက်မလို့လား'

'တိုက်ဦးမှာ. . ကိုကိုလူးကိုဆို ဒီက ကြည်ဖြူပြီးသား'

ပြေတီလူးကို ဘီယာဆိုင် ခေါ်သွားပြီး မမူးမချင်း တိုက်လေသည်။ ခရုမှာ အဆံရှိသလို မောင်မောင်ညီမှာလည်း အကြံရှိလေသည်။

'သောက်. . ထပ်သောက်ဦးလေ ကိုကိုလူး. . မူးပြီလား. . သိပ်မူးသေးပုံ မပေါ်ဘူး. . မြန်မြန်မူးအောင် သောက်. . သိလား'





အဟိ. . သူ မြန်မြန်မူးမှ အထီးမှန်း အမမှန်း မသိမှာ. . အဲဒီအခါကျ ဆွဲစိလိုက်ရုံပဲ. .

ပြေတီလူးက လျှာလေးအာလေးဖြင့်

'နေကြာ. . . ရက်စက်တယ်ကွာ. . . ယောကျ်ားတကာနဲ့ အရောတဝင်နေနေတယ်. . အဲဒီလို နေစရာလား. . အော့. . ဒီမြင်တွင်းကို ငါက ဘယ်လိုအင်အားနဲ့ကြည့်ရမှာလဲ. . ဟေ့ကောင်. . အခြောက်. . နှစ်ပိုင်းတစ်ပိုင်း. . နောက်တစ်လုံး ထပ်မှာပေးဦး. . ငါမူးရင် ကိုရီးယားကားတွေထဲကလို ငါ့ကို ကုန်းပိုးပေး'

အမယ်လေး. . လေး. . ငါ့မှား အခြောက်တဲ့။ ဒါဆို ကျိန်းသေပြီ. . ဒီကောင် မမူးသေးဘူး။

သူ တကယ်မူးရင် ငါ့ကို မိန်းမလို့ခေါ်မှာ. .

ဘီယာပုလင်းလွတ်တွေ များနေပြီ. . ပြေတီလူးက ခုထိ မမူးသေးတာ ခက်သည်။

ကြွက်တွင်းကျနေတာပဲ. . မူးလည်း မမူးနိုင်ဘူး။

'ဟေ့. . ငါ့ပဲ တိုက်မနေနဲ့. . နင်လည်း ယောကျ်ားပဲ. . . သောက်. . ရော့. . ချ. . ချီးရား'

သူ အတင်းတိုက်လို့ မောင်မောင်ညီမှာ သောက်ရင်း. . သောက်ရင်း ပတ်ချာလည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မူးလာတော့ ပြေတီလူးကို သွားရစ်သည်။

'နင်နဲ့ငါက မျိုးတူလား. . ဒါဆို နင်က ငါ့ညီမလေးပေါ့. . ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဟား'

မောင်မောင်ညီက မူးရင် သေအောင်ရယ်(ရီ)သည့်အစား ထဲတွင် ပါသည်။

'ဒီမှာ ညီမငေး. . မသိရင် မှတ်ထား. . ငါက နင့်ထက် စီနီယာကျတယ်. . နင့်ကို ငါ လိုင်းသွင်းပေးမယ်. . တီလား'

ပြောပြောပြီး မောင်မောင်ညီ တိုက်ပွဲကျသွားသည်။

'ဟော့ကောင်. . မင်း မမူးနဲ့ဦးလေ. . မင်းပြောတော့ ငါ့ကို ဘီယာတိုက်မယ်ဆို. . ထ. . ပိုက်ဆံထရှင်းပေးဦး'

ဘယ်လိုပြောပြော မောင်မောင်ညီက မထလာတော့။

စိတ်တာကောင်လေးက Bill စာရွက်ယူလာပြီး

'ဆိုင်ပိတ်တော့မယ် အစ်ကို. . အားလုံး သုံးသောင်း နှစ်ထောင်ကျတယ်'

'ဟာ. . များလှချည်လား'

'များမှာပေါ့ဗျ. . အစ်ကိုတို့က အမြည်းတွေ အများကြီးမှာတာကိုး. . ဘီယာဖိုးတင် နှစ်သောင်းကျတဲ့ဟာ'

'မသိဘူးကွာ. . ဟိုကောင်နိုးလာမှ တောင်းလိုက်'





'ဟာ. . အဲဒီလို မလုပ်နဲ့လေ. . သူက အစ်ကိုနဲ့အတူတူ လာတာပဲ. . ပြန်ခေါ်သွားပေးပါ. . ဆိုင်ပိတ်တော့မယ်ဗျ'

နောက်ဆုံးတော့ ပြေတီလူးမှာ ပိုက်ဆံရှင်းပေးပြီး မောင်မောင်ညီကို တွဲခေါ်ခဲ့ရလေသည်။

'ဒီအခြောက်မကို ဘယ်နားသွားပစ်ထားရင် ကောင်းမလဲ၊ နေဦး. . သူ့ကို ကောင်းကောင်း lesson ပေးရမယ်'

ညီသုတတို့အုပ်စု သူတို့အခန်းရှေ့က အုန်းပင်အောက်မှာ ဂီတာ ထိုင်တီးနေကြသည်။

ပြေတီလူးက သူတို့မမြင်အောင် မောင်မောင်ညီကို သူတို့ အခန်းထဲသွင်းထားခဲ့သည်။

အပေါ်ပိုင်းကို ဗလာကျင်းနေအောင် အင်္ကျီပါ ချွတ်ပေးထားခဲ့သေးသည်။

ပြီးတော့ အသာလေး သူ့အခန်းထဲ ပြန်ဝင်အိပ်နေလိုက်သည်။

အရမ်းညဥ့်နက်လာတော့ ကောင်လေးတွေ အခန်းထဲပြန်လာကြသည်။

မီးလည်း ဖွင့်လိုက်ရော. . သူတို့ကုတင်ပေါ်မှာ အခန့်သား တက်အိပ်နေသော မောင်မောင်ညီကို တွေ့သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



'ဘာကြီးလဲ'

'ဟာ.. ဟို.. မိတ်ကပ်ပြင်တဲ့အခြောက် မဟုတ်လား'

'ဘာလဲကွာ.. သူ့အခန်း သူပြန်အိပ်တာမဟုတ်ဘူး'

'ဟာ.. အတော်ပဲ.. သူ့ပုံတွေ ရိုက်ထားရအောင်'

'ဘာလုပ်မှာလဲကွ.. အလကား ကျက်သရေတုံးတယ်'

'လိုလိုမယ်မယ်လေကွာ.. နောင်တစ်ချိန် အသုံးတည့်ရင် တည့်မှာပေါ့.. ကဲ.. မောင်မောင်.. သူ့ပုဆိုးလှန်လိုက်'

မောင်မောင်ညီခမျာ သူဘာဝပျက်နေတာ ဘာမှမသိ။

သူ့ကို ပုဆိုးလှန်ပြီး ပယ်ပယ်နယ်နယ် ဗီဒီယိုရိုက်နေမှန်းလည်း မသိ။

အိပ်လိုက်တာမှ ရှူးလို့။

ကောင်လေးတွေက သူ့ပုံတွေကြည့်ပြီး တဝါးဝါး တဟားဟားဖြင့် ပွဲကျနေကြသည်။

'အဟား.. ဟား.. ရယ်ရတယ်ကွ၊ ဒီပုံကြီး အင်တာနက်ပေါ် တင်လိုက်ရင် ပွဲပဲ'

'ကဲ.. ကဲ.. အိပ်စရာရှိ အိပ်ကြတော့... သတိ ဝီရိယလေးလည်း ထားပြီး အိပ်ဦး၊ ငါတို့အခန်းထဲမှာ ရန်သူရောက်နေပြီနော်'





'ဒါဆို ငါတို့တစ်ယောက်တစ်လှည့်စီ ကင်းစောင့်ပြီး အိပ်မလား'

'အေး.. အဲဒါ ကောင်းတယ်'

'ဟာ... ရှုပ်တယ်ကွာ... မန်နေဂျာ သွားခေါ်ပြီး ဒီအခြောက်ကို သူ့အခန်းထဲ ပြန်ပို့ခိုင်းလိုက်ရအောင်'

'ဒါ အကောင်းဆုံးပဲ'

မောင်မောင်ညီဘဝကလည်း သနားစရာ။

သူများ ထားရာနေ၊ စေရာသွားဘဝ။

ဘာဆို ဘာမှမသိ။

♦



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်နင်းလို့ရတဲ့ စက်ဘီးလေးပေါ်မှာ မိုးစက်က အရှေ့မှနင်းပြီး စမ်းရေက အနောက်မှာထိုင်ပြီး နင်းလာသည်။

နေဝင်ချိန်မို့ လိမ္မော်ရောင်ပြေးလေးတွေက ပင်လယ်ကြီးနှင့် သဲသောင်တွေပေါ် ဖြာပြီး အလှဆင်နေသည်။

ပင်လယ်ဘက်က တိုက်လာတဲ့ လေနုအေးတွေက စိတ်ကို ခွန်အားပေးနေသည်။

အလှဆုံးအချိန်ဟာ ဆည်းဆာချိန်လို့ စမ်းရေက ထင်လေသည်။

'ဒီပင်လယ်ကြီးကိုမြင်ရတာ စိတ်ချမ်းသာလိုက်တာ'

'နေ့တိုင်း ပင်လယ်ကြီးမြင်နေရအောင် ဒီမှာပဲ တစ်သက်လုံးနေပါလား စမ်းရေ'





'ရှင် ကျွန်မကို ရည်းစားစကား ပြောနေတာတော့ မဟုတ်ပါဘူးနော်'

မိုးစက်က စက်ဘီးကို ရပ်လိုက်ကာ စက်ဘီးပေါ်မှဆင်းပြီး ပင်လယ်ဘက်သို့မျက်နှာမူကာ သူ့ပါးစပ်ကို လက်နှစ်ဖက်ဖြင့်အုပ်ပြီး

'စမ်းရေကြည်ကို ချစ်တယ်'

ဟု အကျယ်ကြီးအော်လိုက်သည်မို့ စမ်းရေက ရှက်ရှက်ဖြင့် -

'တော်ပြီလေ. . ဘာတွေ လျှောက်အော်နေတာလဲ. . ဟိုမှာ လူတွေကြည့်ကုန်ပြီ'

'မရှက်ပါနဲ့ စမ်းရေ. . ကိုယ့်ကို. . ချစ်ဖို့သာ စဉ်းစားပေးပါ'

'စမ်းရေဘဝမှာ ကိုမိုးစက်ပေးတဲ့အသက်ပဲ ရှိတာပါ. . ကိုမိုးစက်ကို စိတ်ချမ်းသာစေချင်ပါတယ်'

'ဝေ့လည်လည်မလုပ်နဲ့ကွာ. . Yes or No တစ်ခုခုတော့ပြော. . မပြောရင် ကိုယ်လိုရာ ကိုယ်ဆွဲပြီး တွေးလိုက်မှာနော်'

'မနက်ဖြန်ကျရင် အဖြေပေးမယ်လေ. . ဟိုးအစွန်ဆုံးက တောင်ဆောင်နားမှာ မနက်ကိုးနာရီစောင့်နေ'



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေများ ခက်လှပါဘိ။ သူ့ရင်ထဲမှာ အဖြေရှိနေရဲ့သားနဲ့ တစ်ရက်ရ တစ်ရက်၊ အချိန်က ဆွဲချင်သေးတယ်. .

ကိုယ်က လိုချင်တဲ့သူဆိုတော့လည်း စောင့်ရမှာပေါ့လေ။

'တစ်ရက်ကြီးများတောင် စောင့်ရဦးမယ်ကွာ။ ဒီည ကိုယ်အိပ်လို့ပျော်မှာ မဟုတ်တော့ဘူး'

'မပျော်လည်း အိပ်ဆေးသာ သောက်အိပ်တော့ ဆရာ. . ကျွန်မက မိန်းကလေးဆိုတာလည်း သတိရဦး. . ကိုယ့်ဘဝတစ်ခုလုံးကိုစွန့်စားပြီး ပုံအပ်ရမယ့်သူက ဘယ်အတိုင်းအတာအထိ ယုံကြည်ရမလဲဆိုတာ ကြိုမှမသိနိုင်တာ'

'စမ်းရေအတွက်ဆို ကိုယ့်အသက်တောင် ပေးရဲတယ်ဆိုတာ. . မယုံသေးဘူးလားကွာ'

'တစ်ရက်တော့ စောင့်ကွာ၊ ရှေးတုန်းကလို သုံးနှစ်သုံးမိုးစောင့်ခိုင်းတာမှ မဟုတ်တာ. . စမ်းရေချစ်တဲ့သူနဲ့ လက်ထပ်တဲ့သူတစ်ယောက်တည်းပဲ ဖြစ်ချင်တယ်'

'ကဲပါ. . စောင့်ဆိုလည်း စောင့်ရမှာပေါ့. . မနက်ဖြန်ကျရင်သာ ကိုယ့်ကို အပျော်ဆုံးလူသားဖြစ်အောင် လုပ်ပေး'

'မနက်ဖြန်ကျ သိရမှာပေါ့'

စမ်းရေက ချစ်စရာကောင်းအောင်လည်း ပြောတတ်





သည်။ အနားမှာသာ ချစ်သူရှိနေရင် နေ့ဝင်တာလည်း လွမ်းစရာကောင်းနေသည်။

သူတို့နှစ်ယောက်ရဲ့ပတ်သက်မှုဟာ နောင်တစ်ချိန်မှာ ပြန်တွေးလိုက်တိုင်း ကြည်နူးဆွတ်ပျံ့စရာလေးတွေဖြစ်နေမှာ သေချာပါသည်။

'ဟိုးအစွန်ဆုံးအထိ သွားမယ်နော်၊ မြန်မြန်နင်းထား'

စမ်းရေရဲ့ရယ်သံလေးတွေ ကမ်းခြေတစ်လျှောက်မှာ ပျံ့လွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ဆို ဧည့်သည်တွေ 'ဘူဇွာဟိုတယ်'ရောက်တာ ငါးရက်ရှိပြီ။ သူတို့က ဆယ်ရက်အပြည့်နေမှာဆိုတော့ ခုချိန်ထိတော့ စည်စည်ကားကားဖြစ်နေသေးတာပေါ့လေ. . .

အန်တီမမများအဖွဲ့ ခေါင်းချင်းတိုက်ပြီး တိုင်ပင်နေကြသည်။

'မာလာ. . နင် လူပြောင်းသင့်နေပြီနော်. . နင့်လူ ကြည့်ရတာ တစ်ချက်မှလှုပ်မလာဘူး'

'ဒီနေ့ ငါ ဗျူဟာတစ်ခု ခင်းကြည့်ဦးမယ်ဟယ်. . ငါ နေမကောင်းဘူးဆိုပြီး သူ့ကို ခေါ်ပြီး ကြပ်ပေးလိုက်မယ်'

'ဖြစ်ပါ့မလား. . .'

'နင်တို့ သူ့ကို သွားခေါ်ပြီး ရှောင်နေလိုက်တော့. . . ငါ ကြည့်ပြီး ထိန်းထားလိုက်မယ်'





'အခုလား'

'အေး'

သူ့အဖွဲ့တွေ ထွက်သွားတော့ ဒေါ်မာလာက အိပ်ရာပေါ်တက်ပြီး စောင်ကြီးခြုံကာ ကွေးနေလိုက်သည်။

နေမကောင်းချင်ယောင်ဆောင်မယ့်အရေး မိတ်ကပ်ကိုညိုနေအောင် လိမ်းပြီး အနီရဲရဲ ညဝတ်ဂါဝန်က ဝတ်ထားရသေးသည်။

နေမကောင်းတဲ့သူနဲ့မတူဘဲ ရုပ်ရှင်တွေထဲကလို ကြာကူသီမကြီးနဲ့တူနေသည်။

မိုးစက်က အန်တီမမတွေ လာခေါ်တဲ့အချိန်မှာ အလုပ်ရှုပ်နေသည်မို့ ပြီးပြီးရောပင် လာခဲ့မည်ဟု ပြောလိုက်မိသည်။

ဟိုအဖွဲ့လည်း စိတ်ချပြီး ရှောင်ထွက်သွားကြသည်။

နဂိုကတည်းက ဒေါ်မာလာဆို ကြောက်ပါပြီဖြစ်နေတဲ့. . မိုးစက်က သူ့တာဝန်ကို ဦးလန်ချက်အား လွှဲပေးလိုက်လေသည်။

ရှိုးစမိုးထုတ်ပြီး ခေါင်းလိမ်းဆီတွေ ရွှဲရွှဲလိမ်းကာ ရှိစုမဲ့စုဆံပင်တွေကို နောက်လှန်ပြီးဖြီးထားသော ဦးလန်ချက်သည် မိုးစက်ဆီရောက်လာပြီး စာရင်းတွေ တောင်းကြည့်သည်။

'ပါပါး. . . ဒါတွေ နောက်မှကြည့်ဗျာ အခု ဧည့်သည်တစ်



www.burmeseclassic.com

ယောက် အရမ်းနေမကောင်းဖြစ်နေတယ် တဲ့. . ဒါပေမယ့် သူဖြစ်နေတဲ့ ရောဂါက အမျိုးသမီးရောဂါဆိုတော့. . ကျွန်တော် သွားလို့မသင့်တော်ဘူး။ အဲဒါ ပါပါးက ပိုနားလည်မယ်ထင်တယ်. . မိန်းမသုံးယောက်တောင် ရှိတာဆိုတော့. . ပါပါးပဲ သွားကြည့်ပေးလိုက်ပါဗျာ'

ဦးလန်ချက်က အမျိုးသမီးဆို နှစ်ခါပြောစရာ မလို။ စိတ်ဝင်စားပြီးသားမို့ -

'အခန်းနံပါတ်ပြော။ ငါသွားလိုက်မယ်'

မိုးစက်က ဝမ်းသာအားရနဲ့ အခန်းနံပါတ်ကို မြန်မြန်ပြောပေးလိုက်သည်။

ဒီဘွားတော်က အားအားရှိ ကိုယ့်ပဲခေါ်ခိုင်းနေတဲ့ဟာ. . ပါပါးနဲ့တွေ့မှ. . မှတ်လောက်သားလောက်ရှိသွားမှာ မြင်ယောင်ပါသေး။

ဦးလန်ချက်က တံခါးကို နှစ်ချက် ဆင့်ပြီး ခေါက်လိုက်သည်။

ဒေါ်မာလာက အသာလေးပြုံးလိုက်သည်။

'သူ လာသားပဲ. . အဟိ'

အပျိုဖြန်းလေးလို ရင်ခုန်သံတွေ ပြောင်းဆန်လာသည်။





သဏ္ဍာန်လုပ် သရုပ်တူစေရန် ပါးစပ်မှလည်း ညည်းသံ ထွက်ပြုရသေးသည်။

'အား. . သေပါပြီ. . ခေါင်းတွေကိုက်လိုက်တာ။ အား. . ကျွတ်. . ကျွတ်'

မျက်လုံးမှိတ်ပြီး အော်နေစဉ် ဦးလန်ချက်က သူမနံဘေးမှာ တင်ပါးလွှဲ ဝင်ထိုင်ပြီး လက်နှစ်ဖက်ဖြင့် နားထင်ကြောတွေကို အသာလေးနှိပ်ပေးနေမိသည်။

သူ့မျက်လုံးတွေက ဒေါ်မာလာရဲ့ အနီရဲရဲ ညဝတ်ဂါဝန်လေးပေါ်မှာ ထက်အောက်စုန်ဆန်ပြေးဆော့နေကြသည်။

ဒီမိန်းမ တော်တော်ကြည့်ကောင်းတာပဲ။ အသက်ကြီးပေမယ့် အများကြီးကျန်ပါသေးတယ်လေ. . .

'ကျေးဇူးတင်လိုက်တာ မောင်လေးရယ်. . . မင်းလက်ကဆော်တော်ထိတာပဲနော်. . မမလေ. . ဘယ်လိုပဲ နေမကောင်းဖြစ်ဖြစ်. . အနားမှာ မင်းရှိနေရင် သက်သာသွားတယ်ကွယ်'

ဒေါ်မာလာက မျက်လုံးမဖွင့်ဘဲ ဇိမ်ခံနေသည်။

သူ့ဗျူဟာအရ မာယာကို တစ်ဆင့်တင်လိုက်ပြီး

'အမယ်လေး. . ပခုံး. . ပခုံး. . အကြောတွေ တက်လာပြီ။ လုပ်ပါဦး မောင်လေးရယ်'



www.burmeseclassic.com

www.burmeseclassic.com



ဦးလန့်ချက်က ဒေါ်မာလာရဲ့ ပခုံးသားလေးတွေကို ကိုင်ပြီး လက်စွမ်းပြကာ စန္ဒရားတီးလိုက်သည်။

အိုး. . ဒီလိုဆိုတော့လည်း ကလေးက အလာကြီးပါလား။

ခေါ်သာ ခေါ်လိုက်ရတာ. . . သူ မလာလောက်ဘူးလို့ ထင်နေတာ။ ခုကျတော့လည်း စိတ်ပါလက်ပါနဲ့ကို နှိပ်ပေးနေလိုက်တာ. . .

အခြေအနေကို ကြည့်ပြီး ဒေါ်မာလာက မာယာကို ဂိတ်ဆုံးတင်လိုက်တော့သည်။

တစ်ကိုယ်လုံးကို တုန်တက်နေအောင် ခါပြီး နှုတ်ခမ်းတွေပါ တုန်ပြကာ. .

'ချမ်း. . ချမ်းတယ်. . မောင်လေးရယ်။ ချမ်းလိုက်တာ. . မမကို ဖက်ထားပေးပါလားကွယ်'

ဦးလန့်ချက်က သဘောတွေ ကျကာ သွားတွေဖြီးပြီး ဖက်ပေးလိုက်သည်။

အဲဒီခဏမှာပဲ ဒီမိန်းမကို သူ့ရဲ့နံပါတ်လေးအဖြစ် စာရင်းသွင်းဖို့ ကြံစည်လိုက်တော့သည်။

ဒီလောက်ဖက်ထားတာတောင်မှ ချမ်းနေသေးတယ်. . ဆိုတော့ မီးယပ်ချမ်းပဲ ဖြစ်မှာပါ။

ဆောင်းညပြာသိုစာပေ



ဦးလန့်ချက်က စေတနာတွေ အရမ်း အရမ်းကို ပိုနေပြီမို့ ဖက်ရုံတင်မကဘဲ ဒေါ်မာလာရဲ့ စောင်ကြားထဲ တိုးဝင်သွားသော အချိန်တွင်. . .

'ဟင်. . မာလာ. . ဒီလူ နင့်ကို ဘာလုပ်တာလဲ. . မဟားတရားကြံနေတာပေါ့. . ဟုတ်လား။ ဟဲ့. . ဒီမှာ. . ငါတို့သူငယ်ချင်းကို ကြောရရုံ ကြံမနေနဲ့. . မင်း ယောကျ်ားဆိုရင် ကိုယ့်ကိစ္စ ကိုယ်တာဝန်ယူရမယ်'

အန်တီမမတွေက ဇာတ်တိုက်ထားသည့်အတိုင်း ဦးလန့်ချက်ကို မိုးစက် ထင်ပြီး အတင်းတာဝန်ယူခိုင်းနေသည်။

တစ်မိုးအောက်မှာ. . အဲလေ. . စောင်ထဲမှာ အတူတူ ရှိနေသည့် သူတို့နှစ်ယောက်ကို ဖုန်းကင်မရာဖြင့် ဓာတ်ပုံတွေရိုက်ကြသည်။

'တွေ့လား. . ဒီမှာ သက်သေရှိနေပြီ။ ရှင် တာဝန်မယူလို့ မရဘူး'

သူခိုး လူမိသွားတော့ ရှက်ပြီး ဦးလန့်ချက်က စောင်ကြီး ခေါင်းမြီးခြုံကာ

'ယူမှာပါဗျာ. . သူ့ကို ကျွန်တော်ယူမှာပါ'

ဟု ဗလုံးဗထွေးဖြေလေသည်။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာက သူ့လူတွေကို မျက်ရိပ်ပြလိုက်လျှင် သူတို့က စောင်ကြီးကို အတင်းဆွဲဖယ်ကြလေသည်။

စောင်ဖယ်ပြီး ထွက်လာတဲ့ မျက်နှာကြီးက ဖောချွေးတွေပြန်ပြီး ခေါင်းလိမ်းဆီတွေ ရွှဲနေတဲ့ ဟိုတယ်ပိုင်ရှင်အဘိုးကြီး ဖြစ်နေသည်။

'အမယ်လေး. . . ရှင်. . ရှင်. . ကျွန်မအခန်းထဲ ဘာဝင်လုပ်တာလဲ'

'ခင်ဗျား နေမကောင်းဘူးဆိုလို့ ကျွန်တော်လာကြည့်တာလေ. . ကိုယ့်ဧည့်သည်ဆိုတော့ ပြုစုရမဲ့တာဝန် ရှိတာပေါ့'

ဒေါ်မာလာက ဆတ်ကနဲ ထ,ထိုင်ကာ လက်ညှိုးငေါက်ငေါက်ထိုးပြီး

'သွား. . မန်နေဂျာ သွားခေါ်. . ရှင့်ကို မန်နေဂျာနဲ့တိုင်ရမယ်'

'ဗျာ. . ကျွန်တော်က မန်နေဂျာထက် ပိုပြီး အဆင့်မြင့်ပါတယ်. . ကျွန်တော်က ပိုင်ရှင်လေ. . မန်နေဂျာက ကျွန်တော့်သားပါ'

'ပိုင်ရှင်ကို မလိုချင်ဘူး။ မန်နေဂျာပဲ လိုချင်ပါတယ်ဆိုမှ ဟဲ့. . နင်တို့ဘာလုပ်နေကြတာလဲ ဒီကိစ္စကိုရှင်းကြလေ'

ဆောင်းညပြာသိစာလေ



ဦးလန်ချက်က လက်ကာပြီး

'မရှင်းနဲ့တော့. . ခုနက ပြောပြီးသားလေ. . တာဝန်ယူမှာပါ. . ကျွန်တော့်ဟိုတယ် သိက္ခာ မကျစေရအောင်. . ကျွန်တော့်မှာ လုံးဝတာဝန်ရှိတယ်။ ကျွန်တော့်ကို လက်ခံပါဗျာ. . ဒီဟိုတယ်ကြီးမှာ ဒီကမ်းခြေမှာ ခမ်းခမ်းနားနားနဲ့ ကြီးကြီးကျယ်ကျယ်လက်ထပ်မှာပါဗျာ'

ဒေါ်မာလာရဲ့ သူငယ်ချင်းတွေကလည်း

'ဟုတ်သားပဲ မာလာရယ်. . မထူးတော့ပါဘူး သူ့ပဲ လက်ခံလိုက်ပါတော့. . နင်လက်ခံလို့ပဲ စောင်ထဲရောက်နေပြီဥစ္စာ'

'ဟဲ့. . . ငါက ဟိုကောင်လေးအောက်မေ့လို့ပေါ့'

'ခုလည်း. . ကောင်လေးအဖေပဲကွယ်'

'အမယ်လေး. . ငါ့. . ငါ့ခေါင်းတွေ ခုမှ တကယ်ကိုက်လာပြီ။ သူ့ကိုယူရင်. . ငါ. . ငါ. . နံပါတ်လေး. . လေး. . အမယ်လေး ဂစ်. . . ဂစ်'

'ဟဲ့. . . ဟဲ့. . လုပ်ကြပါဦး မာလာမ တက်သွားပြီ'

သူငယ်လေး ချိန်မိပါတယ်. . အဘိုးကြီးနဲ့ မိသွားတော့ ဒေါ်မာလာ တကယ်တက်သွားပါသည်။

◆

ဆောင်းညပြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com

ညီသုတက နေကြာ့လက်ထဲ ပန်းစည်းကြီးထိုးပေးပြီး ကြင်နာစွာ ပြုံးပြရင်း

'ယူပါ. . ကိုယ်တို့တွေ့တာ ငါးရက်ပြည့်တဲ့အထိမ်းအမှတ်အနေနဲ့ပေးတာ'

'Thank you. . ဘာလို့လိုနဲ့ ကိုညီတို့ရောက်တာ ငါးရက်တောင် ရှိပြီနော်'

'နေကြာပြောသလို တစ်သက်လုံးနေမှာနော်. . လုံးဝမပြန်ဘူး. . '

ဒီတစ်ယောက်တော့ နေကြာ လက်ဖျားခါရပါသည်။

ရောက်ကတည်းက ပေးလိုက်သည့်လက်ဆောင်တွေ. . .

ဖွဲ့ကလည်း တော်တော်ကောင်းတာမို့ ဖွဲ့ဆုလေးတော့ ချသင့်ပါသည်။

ဆောင်းညပြာသိုစာပေ



လူပုံကလည်း ဖြောင့်တယ်လေ. . . ခုခေတ်ကောင်လေးတွေစတိုင်. . အလန်းစားလေးဆိုတော့. .

'နေကြာ. . ဒီလက်စွပ်ကလေးကို လက်ခံပေးပါလား'

မောင်းကွင်းလက်စွပ်ကလေးကိုပေးပြီး ဘာလုပ်မှန်း မသိပါ။

'ကိုညီ. . ကျွန်မ ရွှေအပေါင်မခံဘူးရှင့်'

'ကျွန်တော့်ရုပ်က ရွှေပေါင်စားတဲ့ရုပ်ပေါက်နေလို့လားဗျာ'

'ဒါဆို ဒါဘာလုပ်တာလဲ'

'နေကြာ ကိုရီးယားကားတွေ မကြည့်ဖူးဘူးလား. . လက်စွပ်ပေးပြီး လက်ထပ်ခွင့်တောင်းနေတာလေ'

'ဘယ်သိမလဲ. . ရှင့်လက်စွပ်က စိန်မှမပါတာ. . နေကြာတို့ကို ပေါပေါပဲပဲအစားထဲကထင်လို့လား'

'ဒီမှာ နေကြာ. . အချစ်သာ တကယ်စစ်ရင် ရုပ်ဝတ္ထုတွေ ဝါလာစရာ မလိုဘူးလေ. . ခရီးကြမ်းတွေ၊ ခရောင်းလမ်းတွေ ကိုယ်နဲ့အတူ လျှောက်ရဲဖို့ပဲ လိုတယ်'

ညီသုတကို နေကြာ တကယ်လေးစားသွားသည်။

သူ့စကားလေးတစ်ခွန်းနဲ့တင်. . ချက်ချင်း အဖြေပြန်ပေးလိုက်ချင်ပေမယ့် စာအုပ်ကြီးအတိုင်း၊ ခေါက်ရိုးကျိုးကျိုးပင်

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကို တကယ်ချစ်ရင် တစ်ရက်တော့စောင့်'

'တစ်ရက်ပဲ . . သေချာတယ်နော်'

'ဟိုးအစွန်ဆုံးက ကျောက်ဆောင်နားမှာ မနက်ကိုးနာရီလောက် စောင့်နေ'

'ဝမ်းသာတယ် နေကြာရယ်'

'သွားတော့ . . သွားတော့ . . . ဟိုမှာ အူကြောင်ကြောင်ကောင် လာနေပြီ'

ပြေတီလူးကို တွေ့လို့ နေကြာက ကိုညီကို ပ,ထုတ်လိုက်သည်။

ပြေတီလူးက ကောင်တာပေါ် လက်တစ်ဖက်ထောက်တင်လိုက်ပြီး

'ဟိုကောင် ဘာလာကြောင်တာလဲ'

မေးပုံကိုက ပိုင်စိုးပိုင်နင်းနိုင်ပါ့။

'လက်ထပ် . . အဲ . . လက်ဖက်စားချင်လို့ လာမေးနေတာ'

'ဒီကောင့်ကို ခေါက်ထားလိုက်စမ်းပါ . . အလကား ပုံမလာပန်းမလာနဲ့'

'ရှင့်ထက်တော့ သာပါသေးတယ်'

'ဘာ'

ဆောင်းညပြာသိစာပေ



'ဪ . . ရှင့်လောက်တောင် မသားနားပါဘူး'

'နောက်ဆို ဒီကောင်နဲ့ကင်းကင်းနေနော်'

'ကောင်းပါပြီရှင်'

ရွှဲဖြေလို့ ဖြေမှန်းမသိဘဲ သူ့ကိုယ်သူ ဂုဏ်တွေယူပြီး ရင်ကော့နေသည်။

'အဟမ်း . . . အဟမ်း'

မိုးစက်က ချောင်းဟန့်သံ ပေးလိုက်တော့မှ

'ဟာ . . ဂျာကြီး . . စားပြီးပြီလား'

'ဘာစားရမှာလဲဗျ . . . ခင်ဗျားဟာက အရင်းမရှိ အဖျားမရှိ . . ဒီအချိန်ကြီးကျမှ စားရင် အစာအိမ်ရောဂါဖြစ်သွားမှာပေါ့'

ပြေတီလူးက နှုတ်ဆက်ပြီး ပြန်ထွက်သွားသည်။

'စားပြီးပြီဆိုလည်း ပြီးရောပေါ့ဗျာ . . သွားပြီ'

'ကျေးဇူးပဲ ငါ့မောင်ရယ် . . နို့မို့ဆို ငါ့ကို လာရစ်နေတာ'

'အေးဗျာ . . မမနေကြာဘဝကလည်း နေ့တိုင်း ယင်အအုံခံနေရတယ် . . မမိုက်ပါဘူး'

◆

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ညီက ပြေတီလူးလာနေတာတွေ့လို့ ရပ်စောင့်နေသည်။

'ကိုကိုလူး'

ဒီအခြောက်မ လာရှုပ်ပြန်ပြီ။

'ဘာလဲ. . '

'မနေ့ညက တို့ကို စောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးအရမ်းတင်တယ် သိလား'

ပြေတီလူးပင် ကြောင်သွားသည်။

ကောင်လေးတွေ တပြုံကြီးရှိတဲ့ အခန်းထဲ ပစ်ထားခဲ့လို့ ကျေးဇူးတင်နေပုံရသည်။

နောက်ဆို ဘောလုံးကွင်းရှေ့မှာ သွားချပေးဦးမှ. .

'ဒါနဲ့ တို့မူးနေတုန်း ဘာလုပ်သွားသေးလဲဟင်'

'ဘာတုန်း. . ဘာလုပ်ရမှာလဲ. . နင့်ကို တွဲရတာနဲ့တင်. . လျှာထွက်နေပြီ သိလား'

'သိပါတယ်. . သိပါတယ်. . အခန်းထဲ အရောက်ပို့ပေးလို့ ကျေးဇူးပဲ'

'ပါးစပ်ကပဲ ကျေးဇူးတင်မနေနဲ့. . ငါ့ကို လျော်ကြေးပြန်ပေးဖို့ စဉ်းစားဦး'





'ကိုကိုလူးအတွက် တို့အသည်းကို လျော်ကြေးပေးမယ်လေ၊ သော့ခတ်ပြီး အပိုင်ယူသွားပေါ့'

'ေ–ာက်ကောင်မ. . လာပြီး ကမြင်းကြောထမနေနဲ့၊ နင့်အသည်းလည်း မလိုချင်ဘူး'

'ဒါဆို. . နှလုံးရော'

'အော့. . အန်တောင် အန်ချင်လာပြီ'

မောင်မောင်ညီက စိတ်မရှည်ဟန်ဖြင့် ပြေတီလူးရဲ့ ပခုံးတစ်ဖက်ကို ဆွဲလှည့်လိုက်ပြီး

'ဒီမယ်. . ရှင်က ဒါဘာအချိုးချိုးတာလဲ. . စိမ်းစိမ်းကားကားနဲ့ အစိမ်းရောင်အကျီမဝတ်ပါနဲ့'

'အေး. . ငါက အခြောက်ဆို လုံးဝစိတ်မဝင်စားဘူး၊ ရှင်းပလား. . ငါ့မှာ ချစ်သူမိန်းကလေးတွေ အများကြီးပဲ'

ပြေတီလူးရဲ့မခိုးမခန့်အပြောကို မောင်မောင်ညီက တင်းသာပြီး -

'ဘယ်နှယောက်ပဲရှိရှိ. . ရှင့်ရည်းစား ပထမတစ်ယောက်ကို ကျွန်မက ဟောဒီလို ပါးဆွဲရိုက်ဖို့ ဝန်မလေးဘူး. . အဲ. . ရှင့်ရည်းစား ဒုတိယတစ်ယောက်ကိုတော့ ဟောဒီ တုတ်နဲ့ချောင်းရိုက်ပစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့. . ရှင်းအောင်ပြော. . ဘာတုတ်လဲ'

'ဒီမှာလေ. . မတွေ့ဘူးလား'

မောင်မောင်ညီက သစ်ပင်အောက်မှာ တွေ့သည့် တုတ်တစ်ချောင်းကို လက်ညှိုးထိုးပြသည်။

'ငါ သိပြီ. . ဆက်မပြောနဲ့. . ငါ့ရည်းစား တတိယ တစ်ယောက်ကို မင်း ဖက်နမ်းမှာ မဟုတ်လား. . ဒီမယ်. . ငါ့သွားတွေကြည့်လိုက်'

မောင်မောင်ညီက ဟပြထားတဲ့ ပြေတီလူးပါးစပ်ပေါက်ထဲကို ချောင်းကြည့်ပြီး

'တွေ့သားပဲ. . . အပေါက်တွေချည်းပဲ. . . သွားဖာလိုက်ဦး'

'မင်း သွားဖာပါလား. . ဇော်ရေးမပါတာ. . သွား. . ငါ့နောက် ဆက်လိုက်မလာနဲ့'

ပြေတီလူးက ပိတ်ဟောက် ဟောက်ပစ်လိုက်တော့ မောင်မောင်ညီက မျက်နှာငယ်လေးဖြင့်

'ဒီနေ့ပဲနော်. . နောက်နေ့ကျရင်တော့ လိုက်မှာပဲ'

'ဒီအခြောက်နဲ့သာ ကြာကြာနေရင် ငါတော့ရူးမှာပဲ'

သူ့မှာ အလုပ်ကြီးအကိုင်ကြီး လုပ်စရာရှိသေးသည်။





ဒီအချိန်ဆို ကောင်မလေးတွေ ရေထဲဆင်းတဲ့အချိန်. . . မှန်ဘီလူးနဲ့ချောင်းရဦးမည်။

တကယ့်အချိန်ကောင်းမှာမှ ဒီအခြောက် လာနှောင့်ယှက်နေတာ. .

◆

မနက် ရှစ်နာရီခွဲနေပြီ။

နေကြာက နာရီတကြည့်ကြည့်လုပ်ကာ ဂနာမငြိမ်ဖြစ်နေသည်။

'မိုးစက်. . မောင်လေး. . ဒီမှာ ခဏထိုင်ပေးပါလားဟယ်'

'ကျွန်တော် မအားဘူး မမနေကြာ. . သွားစရာလေးရှိလို့ သာကီကို ထိုင်ခိုင်းလိုက်ပါလား'

'အေးလေ. . ဒီလိုပဲ လုပ်ရတော့မှာပေါ့'

သူတို့နှစ်ယောက်လုံး ထွက်ဖို့စိုင်းပြင်းနေချိန်တွင် ဦးလန်ချောက် ရောက်လာပြီး တာဝန်တွေခွဲပေးသွားသည်။

'မိုးစက်က ဒီနေ့အစည်းအဝေးသွားတက်ရမယ်. . နေကြာ ငါနဲ့လိုက်ခဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟာဗျာ. . ကျွန်တော် ဒီနေ့ချိန်းထားပြီးသား ဖြစ်နေပြီ ဗျ. . အစည်းအဝေးက ဘယ်အချိန်လဲ'

'ကိုးနာရီ'

'ဟာ. . သွားပါပြီဗျာ'

မိုးစက်က ထိုင်ခုံမှာ ခြေပစ်လက်ပစ်ထိုင်ပြီး ငြီးတွားလိုက်ခြင်း ဖြစ်သည်။ နေကြာလည်း မျက်နှာသိပ်မကောင်းလှ။

'သမီးရော. . အခုလိုက်ရမှာလားဟင်'

'အေး. . သွားရအောင်'

အိုး. . စိတ်ညစ်လိုက်တာ. . ရည်းစားလေးတစ်ယောက် ရခါနီးမှ ဒီအဖေက တစ်မျိုး။

သူလုပ်လို့ အဖြေ ဘယ်လိုပေးရမှန်း မသိတော့ဘူး။

ဥာဏ်ပြေးသော မိုးစက်က စမ်းရေအခန်းကို ဖုန်းဆက်သည်။ စမ်းရေက ဟန်းဒ်ဖုန်းကို ရန်ကုန်မှာပဲ ထားခဲ့တော့ သူမ အခန်းကိုသာ ဖုန်းဆက်ရသည်။

ဖုန်းက ဝင်ပေမယ့် ကိုင်မယ့်သူမရှိဖြစ်နေသည်။

'ဟာကွာ. . အပြင်ထွက်သွားပြီထင်တယ်'

အစည်းအဝေးက စတော့မယ်. . ခုချိန်မှမသွားရင် မီမယ် မထင်တော့ဘူး။





မိုးစက်လည်း အစည်းအဝေးတက်ဖို့ မီရာစက်ဘီး စီးပြီး ဟိုတယ်အတွင်းမှ အမြန်နှင်းပြီးထွက်ရသည်။

ဒီဟိုတယ်မှာ စီးစရာကားက ဦးလန်ချက်ရဲ့ ကားတစ်စီးပဲ ရှိတာ. . ဒီကားက သူ ယူသွားပြီ ဆိုတော့ စက်ဘီးပဲ စီးရတော့တာပေါ့။

မိုးစက်က ဟိုတယ်မှအထွက်တွင် တွေ့သမျှလူအားလုံးကို နှုတ်ဆက်သွားသည်။

ဒေါ်ပတ္တမြားကိုတွေ့တော့ -

'မေမေကြီး. . တာ့တာ'

'အေး. . အေး. . တာ့တာ. . ပြန်လာရင် မုန့်ဝယ်ခဲ့ သားရေ. .'

'ဟုတ်'

ဒေါ်ဖွာဖွာကိုတွေ့တော့လည်း

'မေမေလတ်ရေ. . ဘိုင့်'

ဖုန်းပြောနေတဲ့ ဒေါ်ဖွာဖွာက ပြန်ပြီးနှုတ်ဆက်သည်။

'ဘိုင့်. . မေလတ်အတွက် ချောကလက်ကွတ်ကီး ဝယ်ခဲ့နော်. . သား'

'ဟုတ်. .'



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်ကို ထပ်တွေ့သည်။

မိုးစက်က ပြောင်ချော်ချော်ဖြင့် သူ၏မွေးသမိခင်အား

'ဟဲလို. . မေမေလေး'

ဟု စသေးသည်။ ဤသို့ဤပုံခေါ်လျှင် သူ့အမေက အသေ စိတ်ဆိုးတတ်သည်။

ခုလည်း မျက်ထောင့်ကြီးချိုပြီး နှုတ်ခမ်းက ထော်လာပြီမို့

'ဆောရီး. . ဆောရီး. . ဒါက သားရဲ့မေမေအရင်း. . ဟဲ . . ဟဲ. . မေမေ ဘာစားဦးမလဲ'

'မစားတော့ပါဘူး သားရယ်. . ရင်ပြည့်နေလို့'

'ကောင်းပြီ. . ကောင်းပြီ'

ဒေါ်လေးလေးမူက သူ့သားကို ကိုရီးယားကားတွေထဲမှာ နှုတ်ဆက်သလို နှုတ်ဆက်လေသည်။

'သတိထားပြီးသွားနော်. . သား'

ဒီတစ်ခုတော့ မိုးစက် ကံကောင်းပါသည်။

သူများတွေဆို အမေတစ်ယောက်ပဲ ရှိတာ. . . သူ့မှာကတော့ အမေသုံးယောက်ကြီးများတောင်ရှိပြီး အားလုံးကလည်း သူ့ကို ချစ်ကြလေသည်။

◆



ကျောက်တောင်ကြီးကွယ်နေပေမယ့် သူမဂါဝန်လေးလွင့်နေတာ အတိုင်းသား မြင်နေရသည်မို့ ညီသုက ကျောက်ဆောင်အနားသို့ တိတ်တိတ်လေး ချဉ်းကပ်သွားသည်။

ပြီးတော့မှ သူကြိုတင်ကြံစည်လာသည့်အတိုင်း စာရွက်ပေါ်တွင် 'ချစ်လား' ဟုရေးပြီး ဟိုဘက်ကို ထိုးပေးလိုက်သည်။

စမ်းရေက စာရွက်ကိုကြည့်ပြီး ပြုံးချင်သွားသည်။ တတ်သည်း တတ်နိုင်တဲ့လူ. . ပါးစပ်က မေးတော့ ဘာဖြစ်မှာမို့လို့လဲ။

အော်တိုလာရေးခိုင်းရင် လက်မှတ်ထိုးပေးဖို့ ဆောင်ထားသည့် ဘောပင်လေးကို သူမစလင်းဘက်အိတ်ထဲမှ ထုတ်ပြီး 'ချစ်တယ်. . ချစ်တယ်. . ချစ်တယ်'ဟု ပြန်ရေးပေးလိုက်သည်။

အဖြေရပြီဆိုတော့ ညီသုတက ကျောက်ဆောင်နံဘေးကမှ ခုန်ထွက်ပြီး နေကြာကို အာဘွားပေးဖို့ ပြေးဖက်လိုက်စဉ်

ဆောင်းညပြာသို့စာပေ

www.burmeseclassic.com



'ဟင်. . ရှင်. . ရှင်. . ဘယ်သူလဲ'

'ဟာ. . မင်းသမီးပဲ နေကြာလည်း မဟုတ်ဘူး'

စမ်းရေက မတ်တတ် ထရပ်လိုက်ပြီး မိုးစက်ညိုကို ရှာသည်။ မတွေ့တော့ ဒေါသထွက်ပြီး -

'ခုန စာရွက်က ရှင်ပေးတာလား'

'ဟုတ်တယ်. . ဒါပေမယ့် ခင်ဗျားကိုပေးတာ မဟုတ်ဘူး'

'ဟုတ်ပါပြီ. . . ကျွန်မကလည်း ရှင့်ကို အဖြေပြန်ပေးတာ မဟုတ်ဘူး. . လူမှားလို့။ ရှင်ကလည်း နည်းနည်းပါးပါး ကြည့်ပြီးမှ ပေးပါလား ကိုယ့်လူ ဟုတ် မဟုတ်'

'ကျွန်တော် ကြည့်သားပဲဗျ. . ဂါဝန်လေးပဲ မြင်ရတာကိုး'

'ဂါဝန် မမြင်လို့ ရှင်က ဘာမြင်ချင်သေးလို့လဲ'

'ခင်ဗျားပဲ လူမှားလို့ အပြစ်တင်နေတာ မဟုတ်လား. . . ကျွန်တော်က ရှက်နေမှာစိုးလို့ လာမကြည့်တာ။ ဒါဆို. . အခုကောင်းပြီ နော်. . ခင်ဗျားကို ကျွန်တော် ရည်းစားစကား မပြောဘူး ကျွန်တော့်ကိုလည်း ခင်ဗျားက အဖြေမပေးဘူး. . ဒီနေရာက ခင်ဗျား ဖယ်ပေးသင့်ပြီ'

'အောင်မယ်. . ဘာလို့ ဖယ်ရမှာလဲ. . ငါ အဖြေပေးမယ့် သူကို ဒီနေရာမှာချိန်းထားတာ နင် တခြားနေရာသွားပါလား'

*အောင်းညာပြာသိုစာပေ*



'မသွားဘူးလား. . ရတယ်. . မင်းသမီးစမ်းရေကြည် ဒီမှာ ဖူးစာဖက်တွေ့ပြီ ဆိုပြီး သတင်းဖွလိုက်ရုံပဲ'

'ဖွ. . ကြိုက်သလောက် ဖွ. . ဒီနေရာက လုံးဝ မဖယ်နိုင်ဘူး။ သူလာတဲ့အထိ စောင့်မယ်'

ညီသုတက ကျောက်ဆောင်ပေါ်မှာ တက်ထိုင်လိုက်ပြီး

'ကျွန်တော်လည်း. . ကျွန်တော့်ကောင်မလေး မလာမချင်း စောင့်မယ်ဗျာ'

စမ်းရေ စိတ်ထဲမှာ အဲဒီအကောင်ကို ကျိန်ဆဲနေမိသည်။ အလိုက်ကမ်းဆိုးမသိတဲ့ အကောင်။ ဒီနားမှာ သူရှိနေရင် မိုးစက်ကို ဘယ်လိုအဖြေပေးရမှာလဲ။

ညီသုလည်း စမ်းရေကို အသေခုနေသည်။

စာနာစိတ်မရှိတဲ့မိန်းမ။ နေကြာ့ကို ဘယ်လို အာဘွားပေးရမလဲ။

အခြေအနေကောင်းရင် အကြင်နာတောင် ပေးမလို့ဥစ္စာ။

'မပြောမရှိနဲ့နော်။ ဟိုမှာ ကောင်မလေးတစ်အုပ်စု လာနေတယ်'

ညီသုစကား ကြားတော့ စမ်းရေက ထောင်ထားတဲ့ သူမ ဒူးခေါင်းပေါ် မျက်နှာကို မှောက်ချထားလိုက်သည်။

*အောင်းညာပြာသိုစာပေ*

www.burmeseclassic.com



ဗရုတ်ကျတဲ့ ကောင်မလေးတွေက ကျောက်ဆောင်ပေါ် မှာထိုင်နေတဲ့ ညီသုကို တွေ့ပြီး -

'ဟယ်. . ဟိုမှာ ရေသူထီးကြီး ထိုင်နေတယ်တော့'

'ရေသူထီးကို သေချာ သွားမကြည့်နဲ့နော် အောက်စလွတ် နေတယ်ဟဲ့'

သူတို့ပြောမှ ညီသုက သူ့ဟာသူ ငုံ့ကြည့်သည်။

ဘာမှလည်း မမြင်ရ။ ဒါပေမယ့် ဟုတ်ချင်ဟုတ်နေမှာ ပြီး ဟိုဖုံးဒီဖိက လုပ်ရသေးတာ။

သူ့ကိုကြည့်ပြီး စမ်းရေဆီမှ ရယ်သံထွက်လာသည်။

'အဟိ. . ခွိ. . ခွိ'

'ဩော်. . ခင်ဗျား ကျွန်တော့်ကို ရယ်တယ်ပေါ့လေ။ ဟော ဒီမှာ ရုပ်ရှင်မင်းသမီး စမ်းရေကြည် ထိုင်နေတယ်ဗျို့'

ညီသုက ဘာမပြော ညာမပြောနဲ့ ကောင်မလေးတွေကြား အောင် အော်လိုက်သည်။

ကောင်မလေးတွေ စမ်းရေအနား ပြေးလာကြသည်။

'ဟယ်. . ဟုတ်တယ်တော့ မမစမ်းရေက အရမ်းလှတာ'

'သမီးကို လက်မှတ်ထိုးပေးပါလား မမ'

'သမီးကိုလည်း ထိုးပေး'

*ဆောင်းညပြာသိစာပေ*



စမ်းရေအနားမှာ လူတွေ ဝိုင်းအုံလာသည်။

ဒီလူ တမင်သက်သက် ငါ့ကို ဒီနေရာကထွက်သွားအောင် လုပ်တာပဲ။

စမ်းရေက အပြုံးမပျက်ပင် ကောင်မလေးတွေကို လက် မှတ်ထိုးပေးရင်း တိုးတိုးလေး ကပ်ပြောသည်။

'သမီးတို့. . သတိထားနော်။ ဟိုရေသူထီးက စိတ်သိပ်မနှံ့ ဘူး။ ခုနကတောင် သူ့အိမ်ကလူတွေ ဆေးလာတိုက်သွားသေးတယ် မမလည်း သွားတော့မယ်နော်'

စမ်းရေက ပြောပြီး ထွက်လာခဲ့လိုက်သည်။ ညီသုတ ခမျာ တောင်မလေးတွေကို ရယ်ပြမိတော့

'ဟယ်. . အရူးက ရယ်ပြနေတယ်တော့'

ကောင်မလေးတစ်ယောက်က ညီသု ရယ်နေတဲ့ပုံကို ဖုန်း ဘင်မရာဖြင့် လာရိုက်သည်။ ဒါကို ဘာမှမသိတဲ့ညီသုက သူ့ပုံကို လာရိုက်တယ်ဆိုပြီး ပဲတွေ ပေးလိုက်သေးသည်။

မော်ဒယ်လ်ထိုင်သလို post အမျိုးမျိုးဖြင့် ဓာတ်ပုံအရိုက် ခံနေသည်။

'ကြည့်ရတာ ဒီအရူးက မော်ဒယ်ရူးနဲ့တူတယ်။ ရုပ်ကလေး သနားကမားနဲ့ နှမြောစရာကြီးဟယ်'

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



'လှလှလေး ပြုံးမယ်. . ဘီလူးပြုံးလေး။ ဟုတ်ပြီ. . နောက် တစ်ပုံက ငါးချူပြုံးလေး. . အဟီး. . ဒါလည်း ဟုတ်နေပြီ. . နောက် ဆုံးတစ်ပုံလောက် လဒမှိုင်လေး မှိုင်ပြပါဦး'

နေကြာက သူ့အဖေနဲ့ အပြင်က ပြန်လာပြီးပြီးချင်း ကျောက်ဆောင်အနားကို ပြေးလာခဲ့သည်။

ဒီရောက်တော့ ကောင်မလေးတွေတစ်ပြုံကြီးနဲ့ သူတို့ခိုင်း တိုင်းလိုက်လုပ်နေသောညီသုကိုတွေ့ပြီး အသည်းယားလာသည်။

ကြည့်ဦးလေ. . လဒမှိုင်ဆိုတော့ ထိုင်ပြီး မှိုင်ပြနေလိုက် တာ။ တကယ့်လင်းတကြီးကျနေတာပဲ။

ဒေါသထွက်ပြီး လာရာလမ်းအတိုင်း ပြန်လှည့်ဖို့ ပြင်စဉ် ညီသုက မြင်သွားပြီး ကျောက်ဆောင်ပေါ်မှ အူယားဖားယား ဆင်း ပြေးလာသည်။

'နေကြာ. . နေကြာ. . နေဦးလေ ကိုယ့်ကို စောင့်ဦးလေ'

သူ့ပုံစံကိုကြည့်ပြီး ကောင်မလေးတစ်ယောက်က ခေါင်း ခါကာ

'တကယ် သွက်သွက်ခါနေတာပဲ. . . ဒီလူက လက်စသတ် တော့ မယားတရှူးကိုး'

နေကြာက လှည့်မကြည့်ဘဲ အော်သည်။

ဆောင်းညပြာသီတာဝေ



'လူပြိန်း၊ အလေနတော၊ အလကားလူ၊ သူများ ပြောတိုင်း လိုက်လုပ်နေတယ်. . ရှင့်ကို သူတို့က ထမင်းကျွေးထားလို့လား'

'စိတ်မဆိုးပါနဲ့ ကြာလေးရယ် သူတို့ မြန်မြန်သွားအောင် လုပ်ပေးနေရတာပါ။ ဒီမှာ ကြည့်ပါဦးကွာ. . ကိုယ့်မှာ အားကြီး မာန်တက်နဲ့ နေပူကြီးထဲ စောင့်နေရတာ အသားတွေတောင် မည်း တူးနေပြီ'

'ရှင့်ကို ဘယ်သူက စောင့်ခိုင်းလို့လဲ။ မလာရင် ပြန်ပေါ့'

'ဟာ. . ပြန်ရင် ငတ်သွားမှာပေါ့'

'ဘာ. . ဒါ. . ဘာစကား ပြောတာလဲ. . ပါးကျိုးသွားမယ် စကားကိုကြည့်ပြော. . ဟွန်း'

ညီသုတ ခေါင်းထဲမှာ ကလိမ်ကကျစ်ဉာဏ်တွေ ပေါ်လာ သည်။

'ခုနကပဲ ရုပ်ရှင်မင်းသမီးစမ်းရေကြည်က ကိုယ့်ကို အမြဲ ပေးသွားတယ် ချစ်တယ်တဲ့'

နေကြာ မျက်လုံးလေးပြူးသွားသည်။

'ရှင်တို့ တကယ်ပဲ ရည်းစားတွေ ဖြစ်သွားပြီလား'

'ဘာလို့ဖြစ်ရမှာလဲ တစ်ခါတည်း ပိတ်ပြော ပြောပစ်လိုက် တာ. . ခင်ဗျား လူမှားနေပြီလို့'

ဆောင်းညပြာသီတာဝေ

www.burmeseclassic.com

www.burmeseclassic.com



'ဒီမိန်းမ. . ဘာကြောင်တာလဲ. . သူက မိုးစက်နဲ့လည်း သတင်းထွက်လို ထွက်. . အခု ရှင့်ကို တစ်ခါ ဇာတ်လမ်းလာဆင်ပြန်ပြီ'

ညီသု သိတာပေ့ါ။

စမ်းရေနဲ့လှည့်တိုက်ပေးလိုက်တော့ နေကြာ သူ့ကို သဝန်တိုနေပြီပဲ။

'ကိုယ်ချစ်တာ နေကြာလေ. . ကျန်တာ ဘာဇယားမှ မရှိဘူး။ ကိုယ်ပြန်ရဖို့ နောက်လေးရက်ပဲ လိုတော့တာ နေကြာရယ်. . မင်းအချစ်ကိုရဖို့ဆို သူတောင်းစားလိုပဲ အကောင်းစားပြီး တောင်းဆိုတောင်းပါ့မယ်ကွာ။ ဒီကမ်းစပ်မှာ အပူခံပြီး အလှူခံပါရစေနော် ကိုယ့်ကို နေကြာရဲ့အချစ်လေး စွန့်ကြဲသွားပါလို့'

'သွား. . ပေါက်တတ်ကရတွေ လာပြောနေတယ်'

'ကြည့်. . ကြည့်. . ရှက်လို့ ပြုံးတာလား၊ ချစ်လို့ ပြုံးတာလား. . ပြုံးတော့ ပြုံးနေတယ်။ ဟုတ်ပါတယ်. . ချစ်နေတာပါ'

ညီသုပုံစံက ပြုံးစစနဲ့လိုက်စနေတာ တကယ်ချစ်ဖို့ကောင်းသည်။

'ဟုတ်ပါတယ် ရှင့်ကို ချစ်ပါတယ် ကျေနပ်ပြီလား'

နေကြာက ဆောင့်အောင့်ပြီး အဖြေပေးလိုက်သည်။ ထပ်





မူပြီး အချိန်ဆွဲနေပြန်ရင်လည်း ဒီသောင်ယံမှာ ကျန်ရစ်ကြီး ဖြစ်တော့မှာလေ. .

'ကျေနပ်ပြီ။ ကျေနပ်တယ် ညီသုဆိုတဲ့ကောင်က ရည်းစားအသစ်စက်စက်လေးကို ဟောဒီလို'

သူ့နှာခေါင်းကြီးက နေကြာ့ပါးဆီ တဖြည်းဖြည်း တိုးကပ်လာပြီး

'အာဘွား'

ရွှတ်ကနဲ နမ်းပစ်လိုက်သည်။ (ဒါ သက်သက် အသားယူတာ။ ရည်းစားမဖြစ်ခင်ကတည်းက ကြိုတင်ကြံစည်ထားတာ)

နေကြာက ညီသုကို တွန်းပစ်လိုက်ပြီး

'သွား. . လူကို ကလေးမှတ်နေလား မသိပါဘူး'

'အာ ဟုတ်သားပဲ၊ ကလေးမှမဟုတ်တော့တာ ဒါဆို. . အူး'

အမယ်လေး. . ကြည့်ပါဦး။ နှုတ်ခမ်းကြီးနဲ့ကပ်လာပြန်ပြီ။

'ဒါ. . ဒါ. . ဘာလုပ်မလို့လဲ'

'အကြင်နာပေးမလို့လေ'

'ဘာ. . ဒီလောက် လူများနေတဲ့ကမ်းခြေမှာ. . အကြင်နာပေးရအောင် ရှင့်ကိုယ်ရှင် ဟောလီးဝုဒ်ရောက်နေတယ် ထင်လို့လား နေခဲ့. . ဒီမှာ ဆက်လိုက်မလာနဲ့နော်'



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ. . .

ခုပဲ. . ရည်းစား စ,ဖြစ်တယ်။ ခုပဲ စိတ်ကောက်ပြီး ထွက်သွားပြီ။

မရှိမကောင်း ရှိမကောင်းဆိုတာ ဒါမျိုးနေမှာပဲ။

◆

မိုးစက်ပြန်ရောက်တော့ ဆယ်နာရီ ခွဲနေပြီ။

ချိန်းထားတဲ့အချိန်ထက် တစ်နာရီခွဲ နောက်ကျနေပြီမို့. . စမ်းရေ စိတ်ကောက်ချင် ကောက်နေနိုင်သည်။

ဒီလိုအချိန်မျိုးမှာ ကိုယ်က ပါးရည်နပ်ရည်ရှိမှ အဖြေပြန်ရမှာ။

မိုးစက်က စားဖိုမှူးမေမေကြီးဆီ ဝင်ပြီး

'မေမေကြီးရေ. . ဒီမှာ ဘာပါလာလဲ ကြည့်စမ်း'

'ဟယ်. . ချီးကိတ်ကြီးတော် မေကြီးအကြိုက်. . ဟီး. . ဟီး'

'ဘယ့်နှယ် ချီးကိတ်ရမှာလဲ မေကြီးရယ်. . ချိစ်ကိတ် လုပ်စမ်းပါ. . ကျွန်တော့်သူငယ်ချင်း ရန်ကုန်ကပြန်လာလို့ လက်ဆောင်ပေးလိုက်တာ'





'အေးပါဟယ်. . သားပြောတဲ့ ကိတ်ပဲ ထားပါတော့'

'မေမေကြီး. . ကျောက်ပုစွန် တစ်ပွဲလောက် ချက်ပေးပါလား'

'ဘာလဲ. . အော်ဒါလား'

'ရှယ်နော်. . ကမာလည်း တစ်ပွဲချက်ပေး'

'အမယ်. . တယ်ဟုတ်ပါလား။ ဈေးကြီးလို့ မရောင်းရတဲ့ဟင်းတွေ. . ဒီနေ့ကျမှ ဈေးဦးပေါက်တော့တယ်'

'မြန်မြန်ချက်ပေးပါ မေမေကြီးရာ. . နောက်ကျရင် အဲဒီတစ်ယောက်က အရမ်း ကဂျီကဂျောင်နိုင်တာ၊ နောက်နာရီဝက်ဆိုပြန်လာယူမယ်နော်'

'အိုကေ. . ရစေရမယ်'

အချိန် မရှိတော့။ သူ့မှာ ဘားကောင်တာက ကောင်လေးဆီပြေးပြီး မျက်နှာချိုသွေးရပြန်သည်။

'ညီလေး အကောင်းစားဝိုင်တစ်ပုလင်းနဲ့ ခွက်နှစ်လုံးပေး. . ဂန္ထဝင်တွင်မယ့် ခွက်မျိုးပေးနော်'

'ဆရာ. . ဒီနေ့ သတ်ပုံမှားနေသလိုပဲနော်'

'ဘာမှားလို့လဲကွ. . ကဲပါ. . ပေးမှာဖြင့် မြန်မြန်ပေး'

ဒီဝိုင်က ဒီနေ့အတွက် အဓိပ္ပာယ်ရှိတဲ့ဝိုင် ဖြစ်လာမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူလိုချင်တာတွေ အားလုံး ပြည့်စုံပြီဆိုတော့မှ စမ်းရေဆီ ထွက်လာခဲ့သည်။

♦

စမ်းရေက အပွင့်ဆန်းဆန်းလေးတွေ ပါတဲ့ ကြိုးတစ်လုံးဂါဝန်လေးဝတ်ပြီး နေကာမျက်မှန်ကို ခေါင်းထက်မှာ ပင့်တင်ထားသည်။ ပုံစံကတော့ တကယ့်ကို ကမ်းခြေစတိုင်လ်အပြည့်။ အရမ်းအရမ်းကို လန်းနေတာ။

အခန်းရှေ့ကခုံပေါ်မှာထိုင်ပြီး စာအုပ်တစ်အုပ်ကို စိမ်ပြေနပြေ ဖတ်နေသည်။

ကြည့်ရတာ စိတ်ဆိုးနေတဲ့ပုံ မပေါ်ပါဘူး။ သူ့မအနားမှာ သူငယ်ချင်းတွေလည်း မတွေ့ရဘူး။

မိုးစက်က စမ်းရေကို အနောက်မှနေပြီး လက်နှစ်ဖက်ဖြင့် မျက်လုံးတွေကို ဖုံးလိုက်ကာ သူ့အသံကိုဖျက်ပြီး

'ကောင်မလေး. . . . အိမ်ထောင်မကျချင်ရင် ကမ်းစပ်ကို လိုက်ခဲ့'

ဟိုမမက ကြောက်ဖို့ဝေးစွ။ ပြန်ပြောတဲ့စကားက

'မလိုက်ဘူး။ ကျွန်မ အိမ်ထောင်ကျရင် ကျပစေ'

*ဆောင်းညပြာသို့စာပေ*



မိုးစက်က ချက်ချင်း စမ်းရေရှေ့ ရောက်လာပြီး

'တကယ်လား. . တကယ် အိမ်ထောင်ကျချင်နေတာလား ကိုယ့်ဘက်ကတော့ ရယ်ဒီပဲနော်'

'သွားပါ။ ရှင့်လို ကတိမတည်တဲ့လူကို ဘာမှ မက်လောက်စရာမရှိဘူး'

'ကိုယ်ဖုန်းဆက်ပါတယ်ကွာ. . စမ်းရေမှ မရှိတော့တာ. . ဟိုတယ်အတွက် အစည်းအဝေးသွားတက်ပေးနေရလို့. . ဒါတောင် ဆုံးအောင် မတက်ခဲ့ဘူး. . လက်ခုပ်တောင် မတီးဘဲ ပြန်ပြေးလာတာ။ စိတ်မဆိုးနဲ့နော်. . အခု ကိုယ်နဲ့ ခဏလေးလိုက်ခဲ့ပေးပါကွာ။ please စမ်းရေဘဝမှာ တစ်ခါမှမကြုံဖူးသေးတဲ့ အတွေ့အကြုံလေး တစ်ခုကို ခံစားစေချင်လို့ပါ'

'ကျွန်မက ရုပ်ရှင်မင်းသမီးဆိုတာ ရှင်မမေ့နဲ့လေ. . ကာ ရိုက်တာ အစုံလုပ်ဖူးတယ်။ ကျွန်မ မကြုံဖူးသေးတာ ဘာမှမရှိဘူး'

'ရော. . ခက်ပါလား ကလေးရယ်. . မင်း တကယ်မကြုံဖူး သေးတဲ့ ထူးခြားတဲ့အစီအစဉ်လေးပါကွာ။ ပြောနေကြာတယ်. . သိ ချင်သွားမယ်. . လာ'

မိုးစက်က စမ်းရေရဲ့ လက်တစ်ဖက်ကို အတင်းဆွဲခေါ်ပြီး ဆစေသည်။

*ဆောင်းညပြာသို့စာပေ*

www.burmeseclassic.com

www.burmeseclassic.com



'မကိုင်နဲ့. . ကျွန်မလက်ကို ကိုင်ရင် လျှော်ကြေးပေးရမှာ နော်. . တစ်ခါကိုင် တစ်သိန်းပဲ'

မိုးစက်က နောက်လက်တစ်ဖက်ကို ထပ်ကိုင်ပြီး

'ဒါဆို. . နှစ်သိန်းပေါ့ ဟုတ်လား'

'ဒါပေါ့'

'ဟုတ်ပြီ အကြွေးမှတ်ထား။ နောက်မှ ပေါင်းရှင်းပေးမယ်'

မိုးစက်က စမ်းရေလက်ကို ဆွဲပြီး ကမ်းစပ်နားအထိ ပြေး လာသည်။

ဖြူဖွေးနေတဲ့သဲတွေပေါ်မှာတော့ ရွက်ဖျင်တဲလေးတစ်လုံး ရှိနေသည်။

'ကဲ. . ကိုယ့်ရဲ့ မင်းသမီးလေး. . ရွက်ဖျက်တဲပေါ်မှာ. . အဲလေ. . အထဲမှာ စံမြန်းတော်မူပါ'

စမ်းရေမျက်နှာလေး ပြုံးပျော်လာသည်။

ရွက်ဖျင်တဲလေးထဲမှာ အစားအသောက်တွေနဲ့ ဝိုင် နှစ် ခွက်က သူမကိုဆီးကြိုနေသည်။ U.2အဖွဲ့မှBoNo ၏တေးသံလေး က ငြိမ့်ငြိမ့်လေးပျံ့လွင့်နေသည်။

အို. . . ကြည်နူးစရာကောင်းလိုက်တာ။

အပြာရောင် မိုးကောင်းကင်ရဲ့အောက်မှာ. .

ဆောင်းညပြာသိစာလေ



ပြာလွင်နေတဲ့ ပင်လယ်ပြင်ကြီးအနားမှာ. .

ဖြူဖွေးနေတဲ့ သဲမှုန်တွေပေါ်မှာ. .

ရွက်ဖျင်တဲလေးရဲ့ အထဲမှာ. .

ယောကျ်ားတစ်ယောက်ကို. .

ချစ်တယ်. . လို့ အဖြေပေးလိုက်ရမှာလား. .

'စမ်းရေ. . ကိုယ်တို့ ဝိုင်သောက်ကြမယ်နော်'

မိုးစက်နှင့်စမ်းရေ လက်ချင်းချိတ်လိုက်ပြီး ဝိုင်ခွက်ကိုပြိုင် တူ မော့လိုက်ကြသည်။

မင်္ဂလာပွဲတွေမှာ သတို့သားနဲ့သတို့သမီး သောက်တဲ့ပုံစံ မျိုးပေါ့။

ရင်ထဲမှာ နွေးသွားသည်။

သူနဲ့တစ်သားတည်း ပေါင်းစည်းသွားသလို ခံစားရသည်။

'ဒီထဲမှာ လုံခြုံသလိုပဲ ကိုယ့်အနားမှာ စမ်းရေကို တစ်သက် လုံး စောင့်ရှောက်သွားမှာပါ'

'ဘယ်လိုအဖြေမျိုး လိုချင်တာလဲဟင်'

'မေးစရာ လိုသေးလို့လားကွာ'

'ဒါပေါ့ ကိုယ့်အသက်သခင်ကျေးဇူးရှင်ဆိုတော့. . အခွင့် အရေးပေးရမှာပေါ့'

ဆောင်းညပြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com



မိုးစက်ညိုရဲ့မျက်ဝန်းညိုညိုကြီးတွေက နုဖပ်အိစက်နေတဲ့ စမ်းရေမျက်နှာလေးကို တပ်မက်ညို့ငင်စွာကြည့်ရင်း

'ပေးမယ်ဆိုလည်း အပြည့်အဝပဲ လိုချင်တယ်'

'တစ်သက်လုံး . . ရှင့်တစ်ယောက်တည်းအတွက်ပဲ စမ်းရေ . . ရှင့်ကို ချစ်ပါတယ်တဲ့ရှင်'

'အရမ်းအမိပ္ပာယ်ရှိသွားပြီကွာ။ ကိုယ်လိုချင်တဲ့ အဖြေကို ပေးတဲ့အတွက် စမ်းရေကို . .'

ပြောပြီး သူ့မျက်နှာက စမ်းရေအနားတိုးကပ်လာသည်။

'သွားပါ . . ဒါ ဘာလုပ်မလို့လဲ'

'ချမ်းချမ်းသီချင်းလေး သဘောကျလို့ပါ . . သိပ်ချစ်တယ် အရမ်းနမ်းမယ် . . တဲ့'

သူ့အားကြီးနဲ့ဆွဲလိုက်တော့ စမ်းရေကိုယ်လုံးလေး သူ့ရင်ခွင်ထဲပြိုဆင်းလာစဉ် မျက်နှာအနှံ့ စိတ်ရှိလက်ရှိနမ်းပစ်လိုက်သည်။

မွှေးလေစွ။

'လွှတ်ပါ . . မျက်နှာကို ထိရင် ငါးသိန်းနော်'

'ဒါဆို ခုနစ်သိန်း ရှိသွားပြီပေါ့ . . ဆယ်သိန်း ပြည့်အောင် ဘယ်နေရာ ထပ်ထိရင်ကောင်းမလဲ မသိဘူး'

'ပြောလေ ကဲလေပါလား ကိုမိုးစက်ရဲ့'

*အောင်ညပြာသိုစာပေ*



'အခေါ်အဝေါ်လေးတော့ ပြင်သင့်ပြီနော် . . မောင်လို့ . . ခေါ်ကြည့်ပါလား'

'ရှက်စရာကြီးကွာ မောင်ကလဲ'

'မရှက်ပါနဲ့ . . ဟာ . . ခုနက မောင်လို့ . . ခေါ်လိုက်တယ် ဆုတ်လား'

'ကြားတဲ့အတိုင်းပဲလေ'

'ဟား . . စမ်းရေက အရမ်းချစ်ဖို့ကောင်းတာပဲနော်'

ဂွမ်းဆီနဲ့နှမ်းဆီ၊ ပျံ့ဒူးနဲ့ဂန်ဒူး။ လေးယောက်သား ရွှက်ဖျင်ဆဲအပြင်ဘက်မှာ ကုန်းပြီးချောင်းနေကြသည်။

လေးမြှာပူးအလား ခေါင်းလေးလုံး ဆိုင်ပြီး ကောင်းခန်းချောက်နေကြသည်။

မိုးစက်က ကျောက်ပုစွန်ကြီးတစ်ကောင်ကိုအခွံခွာပြီး စမ်းရေတို့ ခွံ့ကျွေးသည်။

'အာ . . ဟ . . ကောင်းလား'

'ဂလု' (နှမ်းဆီထံမှ တံတွေးမျိုချသံ)

ကျောက်ပုစွန်ကြိုက်တဲ့ ပျံ့ဒူးက မအောင့်နိုင်တော့ဘဲ

'ဟော့ကောင် . . ခေါင်းတွေ မလှုပ်ပစ်နဲ့ ငါဖို့ ချန်ထားနော်'

ဂန်ဒူးကပါ -

*အောင်ညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



'ငါ့လည်း တစ်ကောင်ကျွေး'

ဘယ်ကမ္ဘာကတည်းက ငေါ်ကြီးကျနေသလဲ မသိ။

'သာသနာဖျက်တွေ. . အလုပ် မရှိလို့ အားအားယားယား လာချောင်းနေကြတာလား'

မိုးစက်က ထွက်ကောတော့ ငွမ်းဆီက မခံ။

'အမယ်. . ငါတို့ကျပြောလို့. . မင်းက မန်နေဂျာ။ ရှုပ်ချင် ရှုပ်. . မင်းပဲ ရှုပ်ရမှာ။ မယုံရင် သွားကြည့်. . ဟိုမှာ ကွိုင်တက်နေ ပြီ. . မိန်းမအတွင်းပစ္စည်းတွေ ပျောက်လို့တဲ့. . မင်းကို လိုက်ရှာနေ ကြတယ်'

'ရှာ ရှာပေါ့။ အဲဒါတွေ ကျွန်တော်မှ မဝတ်တာ မယုံရင် လာကြည့်လို့'

'မင်း မန်နေဂျာပဲ။ မင်း ဖြေရှင်းပေးရမှာပေါ့'

ပျံ့ဒူးက ပြောတော့ မိုးစက်က

'ဒီနေ့ တစ်ယောက်သောညေ့သည်အတွက် မန်နေဂျာခွင့် ယူထားတယ်လို့ ပြောလိုက်. . သွား. . အကုန်သွား. . ဒီနားမှာလာ မရှုပ်နဲ့'

ဒါတောင်မှ ဂန်ဒူးက ဖြစ်အောင်ပြောသွားသေးသည်။

'မန်နေဂျာကြီး ရွက်ဖျင်တဲထဲမှာ ကိုရီးယားကား ရိုက်နေ





တယ်ဗျို့. . အဟိ. . အကြွင်နာပေးခန်း ရောက်ခါနီးမှ ပွဲက ပျက် သွားသေးတယ်'

'ဒီအခြောက်တော့ ခွက်နဲ့ပစ်လိုက်ရ'

မိုးစက်ရဲ့ကြိမ်းမောင်းသံကြောင့် ဂန်ဒူးမှာ လုံးနေအောင် ပြေးသွားတော့သည်။

'မောင်တို့ဝန်ထမ်းတွေက ပျော်တတ်တယ်နော်'

'ဒီမှာ ဝန်ထမ်းမရှိဘူး စမ်းရေရဲ့. . မောင်တို့ အားလုံးက ဒီဟိုတယ်ပိုင်ရှင်ရဲ့သားသမီးတွေပဲ။ တစ်ခုတော့ရှိတယ်နော် အမေ တွေတော့ မတူကြဘူး'

မိုးစက် ရှင်းပြတော့ စမ်းရေက ပါးစပ်လေး အဟောင်း သားဖြင့် 'ဒီလိုအဖြစ်မျိုး တကယ်ရှိလို့လား'ဟု ပြန်မေးလေသည်။

'ဒီဟိုတယ်နာမည်ကိုက ဘူဇွာလေ. . အဖေလည်း ဒီလိုလူ စားပဲ. . သူ့အတွက်ပဲ သူကြည့်တာ။ သူ့လုပ်ရပ်တွေကို ကြိုက်တာ လည်း ရှိ မကြိုက်တာလည်းရှိပေမယ့် အဖေဖြစ်နေတော့ မောင်တို့ မှာ ရွေးချယ်ခွင့်မရှိဘူးလေ။မောင်ကတော့ ပျော်အောင်နေဖို့ ဆုံး ဖြတ်ပြီး သားသမီးဝတ္တရားမပျက်အောင် ကြိုးစားပြီးနေတာပဲလေ'

သူ့လက်တစ်ဖက်ကို စမ်းရေရဲ့လက်လေးတစ်ဖက်နဲ့ လာ ရောက်ဆုပ်ကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'မောင့်စိတ်ဓာတ်ကိုတော့ လေးစားသွားပြီကွာ. . စမ်းရေ ရွေးချယ်လိုက်တဲ့ မောင်က စိတ်ကောင်းနှလုံးကောင်းရှိပြီး စမ်းရေရဲ့အသက်သခင်ကျေးဇူးရှင်ပါ'

'ဒါဆို. . တစ်သက်လုံး အိမ်ဦးခန်းမှာထားမှာလားဟင်'

'ဒါပေါ့. . ထားမှာပေါ့'

'ဒါပေမယ့် စမ်းရေက နောက်သုံးရက် နေပြီးရင် ပြန်သွားတော့မှာ မောင်တစ်ယောက်တည်း လွမ်းကျန်ခဲ့ရမှာ. . နေဝင်ချိန်ဆို ဘယ်လောက်ထိလွမ်းလိုက်မလဲကွာ။ မောင့်ကို မသနားဘူးလား စမ်းရေ'

မျက်နှာငယ်လေးနဲ့ တကယ့်ကို ကြေကွဲဆို့နစ်စွာ ပြောနေသော မိုးစက်ကို စမ်းရေက နှစ်သိမ့်ပေးသည့်အနေဖြင့် သူမပခုံးပေါ် သူ့ခေါင်းကို မှီစေသည်။

'မောင်က ယောကျ်ားမှဟုတ်ဘူးလား'

'ဘာလို့ ဒီစကား ပြောတာလဲ. . ယောကျ်ားမှ ယောကျ်ားအစစ်။ သက်သေပြရဦးမလား၊ ယောက်ခမ်းတောင်မလိုဘူးသိလား'

'ခစ်. . ခစ်. . (ရယ်သံ)တော်ပြီ. . ဟုတ်တယ်ဆိုရင် ပြီးတာပဲ. . စမ်းရေ ပြောတာက ချစ်ရင် လိုက်ရဲရမှာပေါ့ကွယ်။ ဟုတ်ဖူးလား'

*ဆောင်းညပြာသိစာပေ*



'ခိုးရာလိုက်ရမှာပေါ့. . . ဒီလိုလားဟင်။ ဒါဆို. . မောင် အထုပ်ပြင်ထားလိုက်တော့မယ်နော်. . အရေးအကြီးဆုံးဟာ မေ့လို့ မဖြစ်ဘူး'

'ဘာလဲ. . မှတ်ပုံတင်လား'

'မဟုတ်ဘူး. . အတွင်းခံဘောင်းဘီ'

'သွား ဒီက အကောင်းမှတ်လို့'

ချစ်စ ခင်စမို့ ကြည်နူးစရာအချိန်လေးတွေ ကုန်ဆုံးသွားမှာ တကယ်ကြောက်မိပါသည်။

◆

ပြေတီလူး တစ်ယောက် နေကြာ့အနား ကပ်ခွင့်မရသည့်အတွက် အရက်နာရော အချစ်နာပါ ကျနေသည်။ အရက်မူးပြီး အခန်းထဲမှ အပြင်သို့ မထွက်နိုင်။

ဒါကိုသိသွားသောပြာပြာက ဆတ်စလူးထပြီးအခန်းထဲဝင်တာ စပ်စုသည်။ အကြံအစည်တစ်ခုခုတော့ သူမမှာရှိပြီးသားပင်။

လူမှန်းသူမှန်း မသိအောင် မူးနေသော သူက ပြာပြာကို အထီးမှန်းအမမှန်းပင် မသိ။

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



အထီးအမ မသိမှတော့ နေကြာလား ပြာပြာလား ဆိုတာ ဘယ်သူ သိမှာလဲ။ ပြာပြာက သူ့နံဘေးမှာ လာထိုင်တော့ သူက လှမ်းမေးသည်။

'နေကြာလေးလား'

ဟိုကလည်း လူလည်မလေ။ ဘူးတစ်လုံးခံလိုက်လျှင် တစ်သက်လုံး ဆင်းရဲသွားမှာဆိုတော့ သူက 'အင်း'လိုက်လိုက်တာပေါ့။

'ဟုတ်တယ်'

ပြေတီလူးက အာလေးလျှာလေးသံကြီးဖြင့်

'မင်း ရက်စက်တယ်ကွာ နေ့ဘက်ကျတော့ ငါ့ကို အကစ်တောင် မခံဘဲနဲ့ ညကျမှ ငါ့ကို အလှည့်ပေးတာ ဘာသဘောလဲ'

ပြောပုံကိုက ရိုက်ပေါက်။

ပြာပြာက မျက်စောင်းတစ်ချက် ပိတ်ထိုးလိုက်ပြီး -

'ဒါကတော့ ကျွန်မလည်း ညကျမှ အားတာကိုး'

'အခု . . အားနေတယ်ပေါ့။ ဒါဆို . . ငါ့ကိုနှိပ်ပေး'

သေနာကျကြီး အရေးထဲမှာနှိပ်ခိုင်းနေသေးတယ်။

ပြာပြာက ဆောင့်ဆောင့်အောင့်အောင့်ဖြင့် နှိပ်ပေးလျှင်

'ခြေသလုံး လာမထိနဲ့။ ငါ ယားတယ် အထက်နည်းနည်းရွှေ့ . . ဟုတ်ပြီ . . ရွှေ့ဦး . . နည်းနည်းထပ်ရွှေ့ . . အိုခေ ရပြီ'





မရရင်လည်း ပေါင်ရင်းပဲ ရောက်နေပြီ။ သူ့ပုံက ဇိမ်ခံပြီး ပြန်နှပ်တော့မည့်ပုံမို့

'ကိုကိုပြေ'

'ဘယ်တူ့ကို ခေါ်တာလဲဟင်'

မေးပုံကိုက မျက်လုံးကြီးက စင်းလို့

'ရှင့်ကို ခေါ်တာလေ ကျွန်မကို တကယ် လက်ထပ်ယူမှာလား'

'ဟော့ . . ဒီမှာ မှတ်ထား။ တို့က ရတဲ့ လူပဲ အပျော်ကြံတာ မရတဲ့လူဆို အတည်ယူပစ်လိုက်မယ် . . သိလား'

'ဩော် . . ဟုတ်ကဲ့ မှတ်သားလောက်စရာပါပဲ . . ဒါနဲ့ရှင် ပြန်ရင် ကျွန်မ ဘယ်လိုလုပ်ရမလဲ'

'အပန်းမကြီးပါဘူးကွာ။ တစ်ခါတည်းခေါ်သွားမယ်လေ'

ပြာပြာမှာ ထခုန်မိမတတ် ဝမ်းသာသွားသည်။

'ဒါဆို . . ကျွန်မ အထုပ်ပြင်ထားတော့မယ်နော်'

'ပြင် . . ပြင် . . ပြင်ထား'

ပြောပြီး ပြေတီလူး အိပ်ပျော်သွားသည်။

ဟောက်သံတွေက မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခွီး . . ခလော . . ခလော . . ဂွီး'

ပြာပြာက သူ့ငွေးကို လင်တော်ချင်လို့သာ . . နို့မို့ဆို ဒီလို လူမျိုးနဲ့ တစ်သက်လုံး တစ်ကုတင်ထဲမှာ အတူမအိပ်နိုင်ပါ။

ဒီလောက် အဟောက်သန်တာ။

ပြာပြာ အချက်ပြလိုက်လျှင် ဒေါ်ဖွာဖွာက ဘန်ဂလိုနား ပြေးကပ်လာပြီး -

'ဘယ်လိုလဲ . . သမီး အိုခေလား'

'သူက သမီးကို ပြန်ရင်ခေါ်သွားမယ် . . တဲ့ အဟီး'

'ဟဲ့ . . ခေါ်သွားတာက အရေးမကြီးဘူး . . ဟိုရောက်မှ နင့်ကို အိမ်ဖော်လုပ်ခိုင်းရင် ဘယ်လိုလုပ်မလဲ'

'မာမီကလည်း . . ပီအောင် ကိုင်ရမှာပေါ့'

'ဘာလဲ . . ဘာကို ကိုင်မှာလဲ . . သမီးရေ . . ကိုယ်တော့ အပါခံလို့မဖြစ်ဘူးနော်'

'ဟာ . . ဒါကိုပြောတာမဟုတ်ဘူး။ ခဏနေ ကာရာအိုကေ ဆိုပြီး သူတပည့် ပြန်လာတော့မှာ . . မာမီက လူကြီးတွေသွားခေါ် ပြီး သမီးကို ဒီမှာလာရှာပေါ့ . . ဒါဆို သူ ငြင်းလို့မရတော့ဘူးလေ'

'အေး . . အဲဒီအကြံကောင်းတယ် . . ငါ နင့်အဖေကိုခေါ် လာခဲ့မယ်'





သူတို့စီစဉ်ထားသည့်အတိုင်းပင် ဖိုးခွေးပြန်လာချိန်တွင် ပြာပြာက အိပ်ပျော်နေသော ခြေတီလူးနံဘေးမှာ ဖျတ်ဆို၀င်အိပ် လိုက်ပြီး၊ တစ်ဖြုန်စ်ဖြု ငိုနေလိုက်သည်။

မိန်းမငိုသံ ကြားလို့ . . ဖိုးခွေးက မီးခလုတ်ကို ဖွင့်ကြည့် လိုက်လျှင်

'ဟင် ခင်ဗျားက ဒီကို ဘယ်လိုလုပ်ပြီးရောက်နေတာတုန်း'

'ဒီမှာလေ . . မတွေ့ဘူးလား။ အမြည်းလာပို့တာ ရှင့်ဆရာ က လူမှန်းသူမှန်း သိတာ မဟုတ်ဘူး . . ကျွန်မကို ကျောရစ်ခဲ့ ကြံ သွားတာ'

'ကျောကိုတော့ ကြံမယ်မထင်ပါဘူး . . ခင်ဗျား မှားနေပြီ ထင်တယ်'

'အရေးထဲ ရှင်ကလည်း တစ်မျောင့် . . ဒီကိစ္စကို ဘယ်လို တာဝန်ယူမှာလဲ'

'ခင်ဗျာ . . ဒါ . . ဒါက ဒီလိုရှိတယ်ဗျ . . သူ့မှာ သူချစ်တဲ့ သူရှိနေလို့ . . ကျွန်တော် တာဝန်ယူပေးရင်ရော ရလား'

'ဒီမယ် . . ရှင့်ကို သမဆိုင်က ဆန်လို ခွဲတမ်းချခိုင်းနေတာ မဟုတ်ဘူး . . ကိုယ်စားတဲ့ပန်းကန် ကိုယ်ဆေးရမှာပေါ့'

'ဩော် . . ဒီလိုကြီးလား'



www.burmeseclassic.com

www.burmeseclassic.com



ပြာပြာက ဖိုးခွေးကို လက်ညှိုးငေါက်ငေါက်ထိုးကာ

'နောက်ဆို ရှင့်ဆရာကတော် ဖြစ်တော့မှာ. . ခုက စပြီး ကျွန်မကို ရိုရိုသေသေဆက်ဆံစမ်း'

'ဟုတ်ကဲ့. . ဟုတ်ကဲ့'

ဖိုးခွေးက ရိုရိုသေသေဖြေပြန်တော့လည်း

'လာရွဲ့နေတာလား. . ခေါက်ထည့်လိုက်ရ. . ဘု ဆယ်လုံး တက်သွားဦးမယ်'

ဤသို့ဤနှယ် ဩဇာပြနေစဉ် ဒေါ်ဖွာဖွာနှင့်ဦးလန်ချက်တို့ အခန်းထဲသို့ရောက်လာကြသည်။

'သမီး. . ဒီမှာ ဘာလုပ်နေတာလဲ'

ဦးလန်ချက်မေးတော့မှ ခုနက ငေါက်ငမ်းနေသောပြာပြာက ပြုံကနဲ ငိုချလိုက်ပြီး

'သူ. . သူ. . သမီးကို မဟားတရားကြံတယ် ပါပါး. . ဟီး . . ဟီး'

ချက်ဆို ဦးလန်ချက်နားခွက်က မီးတောက်ပြီးသား. .

ဒီကောင်. . သူ့သမီးရဲ့ပိုက်ဘောကို မိသွားပြီ။ နဖားကြိုး အထိုးခံလိုက်ရပြီ။ ဒီဇာတ်မှာ သူလည်း ပါဝင် ကပြရတော့မည်မို့ . . မျက်နှာထားကို တင်းထားပြီး





'ဟုတ်လား သမီး. . ငါ့ဟိုတယ်မှာ မတရားတာ မရှိစေရဘူး. . အားလုံး တရားသဖြင့်ပဲ ဖြစ်စေရမယ်။ ဒီကောင့်ကို အခုနှိုးလိုက်စမ်း'

'နေ. . နေပါစေ ပါပါးရယ်။ သူ မောပြီးအိပ်ပျော်နေတာ'

'ဟေ. . ဘာမောတာလဲ'

'ဩော်. . မှားကုန်ပါပြီ. . မူးနေတယ်လို့ပြောတာ၊ ဟိုမှာ သူ့တပည့်တစ်ယောက်လုံး သက်သေရှိတယ်'

ပြာပြာက ဖိုးခွေးဘက်သို့လှည့်ပေးလိုက်လျှင်

'မင်းက သူ့တပည့်လား. . ဒါဆို မင်းဆရာကို ပြောထားလိုက်စမ်း. . မနက်ဖြန် တရားရုံးမှာ လက်မှတ်လိုက်ထိုးဖို့ပြင်ထားလို့. .'

'ဟုတ်. . ဟုတ်ကဲ့. .'

အဟီး. . ဆရာတော့ ပွပြီ။

မထင်မှတ်ဘဲ ဟိုတယ်ပိုင်ရှင်သမီးနဲ့ရတော့မယ်. . ဘယ်အချိန်ကများ ကြံစည်လိုက်သလဲမသိပါဘူး။

ဒီလိုမှန်းသိရင် ကာရာအိုကေသွားမဆိုပါဘူး။

◆



www.burmeseclassic.com

www.burmeseclassic.com

မိတ်ကပ်မောင်မောင်ညိုတစ်ယောက် ကမ်းစပ်မှာထိုင်ပြီး နှပ်ပစ်နေသည်။ (ငိုပြီးထွက်လာတဲ့နှပ်ချေးတွေ နီးရာနေရာသို့ ပစ်နေခြင်း ဖြစ်သည်။) သူ့အနားသို့ ဂန်ဒူး ရောက်လာပြီး နှုတ်သိမ့်သည်။

'ဟဲ့ကောင်မ. . ငိုမနေပါနဲ့ဟယ်. . ငါတို့ မိန်းမလျှာတွေ သိက္ခာကျတယ်. . နင့်ကို မချစ်လို့. . ဟိုကောင်မနဲ့ လက်ထပ်သွားပြီပဲ'

'အသည်းနာလို့ဟော့. . အသည်းနာလို့. . ငါ့ကို ကြင်နာသလိုနဲ့ အထာတွေပေး. . မျှော်လင့်ချက်တွေ ပေးပြီး ငါ့အသည်းကို အစိမ်းခြွေခြွေသွားတဲ့ကောင်. . ဒင်းကို တစ်သက်မကြေဘူး. . ဟီး . . ရှုတ်. .'

'ဟဲ့. . ဟဲ့. . ဖြည်းဖြည်းလုပ်စမ်းပါဟဲ့. . နင့်နှပ်ချေးတွေ ငါ့လာစင်ပါဦးမယ်'

*ဆောင်းညဖြာ သီတာလေ*



မောင်မောင်ညိုက ဂန်ဒူးလက်ကိုဆွဲပြီး

'ထိုင်ပါဦးဟယ်. . နင်နဲ့ငါက ဘဝတူတွေဆိုတော့. . ငါ့ခံစားချက်ကို နင်ပဲ နားလည်နိုင်မယ်. . ငါ့မှာ တစ်လ တစ်လ သိန်းချီပြီးဝင်နေတဲ့ ရန်ကုန်က ငါ့အလုပ်တွေကို ပစ်ပြီး ဒီမှာဖူးစာလာရှာတာ. . ခုတော့ ပြန်ပဲ ပြန်ရတော့မယ်. . ဘယ်တစ်ယောက်နဲ့မှ အဆင်မပြေသေးဘူး. . အဲဒါ ဘယ်လိုလုပ်ရမလဲ'

'နေပါဦးဟယ်. . ကြားထဲမှာ နှစ်ရက် ကျန်သေးတာပဲ. . ငါ ကြံပါဦးမယ်. . နောက်ဆုံး ဘယ်သူနဲ့မှ အဆင်မပြေရင်. . ဟိုကောင်ရှိတယ်. . နင် ဘာမှပူမနေနဲ့'

'ဘယ်ကောင်လဲဟင်'

'အလုပ်မရှိ လက်ကြောမတင်းတဲ့ ငါ့အစ်ကို ၁၀၉/၁၁၀ တို့ပြောတာ. . ဒါပေမယ့် ဒါက ကိစ္စမရှိဘူးမဟုတ်လား၊ နင် ပြန်အမ်းမှာပဲဟာနော်'

ဂန်ဒူးက အစ်ကိုနဲ့ မျှားပြီး သူ့ဘက်ပါအောင် ဆွယ်နေသည်။

'နင့်အစ်ကိုက မဆိုးဘူးဟဲ့။ဗလတောင့်တောင့်နဲ့ယောကျ်ားဒီဝိသသကြီး. . ဟီး. . ဟီး'

ခုပဲငို၊ ခုပဲ ရယ်နဲ့ ရှူးနေပြီလား မသိဘူး။

*ဆောင်းညဖြာ သီတာလေ*

www.burmeseclassic.com

www.burmeseclassic.com



'အေးပါ . . နင် သဘောကျရင်ပြီးရော . . နင် ရန်ကုန်ပြန်ရင် ငါတို့နှစ်ယောက်လိုက်ခဲ့မယ်နော်။ ငါ့ကို နင့်လိုမျိုး 'မိတ်ကပ်ဂန်ဒူး'ဖြစ်အောင် သင်ပေးပါဟယ်နော် . . လိုက်ခဲ့မယ်နော်'

မောင်မောင်ညီက ခေါင်းကိုမော့၊ ရင်လေးကော့၊ မရှိတဲ့တင်ကို ပင့်၍ပြောပုံက -

'နင်က ငါ့ညီမလေးလုပ်၊ နင့်အစ်ကိုက ငါ့လင်လုပ်၊ ရှယ်ပဲ . . ရှယ်ပဲ'

♦

ဦးမြင့်မောင်တင့်ခေါင်တစ်ယောက် နွယ်သာကီ လှည့်ကွက်ထဲမှာ ပက်လက်ကြီး မျောနေပြီ။

သူ့ကို လက်ထပ်ပါ့မယ်ဆိုလို့ ပါလာသည့် ငွေတွေအားလုံး (သိန်းနှစ်ဆယ်) ပုံပေးပြီးမှ ပေါ်မလာတော့။

သူ့မှာသာ စမောလေးနဲ့အဆင်မပြေဖြစ်၊ ရန်တွေ ဖြစ်ပြီး ဘာဟန်းနီးမှမမွန်းရသေးပါ။

နောက်တစ်ယောက်ကို သွားမွှန်မိတာကိုး။

နွယ်သာကီက ညီသုတတို့အုပ်စုမှ F4ကားထဲက နီကြောင်





ကြောင်ဆံပင်နဲ့ကောင်လေးလို လန်းသော မောင်မောင်နဲ့ မျက်လုံးချင်း မကြာခဏလုတ်တိုက်ရာမှ ဇာတ်လမ်းတွေဖြစ်ပြီး ကမ်းစပ်မှာ ညဖက်ကြီး ချိန်းတွေ့နေကြသည်။

'ကိုကို'

'ဗျာ . . ဗျ'

'သာကီ့ကို ထားခဲ့မှာလားဟင်'

'ဒီလောက် ချစ်စရာကောင်းတဲ့ ကောင်မလေးကို ဘာလို့ထားခဲ့ရမှာလဲကွာ'

'ဒါဆို ခေါ်သွားမှာပေါ့'

'ဒါပေါ့'

'အထုပ်အပိုးပြင်ထားတော့မယ်နော် . . အဲဒါကြောင့် ကိုကို့ကိုချစ်တာ'

'xxxx'

'အာဘွား . . . လာထား'

'xxxx'

မိုးမမြင် လေမမြင် ကဲနေပေမယ့် ကြယ်တွေ လတွေကတော့ သူတို့ကို မြင်နေပါသည်။

♦



www.burmeseclassic.com

www.burmeseclassic.com

အန်တီမမများအဖွဲ့ဝင်ဒေါ်သီတာကြည်ဖေက ခုတလော ဂွမ်းဆီကို မျက်စိကျနေသည်။

အကြောင်းမရှိ အကြောင်းရှာပြီး ခေါ်တတ်သည်။

ဒီတစ်ခါခေါ်တဲ့အကြောင်းအရာက -

'အနီလေးပါကွယ်. . size ကလည်း XXL ပဲ. . သိတယ် မဟုတ်လား. . သေချာရှာပါ မောင်လေးရယ်. . မတွေ့ရင် ဒီနေ့မမ ဘာဝတ်ရမလဲ မသိတော့ပါဘူး'

သူ့ဘရာစီယာ ရှာခိုင်းနေတာ. .

သူ့မလဲ ပြန်ဖို့ရက် နီးလာတော့. . အကြံကုန် ဂဠုန်ဆား ချက်. . တွေ့ရာလူ ဆွဲစိမည့်ပုံပဲ။

'ကျွန်တော်လည်း ရှာနေတာပဲဗျာ. . တွေ့မှမတွေ့တာ. . နေဦး. . အန်တီ. . အဲ. . မမ. . ကျွန်တော် အကြံရပြီ. . မတွေ့တဲ့





အဆုံးတော့ ဝတ်မနေနဲ့တော့ဗျာ. . နိုင်ငံခြားကားတွေထဲက ဘိုမ တွေလို နေလိုက်ပေါ့'

'ဟင့်အင်း. . ရှက်စရာကြီး။ မောင်လေးကလည်း အလာ ကြီးပဲ. . ဟင်း. . ဟင်း'

ဒီတစ်ခါတော့ သူ့ဟင်း. . ဟင်း. . အသံကြီးကို ဂွမ်းဆီ ကျောမချမ်းနိုင်တော့. .

မိန်းမမာယာက သဲကိုးဖြာပဲရှိတာ. . ယောကျ်ားမာယာက သဲကိုးတင်းမကတာ သူတို့မှမသိဘဲ. .

ရေလျှံနေတဲ့ သူဌေးမဆို ရုပ်ရှိနေစရာမလိုပါဘူး။

'မမ. . မမကို ကျွန်တော်ချစ်တယ်'

ဆိုင်းမဆင့်ဗုံမဆင့်ပြောချလိုက်တဲ့ ရည်းစားစကားကြောင့် ဒေါ်သီတာ သူ့ရင်ဘတ်သူ လက်နဲ့ဖိပြီး ရှော့ရသွားသည်။

ဒီလိုစကားမျိုး မျှော်လင့်တောင့်တခဲ့တာ ဘယ်နှနှစ်ကြာ နေပြီလဲ။

'မမပြန်ရင် ကျွန်တော် လိုက်ခဲ့မယ်နော်'

ဘယ်ရမလဲ. . ဂွမ်းဆီပဲ ဥစ္စာ. . ထဘီနား ခိုစားတယ်လို့ အပြောမခံနိုင်ပါဘူး။

အပြောခံစရာအကြောင်းလည်း မရှိဘူးလေ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီတာကြည်ဖေက ဘောင်းဘီတွေပဲဝတ်တာကိုး။

'တကယ်နော်. . တကယ်ခေါ်သွားမှာ'

'ကျွန်တော့်ညီလေးပါ ခေါ်ခဲ့မယ်နော်. . . ဟိုမှာ. . သူ့ကို တောက်တိုမယ်ရ ခိုင်းရတာပေါ့'

ဒေါ်သီတာလည်း သူ့အိမ်မှာ ဒရိုင်ဘာလိုနေတာ သတိရပြီး -

'သူ ကားမောင်းတတ်လား'

'မောင်းတတ်တာပေါ့. . မောင်းတတ်တာမှ ကျွမ်းကျွမ်းကျင်ကျင်ကိုမောင်းတတ်တာ။ သူ တစ်ခါမောင်း တစ်ခါတိုက်ပဲ'

'မင်းဟာက ဖြစ်ပါ့မလားကွယ်. . ရန်ကုန်မှာ ကားက ရှုပ်ရှုပ်နဲ့'

'ကျွန်တော့်ညီလေးကို. . သက်သက်သာသာပဲ ခိုင်းပါ မမရယ်. . သူက ထမင်းဟင်းတော့ အချက်ကျွမ်းပါတယ်'

'အင်းပါ. . အင်းပါ. . မောင်လေး စိတ်ချမ်းသာရင် ပြီးတာပါပဲ'

'ဟေး. . . ဒါမှ တို့မမကွ'

ဂွမ်းဆီက ဒေါ်သီတာကို ဝမ်းသာအားရဆွဲဖက်ပစ်လိုက်သည်။





သူ့အိပ်မက်ထဲက မြို့တော်ရန်ကုန်ကို အခက်အခဲမရှိ ခြေချခွင့်ရတော့မည်လေ. .

ဒီမှာ တစ်လ ငါးသောင်းရဖို့အရေး ခြေတိုပြီး လျှာထွက်အောင် လုပ်နေရတာ. .

အခုတော့ ဂွမ်းဆီတို့ သူဌေးကတော်ဖြစ်ပြီ. . အဲလေ. . သူဌေးမလင် ဖြစ်ပြီ။

◆



www.burmeseclassic.com

www.burmeseclassic.com

ဦးလန်ချက်က အရေးပေါ်အစည်းအဝေးခေါ်ပြန်သည်၊ ဒီတစ်ခါတော့ ခေါက်ဆွဲကြော်တစ်ပွဲစီနှင့် Coke တစ်ဘူးစီ ကျွေးမွေးပြီးမှ အစည်းအဝေးစလေသည်။

'အရမ်းအရေးကြီးတဲ့စကား ပြောစရာရှိလို့ အားလုံး သေသေချာချာနားထောင်ကြပါ။ အခုရှိနေတဲ့မိသားစုအင်အားနဲ့ ဒီတိုက်ကြီးနဲ့ဆို မနိုင်မနင်းတွေဖြစ်နေတာ ဟုတ်လားမဟုတ်ဘူးလား'

အားလုံးကလည်း လူခေါင်းမယ်ထင်ပြီး ဝိုင်းထောက်ခံကြသည်။

'ဟုတ်ပါတယ်'

'အေး.. ဒါကြောင့် လူအင်အားလိုနေတယ်၊ ငါတို့ အင်ပါယာ ပိုပြီးကျယ်ပြန့်အောင် ထပ်ချဲ့ဖို့လိုနေပြီ'

ဆောင်းညပြာသိုစာပေ



ဦးလန်ချက်ရဲ့မယားသုံးယောက် မျက်လုံးကြီးတွေ ပြူးလာကြသည်။

သူတို့တုန်းကလည်း ဒီလိုပဲ အင်အားချဲ့ခဲ့တာလေ။ ဦးလန်ချက်က စကားဆက်သည်။

'အဲဒါကြောင့် နောက်မိန်းမတစ်ယောက် ထပ်ယူဖို့ဆုံးဖြတ်လိုက်ပြီ.. သူ့နာမည်က ဒေါ်မာလာမဥ္ဇူတဲ့'

ဦးလန်ချက်စကားဆုံးတော့ ဂန့်ဒူးဆီမှ ရယ်သံကြီးစ,ထွက်လာသည်။

'သွားပြီ.. ပါပါး ဒီတစ်ခါတော့ အင်မိသွားပြီ.. အင်ပါယာ ထပ်ချဲ့လို့မရတော့ဘူး.. သွေးဆုံးနေပြီ.. ဟီး.. ဟီး..'

သူပြောတော့မှ သားသမီးတွေအားလုံး ဝိုင်းရယ်ကြသည်။

ဦးလန်ချက်ရဲ့ မိန်းမ သုံးယောက်မှာ တိုင်ပင်မထားဘဲ ခေါင်းသုံးလုံး ပူးသွားကြသည်။

ဦးလန်ချက်က ရှက်ရှက်ဖြင့် -

'ဒါပဲ.. အစည်းအဝေးပြီးပြီ'

ဟု ပြောပြီး အခန်းပြင်သို့ထွက်သွားသည်။

◆

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ဆယ်ရက်ပြည့်တဲ့နေ့

ဧည့်သည်တွေ ဒီနေ့ပြန်ကြတော့မည်။

ဒေါ်မာလာတစ်ယောက်သာ ဦးလန်ချက်ရဲ့ဇနီးဘဝကိုခံယူရင်း ကမ်းခြေမှာကျန်ရစ်ခဲ့မည်ဖြစ်သည်။

ဦးလန်ချက်အမြင်မှာတော့ ပြန်ခါနီး လူအားလုံးလန်းဆန်းတက်ကြွနေကြသည်။

ဟိုတယ်ပိုင်ရှင်မို့လား မသိ။ သူ့ကိုလည်း ဒီနေ့ကျမှ လေးလေးစားစားဆက်ဆံပြီး လာနှုတ်ဆက်နေကြသည်။

ပြေတီလူးကဆို

'အန်ကယ်. . အဲလေ. . ယောက္ခမကြီး ရန်ကုန် လာလည်ဦးနော်'





ဟိုကောင်လေးတွေအဖွဲ့ကဆို ပိုဆိုးသေး. .

ညီသုက

'အန်ကယ်. . နောက်မှ ဆွေပြမျိုးပြလာမယ်နော်'

'အေး. . အေး. . မင်းမိန်းမပါ ခေါ်ခဲ့ဦးကွာ'

သူ့သမီးပါမှာ သူ မသိသေး။

တစ်ခါ မောင်မောင်ကလည်း -

'အန်ကယ်. . ခေါ်သွားပြီနော်'

'ဟေ. . ဘယ်သူ့ကိုခေါ်သွားမှာတုန်း'

'မဟုတ်ပါဘူး. . သွားတော့မယ်လို့ နှုတ်ဆက်တာ'

'မင်း တော်တော်နောက်တတ်တာပဲကွ'

ဂွမ်းဆီနဲ့ နှမ်းဆီ၊ ပျံ့ဒူးနဲ့ ဂန်ဒူးက ဧည့်သည်ပစ္စည်းတွေ ဝိုင်းသယ်ပေးနေကြသည်။

ကောင်တာမှာ နေကြာကိုမတွေ့တော့ ဦးလန်ချက်က မိုးစက်ကို မေးသည်။

'နေကြာ မတွေ့ပါလား'

'Toilet ခဏသွားတယ် ပါပါး'

မိုးစက်က ညာပေးလိုက်ရသည်။ စမ်းရေက သူ့ကို မျက်နှိပ်ပြနေပြီမို့ သူလည်း အဖေ့ကို ပ,ထုတ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ပါပါးရဲ့နံပါတ်လေးက ခဏလာခဲ့ဦးတဲ့'

'ဟေ. . . ဟုတ်လား. . နေ့ခင်းကြောင်တောင်ကြီး ခေါ်တယ်'

သူလိုရာ သူဆွဲတွေးပြီး ပျော်ပျော်ကြီးထွက်သွားလေသည်။

မိုးစက်က ကားပေါ်ပြေးတက်စဉ် ကားဆရာက

'လူစုံပြီလား. . ကျွန်တော့် အထင်တော့. . လူတွေ ပိုနေသလိုပဲ'

ကားဆရာပြောလည်း ပြောစရာပဲလေ. .

ဒေါ်မာလာတစ်ယောက်ပဲ ကျန်ခဲ့ပြီး ဒီဟိုတယ်က ရှစ်ယောက်ပိုလာတဲ့ဟာ။

ထိုင်စရာမရှိလို့ သူ့ပေါင် ကိုယ်ထိုင်၊ ကိုယ့်ပေါင် သူထိုင်နဲ့ ချစ်နေလိုက်ကြတာ. .

မိုးစက်က -

'ကားထွက်လို့ ရပြီဗျို့'

ကားက ဘူဇွာဟိုတယ်အတွင်းမှထွက်လာခဲ့ချေပြီ။

ပျံ့ဒူးက သတိတရဖြင့် -

'ဟာ - ကားထဲမှာ ဦးလန်ချက်သားသမီးတွေ ရှစ်ယောက်တောင် ပါလာတာပဲ. . ဖက်တီးလေးပဲ ကျန်ခဲ့တော့တယ်'





ဒီလိုပြောအပြီးမှာပဲ အသံလေးတစ်သံ ကားအနောက်မှ ထွက်လာခဲ့သည်။

'ဖက်တီး ဒီမှာပါလာတယ်. . ဟဲ. . ဟဲ. . ဒီလိုထားခဲ့လို့ ဘယ်ရမလဲ. . ဘုရားဖူးသွားတာ သားလည်း လိုက်မှာပေါ့'

'ဟိုက်. . လိုက်လာပြီဟ. . သေရော'

ပျံ့ဒူးက ဖက်တီးကိုတွေ့ပြီး သူ့နဖူးသူ လက်နှင့်ရိုက်ကာ အော်လေသည်။ ဦးလန်ချက်သာ ဒီအဖြစ်အပျက်တွေကိုသိရင် သူ့သားသမီးတွေ မရှိတော့ရင် သူ့ဟိုတယ်ကို ပိတ်ပစ်မလား၊ တစ်ခါမှ မခေါ်ဖူးတဲ့ ဝန်ထမ်းအသစ်တွေများ ခေါ်လေမလား. . .

သေချာတာကတော့ ကားပေါ်မှာပါလာတဲ့လူတွေအားလုံး အချစ်နဲ့တွေ့တဲ့သူတွေရော၊ စပွန်ဆာတွေ့တဲ့သူတွေပါ ပျော်နေကြသည်။

ကျွန်မရဲ့ပရိသတ်အားလုံးကို ပျော်စေချင်တဲ့ဆန္ဒဖြင့်. . .

မူပိုင်နှင်းဆီ

10:40 P.M

17th, November



www.burmeseclassic.com